# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **အနှစ်ရှိသော တရားကိုရနိုင်**
>
> အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။
>
> **ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ၂၀၁၉ ခုနှစ်၊ ဇွန် ၁၄ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၂၅၇)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

## မြန်မာ-အီးယူအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိုင်ယာလန်နိုင်ငံ ယခင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ် Mr. Eamon Gilmore အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်ရေးအတွက် အီးယူမှ အကူအညီပေးရေး၊ လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများတွင် အီးယူမှ ဆက်လက်ကူညီပံ့ပိုးရေး၊ မြန်မာ-အီးယူအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး စသည့်ကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး Mr. Kristian Schmidt နှင့် အီးယူကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိုင်ယာလန်နိုင်ငံ ယခင်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ် Mr. Eamon Gilmore အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အိန္ဒိယနိုင်ငံအစိုးရမှ လယ်ထွန်စက် ၁၅ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၅ စီး၊ ကွန်ပျူတာ အလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်**

စာ ➤ ၉

**တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း နော်ဝေနိုင်ငံသို့ ရောက်ရှိ**

စာ ➤ ၁၄




# အဂတိလိုက်စားမှု၏ နောက်ဆက်တွဲ ပြဿနာများ

အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူများဖြင့် မတရားမှုပြုခြင်းတို့ကို ယခုအခါ ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါသည်။ အဂတိနှင့် လာဘ်ပေး လာဘ်ယူပြဿနာသည် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးလိုလို ကြုံတွေ့နေရသည့် ပြဿနာကြီးဖြစ်ပါသည်။

အဂတိက သာမန် ဥပဒေချိုးဖောက်သည်မျှမကပါ။ မြန်မာနိုင်ငံအတွက် မည်မျှထိခိုက်ရသည်ကိုလည်းကောင်း၊ ပြည်သူလူထုတို့၏ ဘဝများကို မည်မျှလောက် ထိခိုက်နစ်နာသွားရသည် ဆိုခြင်းကိုလည်းကောင်း သတိပြုသင့်လှပါသည်။

အဂတိသမားများ၏ မသမာမှုသည် နောက်ဆက်တွဲအဖြစ် မည်မျှလောက် အကုသိုလ်ကြီးမားကာ နိုင်ငံနှင့် ပြည်သူလူထုကို မည်မျှလောက် နစ်နာစေသည်ဆိုခြင်းကို အလေးအနက်ထားရမည့် အခြေအနေဖြစ်ပါသည်။ သတင်းများပေါ်ထွက်နေသည့် လူဝင်မှုကြီးကြပ်ရေးက လာဘ်ငွေယူကာ နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားလက်မှတ်ထုတ်ပေးသည့် ကိစ္စမျိုး၊ အဖြူရောင်ကတ်ပြားများ ထုတ်ပေးသည့် ကိစ္စမျိုးဆိုလျှင် နိုင်ငံတကာနယ်ပယ်အထိ ရှင်းမနိုင်လင်းမရ ဖြစ်လောက်အောင် အခြေအနေများ ရှုပ်ထွေးသွားခဲ့သည်မှာ အထင်အရှားပါပင်။

အဂတိမကင်းသော ဆောင်ရွက်မှုများဖြင့် တရားစီရင်ရေးတွင် မမှန်မကန် ပြုလုပ်ခြင်းဖြင့် ပြည်သူတို့ တရားစီရင်ရေးကို ပြက်ရယ်ပြုခြင်း၊ တရားရေးမဏ္ဍိုင်ကို ယုံကြည်မှုနည်းပါးခြင်းတို့ ဖြစ်ပေါ်စေခြင်းတို့သည် ဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်တစ်ခုလုံးကို အကြီးအကျယ် ထိခိုက်စေသော နစ်နာမှုများပါပင်။

လာဘ်ယူပြီး ယာဉ်စည်းကမ်းကို ကျကျနန နားမလည်၊ ကားကို စနစ်တကျ မမောင်းတတ်သူကို ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းဖြင့် ယာဉ်တိုက်မှုများ၊ လူသေဆုံးရမှုများမှာ နိုင်ငံနှင့် ပြည်သူတို့အတွက် မည်မျှလောက် နစ်နာခဲ့ရပြီနည်း။

အစားအသောက်နှင့် ဆေးဝါးများကို ကျကျနန မစစ်ဆေးဘဲ အဂတိဖြင့် စံမီလက်မှတ်ထုတ်ပေးခြင်းမျိုး၊ ဆေးဝါးအတုများ အစွမ်းမထက်မြက်သော ဆေးဝါးတို့ကို တင်သွင်းခြင်း၊ ရောင်းချခြင်း ပြုလုပ်မည်ဆိုပါက စားသုံးသူ ပြည်သူတို့အတွက် မည်မျှလောက် ထိခိုက်နစ်နာမည် ဆိုတာကို အလေးဂရုပြု စိစစ်သင့်ပြီ မဟုတ်ပါလော။

လာဘ်ပေး လာဘ်ယူနည်းဖြင့် မှောင်ခိုလမ်းက ပြည်ပနိုင်ငံသို့ ခိုးထုတ်သစ်များ၊ ခိုးထုတ်တိရစ္ဆာန်များကြောင့် တိုင်းပြည်မှာ မည်မျှလောက် နစ်နာဆုံးရှုံးမှုများ ဖြစ်ခဲ့ရပြီးပြီနည်း။

လာဘ်ပေးလာဘ်ယူနည်းဖြင့် ခိုးဝင်လာသော မူးယစ်ဆေးဝါးမျိုးစုံတို့ကြောင့် မိမိတို့နိုင်ငံက လူငယ်လေးများ မည်မျှလောက် ပျက်စီးဆုံးရှုံးခဲ့ရပြီနည်း။ မူးယစ်ဆေးဝါးလူငယ်များ၏ မိသားစုဝင်များ မည်မျှလောက် ခံစားနေကြရပြီနည်း။

ဆောက်လုပ်ခွင့် ပေးရန်မသင့်သော အဆောက်အအုံများကို အဂတိဖြင့် ဆောက်လုပ်ခွင့်ပေးခဲ့ခြင်းကြောင့် နေသူများအတွက်ရော၊ ပတ်ဝန်းကျင်အတွက်ရော၊ မြို့ပြအနာဂတ်အတွက်ပါ မည်မျှလောက်ထိခိုက်နစ်နာမှုများ ရှိနေပြီနည်း။

ဤသည်တို့က အချို့သော ဥပမာများသာဖြစ်ပါသည်။

အခွန်အခ တစ်ိုးတစိမှမရဘဲ နိုင်ငံတွင်းမှ သယံဇာတများ ပြည်ပနိုင်ငံများသို့ ရောက်ရှိကာ နစ်နာရသည်များ၊ လမ်းမများပေါ်က စည်းကမ်းမလိုက်နာ၍၊ လမ်းကြောမသိ၍၊ ကျင်လည်စွာ မမောင်းတတ်၍ ဖြစ်ပွားခဲ့ရသော ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခဲ့ရသော ဒဏ်ရာအနာတရဖြစ်ခဲ့ရသောသူများ၊ ကိုယ့်ငွေဖြင့် ကိုယ်စားသောက်သုံးစွဲရင်း အတုအယောင် အစားအသောက်များ၊ အတုအယောင်ဆေးဝါးများကြောင့် ဘေးဥပဒ်ဖြစ်ခဲ့ သေဆုံးခဲ့ရသူများ၊ မတော်တဆမှုများ၊ မီးဘေးများကြောင့် မဖြစ်သင့်ဘဲ ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများ၊ မူးယစ်ဆေးဝါးနွံထဲနစ်ရင်း၊ ဒုစရိုက်လောကထဲ ဆင်းသက်ရရင်း ကွယ်လွန်ခဲ့ရ၊ ပျက်စီးခဲ့ရသော နိုင်ငံသားများ အစရှိသည့် ရေတွက်မကုန်နိုင်သော နစ်နာဆုံးရှုံးရမှုများ၏ ရင်းမြစ်ထဲတွင် အဂတိနှင့် လာဘ်ပေးလာဘ်ယူမှုတို့က မည်မျှလောက် နေရာယူထားသည်ကို သိသာနိုင်ပါသည်။

လာဘ်ပေး လာဘ်ယူမှုဆိုသည်က နိုင်ငံတိုးတက်ရေးသာမက နိုင်ငံသားများ၏ ဘဝများ၊ လုံခြုံအေးချမ်းရေးမှုများနှင့်ပါ တိုက်ရိုက်ဆက်စပ် ပတ်သက်နေသည်ဖြစ်သောကြောင့် အဂတိလျော့ပါး ကင်းစင်ရေးကို အထူးအလေးအနက်ထားကာ ဆက်လက်အားထုတ်ဆောင်ရွက်နေကြရန် အလေးအနက်ပြု ထောက်ခံအားပေးလိုက်ရပါကြောင်း။ ။



ကမ္ဘာ့သွေးလှူရှင်များနေ့

၂၀၁၉ ခုနှစ် ၊ ဇွန်လ (၁၄) ရက်နေ့

"Safe Blood for All"

"သန့်စင်သောသွေး လူသားအားလုံးရရှိရေး"

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည်

**နေပြည်တော် ဇွန် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပခဲ့သည့် " ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ " ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ Pan Pacific Hotel ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လူမော်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ဇွန် ၁၁ ရက်က ကမ္ဘာ့ဘဏ်၏ The World Bank Environment and Natural Resources Program မှ Regional Manager, Mr. Christophe Crepin နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံစဉ် ရေငန်ငါးလုပ်ငန်းစီမံခန့်ခွဲမှုအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဒိန်းမတ်နိုင်ငံ၊ နိုင်ငံတကာအပင်နှင့် အကောင်များထိန်းသိမ်းရေးအဖွဲ့၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရေချိုငါးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးရေးတို့အတွက် FAO, GIZ ဒိန်းမတ်နိုင်ငံ၊ ရေနေသက်ရှိအရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာဗဟိုဌာန World Fish တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ကမ္ဘာ့ဘဏ်မှ စတင်မိတ်ဆက်ခဲ့သော မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်တွင် ငါးကဏ္ဍဆိုင်ရာတွေ့ရှိချက်၊ အရေးကြီးသော အကြံပြုချက်၊ မြန်မာနိုင်ငံပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရှင်းလင်းချပြနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံ၏ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## UNFPA ၏ စတုတ္ထအကြိမ် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် ၂၀၁၈ - ၂၀၂၂ ဆိုင်ရာ သဘောတူညီမှုစာလွှာလက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA) တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် UNFPA ၏ စတုတ္ထအကြိမ် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၂၂)နှင့်စပ်လျဉ်းသည့် သဘောတူညီမှုစာလွှာ (LoA) ကို မြန်မာနိုင်ငံအစိုးရကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်နှင့် UNFPA ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ UNFPA Representative,Mr. Ramanathan Balakrishnan တို့သည် ယမန်နေ့က နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးသည်။ **(အောက်ပုံ)**

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ UNFPAနှင့်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် UNFPA တို့မှ တာဝန်ရှိသူများ တက်ရောက်သည်။

UNFPA ၏ စတုတ္ထအကြိမ် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၂၂) ကို သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးရေးဆွဲထားခြင်းဖြစ်ပြီး UNFPA ၏ ပုံမှန်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်း၊ အခြားရန်ပုံငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၂၀ ဖြင့် မျိုးဆက်ပွားကျန်းမာရေး၊ ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေး၊ လူဦးရေဆိုင်ရာကဏ္ဍများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။




UNFPA အနေဖြင့် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ်များအား ယခင်ကလည်းဆောင်ရွက်ခဲ့ရာ ပထမအကြိမ် ၂၀၀၂-၂၀၀၆ ကို အမေရိကန်ဒေါ်လာ ၁၆ သန်း၊ ဒုတိယအကြိမ် ၂၀၀၇-၂၀၁၁ ကို အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၂ သန်း၊ တတိယအကြိမ် ၂၀၁၂-၂၀၁၇ ကို အမေရိကန် ဒေါ်လာ ၃၇ ဒသမ ၅ သန်းဖြင့် မျိုးဆက်ပွားကျန်းမာရေး၊ ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီး ကဏ္ဍမြှင့်တင်ရေး၊ လူဦးရေဆိုင်ရာကဏ္ဍများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၁/၂၀၁၉) ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၁/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁)မှ အခန်း(၁၅)အထိနှင့် နောက်ဆက်တွဲ ဇယား- ၁ မှ ဇယား- ၅ တို့ အပေါ်တွင် လေ့လာသုံးသပ်၍ ပူးပေါင်းကော်မတီသို့ တင်ပြခဲ့သည့် ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ဖြည့်စွက်ရန်နှင့် မူလအတိုင်းထားရှိရန် အဆိုပြုတင်ပြချက်များကို အပြီးသတ် စုစည်းဆောင်ရွက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၁/၂၀၁၉) ကျင်းပစဉ်။
သတင်းစဉ်

# တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး နေပြည်တော်အတွင်း လေ့လာ

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Dionisio da Costa Babo Soares ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာ ကြည့်ရှုသည်။

ရှေးဦးစွာ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အဖွဲ့သည် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဥပ္ပါတသန္တိ စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကာ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူငွေများပေးအပ်လှူဒါန်းသည်။



**လက်မှတ်ရေးထိုး**

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်၍ ကျောက်မျက်ပြခန်းဆောင်နှင့် ကျောက်မျက်ရတနာဈေးတို့တွင် ပြသထားသော မြန်မာနိုင်ငံထွက် အဖိုးတန် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတများကို ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ညပိုင်းတွင် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း မူဆယ်ခရိုင် စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**မူဆယ် ဇွန် ၁၃**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ယနေ့ နံနက် ၈ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိ ခရိုင်/ မြို့နယ် စာရင်းစစ်ရုံးများမှ အမှုထမ်းအရာထမ်းများအား မူဆယ်ခရိုင် စာရင်းစစ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းလမ်းညွှန် အမှာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စနစ်တကျ လိုက်နာဆောင်ရွက်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက မူဆယ်ခရိုင်အတွင်းရှိ ခရိုင်/မြို့နယ် စာရင်းစစ်ရုံးများမှ အမှုထမ်း အရာထမ်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ကောင်းမွန်စေရန် လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ရန်၊ နိုင်ငံတော်ကို အပြုသဘောဆောင်သော ခံယူချက်ဖြင့် အခြေပြုလုပ်ကိုင်ဆောင်ရွက်ရန်နှင့် ရုံးလုပ်ငန်းများအား စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားပြီး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက ရုံးလုပ်ငန်းပိုင်းဆိုင်ရာများအား မှာကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိ ခရိုင်/မြို့နယ် စာရင်းစစ်ရုံးများမှ မြို့နယ်ဦးစီးမှူးများက မိမိတို့၏ သက်ဆိုင်ရာ မြို့နယ်အလိုက် ရုံးလိုအပ်ချက်များ၊ ဆောင်ရွက်နေမှု ရုံးလုပ်ငန်းပိုင်းဆိုင်ရာများနှင့် ဒေသအတွင်း အခက်အခဲများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးတို့က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပထမအကြိမ် ဘင်းမ်စတက် အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဘင်းမ်စတက် အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဒုတိယဝန်ကြီး ဦးလှကျော် ဘင်းမ်စတက် အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က အဖွင့်အမှာစကားပြောကြားပြီး အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များကိုလည်းကောင်း၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အကြိုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ၊ ကြိုဆိုရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာများ၊ သံတမန်ရေးရာလုပ်ငန်းများ၊ ဧည့်ခံရေးဆိုင်ရာများ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးကြသည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation – BIMSTEC) ဘင်းမ်စတက်၌ လယ်ယာကဏ္ဍတွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသော မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပထမအကြိမ် စိုက်ပျိုးရေးအဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ Hilton Nay Pyi Taw Hotel ၌ ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၁၃

**"ကိုယ်စိတ်ကျန်းမာလူငယ်ဘဝ၊ အနာဂတ်တောက်ပနိုင်ငံ့အလှ" ခေါင်းစဉ်ဖြင့် ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဒုတိယနေ့အစီအစဉ်ကို ယနေ့ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဒုတိယနေ့တွင် နိဂုံးချုပ်အမှာစကား ပြောကြားစဉ်။

နံနက်ပိုင်းအစီအစဉ်တွင် ကဏ္ဍအလိုက် ဆွေးနွေးပွဲကိုကျင်းပကြရာ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားနိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများတွင် ဂိမ်းအလွန်အကျွံ စွဲလမ်းမှုပပျောက်ရေး ခေါင်းစဉ်ဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ပညာရှင်များက ကဏ္ဍအလိုက် အလှည့်ကျ တင်ပြဆွေးနွေးကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။ ယင်းနောက် နှီးနှောဖလှယ်ပွဲတက်ရောက်လာကြသူများက တင်ပြဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ နေ့လယ်ပိုင်းအစီအစဉ်တွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့က ဦးစီးဌာနများအလိုက် ဆွေးနွေးတင်ပြကြပြီး နှီးနှောဖလှယ်ပွဲတက်ရောက်လာကြသူများက တင်ပြဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲပိတ်ပွဲကို ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားသည်။

အလားတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နှီးနှောဖလှယ်ပွဲတွင် ပညာရှင်များ၊ ဆရာ ဆရာမများသာမက ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားမိဘများကပါ ပါဝင်မေးမြန်းဆွေးနွေးမှုများနှင့် အကြံပြုချက်များသည် အထူးကောင်းမွန်အဆင့်မြင့်မားပြီး အဆိုပါအချက်များသည် မဟာဗျူဟာ၊ လမ်းပြမြေပုံနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာသုခများ ရရှိနိုင်မည့်အပြင် လူမှုဆက်ဆံရေးရာများတွင်လည်း များစွာအကျိုးရှိနိုင်မည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုယ်တိုင်အကျိုးရှိမည့် ကိစ္စရပ်ဖြစ်သည့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်တက်ကြွစွာရှေ့ဆောင်ပါဝင် ဆောင်ရွက်နိုင်စေရေးအတွက် လုပ်ငန်းများ စတင်ဆောင်ရွက်သည့်ကာလတွင် လက်တွဲခေါ်ယူ ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၁၃**

မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**



ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ အမှတ်(၂၁၀၁)မှ (၃၁၀၈) အထိ ကျောက်စိမ်း အတွဲပေါင်း ၁၀၀၈ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ၉၇၅ တွဲကို ငွေကျပ် ၂၀၅၇ ဒသမ ၇၃၄ သန်းဖြင့် ရောင်းချနိုင်ခဲ့သည်။

အဆိုပါပြပွဲကို ဇွန် ၈ ရက်တွင် စတင်ကျင်းပခဲ့ပြီး ဇွန် ၁၀ ရက်တွင် ကျောက်မျက်အတွဲ ၂၆၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်မျက်အတွဲ ၄၉ တွဲကို ငွေကျပ် ၃၆၂ ဒသမ ၀၉၉ သန်းဖြင့် လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၁ မှ ၁၀၅၀ အထိ အတွဲပေါင်း ၁၀၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၁၀၃၈ တွဲကို ငွေကျပ် ၁၈၀၀၀ ဒသမ ၁၆၅ သန်းဖြင့် လည်းကောင်း၊ ဇွန် ၁၂ရက်တွင် ကျောက်စိမ်းအတွဲ အမှတ်(၁၀၅၁)မှ (၂၁၀၀) အထိ အတွဲပေါင်း ၁၀၅၀တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၉၉၈ တွဲကို ငွေကျပ် ၂၁၆၇၁ ဒသမ ၉၇၉ သန်းဖြင့် လည်းကောင်း ရောင်းချနိုင်ခဲ့သည်။

ယနေ့အထိ ကျောက်မျက်အတွဲ စုစုပေါင်း ၄၉ တွဲနှင့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၃၀၁၁ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောင်မြင်စွာရောင်းချနိုင်ခဲ့ပြီး ညနေပိုင်းတွင် မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသည့် ကျောက်မျက်ရတနာပြပွဲကို ပြည်တွင်းကုန်သည်ငယ်များ ကုန်ကြမ်းရရှိရန်နှင့် လုပ်ငန်းရှင်များ ဝင်ငွေရရှိရန်အတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြပွဲတွင် ပုတီး၊ လက်ကောက်များ ပြုလုပ်နိုင်ရန်တွက် အရွယ်အစားနှင့် အမျိုးအစားစုံလင်သည့် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်း- မော်စီ၊ ဓာတ်ပုံ- ထိန်နန်နော်**

# (၁၀)ကြိမ်မြောက် မဲခေါင်စာပေဆုပြိုင်ပွဲအတွက် စာအုပ်များဖိတ်ခေါ်

**ရန်ကုန် ဇွန် ၁၃**

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့် (၁၀) ကြိမ်မြောက် မဲခေါင်စာပေဆုပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်လိုသော စာအုပ်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

ပြိုင်ပွဲဝင် စာမူရှင်သည် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာပေါင်းချုပ် အမျိုးအစားများတွင် ဘာသာရပ်တစ်မျိုးမျိုး၌သာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်းက အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်ဖြစ်ရမည် ဖြစ်သည့်အပြင် ပြိုင်ပွဲဝင်စာအုပ်သည် "စာပေက မွေးဖွားပေးသော ရင်းနှီးချစ်ကြည်သွေးစည်းမှု"အတွက် ဦးတည်ရည်ရွယ်ချက်ဖြင့် ရေးသားပြုစုထုတ်ဝေခဲ့သည့်စာအုပ်မျိုး ဖြစ်ရမည်ဖြစ်သည်။

ပြိုင်ပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ စာရေးဆရာ အသင်းရုံး၊ အမှတ်(၁၇၃/၁၇၅)(၇လွှာ)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်းနံပါတ် ၀၁-၂၅၂၄၁၇၊ ၀၁ ၃၈၅၂၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို ရယူဖြည့်စွက်က သတ်မှတ်ဝင်ကြေးနှင့်အတူ ဩဂုတ် ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးသို့ ပေးပို့တင်သွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပူတာအိုတွင် ရွှေလျှားစာကြည့်တိုက်စာအုပ်စာစောင်များ လှည့်လည်ငှားရမ်း

**ပူတာအို ဇွန် ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပူတာအိုခရိုင်ရုံး ဝန်ထမ်းများက စာဖတ်ရှိန် မြှင့်တင်ရေးနှင့် အားလပ်ချိန်များတွင် စာအုပ်စာပေလေ့လာခြင်းဖြင့် အချိန်ကို အကျိုးရှိရှိအသုံးပြုစေရန်အတွက် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာရုံးများနှင့် လူစည်ကားရာနေရာများသို့ ကလေးစာပေပွဲတော် (ပူတာအို)တွင် အလှူရှင်များက လှူဒါန်းသောစာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးခြင်း ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ညနေ ၃ နာရီတွင် အခြေခံပညာအလယ်တန်းကျောင်း (မြို့မ)တွင် စာပေဖတ်ရှုမှုအလေ့အထကောင်းများရှိစေရန်နှင့် စာဖတ်စွမ်းရည်တိုးတက်လာစေရန်အတွက် ကလေးစာပေများ သွားရောက်ငှားရမ်းပေးခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမိုးနိုင်က ကျောင်းစာပြင်ပစာပေများ လေ့လာခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စာဖတ်နည်းစနစ်များအကြောင်း ပြောကြားကာ "ဉာဏ်ကောင်းလွန်းသော ယုန်ကလေး" ပုံပြင်စာအုပ်ကို လက်တွေ့ဖတ်ပြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား လက်တွေ့ဂဏန်းအမှန်ရေး၊ အမှားအမှန်ရွေးခြင်း၊ ပဟေဠိများဖြေကြားခြင်း၊ အပေါင်းအနုတ်အမြှောက်အလီပေါင်း ကလေးစာအုပ်များကို ခဲတံများဖြင့် လက်တွေ့ရေးသားစေခြင်းနှင့် ဖတ်၊ မှတ်၊ ပြောစွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးပြီး ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ ပိုစတာများ၊ အေးချမ်းသာယာ ပြည်မြန်မာပိုစတာများ လေ့လာကြသည်။

ရွှေလျှားစာကြည့်တိုက်တွင် ပူတာအိုခရိုင် ကလေးစာပေပွဲတော်တွင် လှူဒါန်းခဲ့သောစာအုပ်ပေါင်း ၃၉၃၁ အုပ် အနက်မှ သုတ၊ ရသစာအုပ်များ၊ ရုပ်ပြ၊ မဂ္ဂဇင်းနှင့် ကလေးအပျော်ဖတ်စာအုပ်များ၊ ပညာပေးစာစောင်များ ၁၈၀ ကို စာဖတ်ပရိသတ်လက်ဝယ်အရောက် ငှားရမ်းခဲ့ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**



**လားရှိုးမြို့နယ် ခေးနင်းအုပ်စု စံဖြတ်ကျေးရွာ တောင်သူ ဦးအိုက်ကြာ၏ အစေ့ထုတ်ပြောင်းစိုက်ခင်း၌ ငမြှောင်တောင်ပိုး ကာကွယ်နှိမ်နင်းနိုင်ရန် ပိုးကောင်ကောက်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းကို ဇွန် ၁၃ ရက် နံနက်က စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျေးရွာသူရွာသားများ ပူးပေါင်းဆောင်ရွက်စဉ်။**
မောင်ကျော်ကြီး

# တရားဝင်အစည်းအဝေးများ ပြန်လည်စတင်နိုင်ရန်အတွက် အခက်အခဲများကို ပူးပေါင်းအဖြေရှာသွားမည်

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်များ၏ အလွတ်သဘောအစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၁၃**

အစိုးရအစုအဖွဲ့၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့များပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်များ၏ အလွတ်သဘောအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပသည်။

အစိုးရကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် "နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု၊ တစ်နည်းအားဖြင့် စေ့စပ်ညှိနှိုင်းမှု အပိုင်းမှာအရေးကြီးတဲ့အပိုင်းသည် ယုံကြည်မှုတည်ဆောက်ရေး ဖြစ်ပါတယ်။ မည်သည့် စေ့စပ်ညှိနှိုင်းမှုမှာမဆို တစ်ဖက်နှင့်တစ်ဖက်ဟာ ယုံကြည်မှုမြင့်မားနေဖို့လိုအပ်ပါတယ်။ တစ်ဖက်ကိုတစ်ဖက် ယုံကြည်ထားနိုင်မှသာ ပွင့်ပွင့်လင်းလင်းစေ့စပ်ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတွေဟာ ယုံကြည်မှုတည်ဆောက်ရေးအတွက် အထောက်အကူပြုပေမယ့် အဲ့ဒီလို အလွတ်သဘောတွေ့ဆုံဆွေးနွေးရုံနဲ့ မလုံလောက်ပါဘူး။

**တရားဝင်ဆွေးနွေးပွဲများ စတင်ရန်လိုအပ်**

"လုပ်ထုံးလုပ်နည်းနဲ့အညီ တရားဝင်အစည်းအဝေးတွေလည်း ကျင်းပဖို့ လိုအပ်ပါတယ်။ ဒါမှလည်း ခိုင်မာတဲ့ ဆက်ဆံရေးကို ကူညီအားဖြည့်ပေးနိုင်မှာ ဖြစ်ပါတယ်။ တရားဝင်အစည်းအဝေးတွေက ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေက အဓိကကျပါတယ်။ ဆုံးဖြတ်ချက်တွေ ခိုင်မာမှသာလျှင် အခက်အခဲအတားအဆီးတွေကို ကျော်လွှားနိုင်ပြီး စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်က ဆက်ပြီးလည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ တရားဝင်အစည်းအဝေးတွေ ရပ်တန့်နေတာကြောင့် စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်က ဆက်လက်မလည်ပတ်နိုင်ဘူးဆိုတာကို ဝန်ခံရမှာဖြစ်တယ်။ ဘယ်လိုပဲ အတွေးအခေါ်တွေ ပြောင်းပြောင်း၊ ဘယ်လိုပဲပုံစံတွေ ပြောင်းချင် ပြောင်းချင် တရားဝင်ဆွေးနွေးပွဲမှာ ပြောဆိုဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ ဆုံမှတ်တစ်ခုကို ရောက်နိုင်မှာ ဖြစ်ပါတယ်။ တရားဝင်ဆွေးနွေးပွဲတွေမှာ ပြောဆိုဆွေးနွေးနိုင်တဲ့ အခွင့်အရေးတွေ ရှိနေပါလျက် စားပွဲပေါ်ကိုတက်မလာဘဲ အပြင်ကနေ ပြောဆိုနေခြင်းဟာလည်း စေ့စပ်ညှိနှိုင်းမှုအတွက် အကျိုးမရှိသလို အနှောင့်အယှက်တောင် ဖြစ်နိုင်ပါတယ်။

**ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ပြင်ပဩဇာလွှမ်းမိုးမှုမရှိဖို့လိုအပ်**

"ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ပြည်တွင်းကပိုင်ဆိုင်တဲ့ Home Made တွေပါ။ ပြည်ပရဲ့ ဖိအားတွေကြောင့် လုပ်နေတာလည်းမဟုတ်ပါဘူး။ မိမိတို့ အဓိကဖြစ်စေချင်တဲ့ ဆန္ဒတွေအပေါ် ပြည်ပလွှမ်းမိုးမှုတွေ ကျရောက်လာမှာ မလိုလားတဲ့အတွက် ဆွေးနွေးပွဲတွေမှာ ဟိုးအစကတည်းက နိုင်ငံခြားကပုဂ္ဂိုလ်တွေကို ကြားဝင်ဖျန်ဖြေပေးဖို့ အကူအညီတောင်းခဲ့တာမရှိခဲ့ပါဘူး။ NCA ရေးဆွဲစဉ်က လေ့လာသူအဖြစ် ပါဝင်စေခဲ့သော်လည်း NCA ရေးဆွဲပြီးနောက်ပိုင်း နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပြင်ပပုဂ္ဂိုလ်တွေကို ပါဝင်ခွင့်မပေးခဲ့ပါဘူး။ ပဋိပက္ခတွေဖြေရှင်းဖို့ ပြင်ပဖိအားတွေကြောင့် လုပ်ရတယ်ဆိုရင် သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးစိတ်ဆန္ဒမပါဘဲ အပစ်အခတ်ရပ်စဲတာဖြစ်ဖြစ်၊ နိုင်ငံရေးဆွေးနွေးတာပဲဖြစ်ဖြစ် အတိုင်းအတာတစ်ခုအထိ ဖြစ်လာနိုင်သော်လည်း ပြင်ပဖိအားတွေ လျော့ကျသွားတာနဲ့ တစ်ပြိုင်နက် အရင်ကလို တိုက်ကြတာ၊ ခိုက်ကြတာတွေ ဖြစ်တတ်တယ်ဆိုတာ နိုင်ငံတကာအတွေ့အကြုံတွေ လေ့လာရင်း ကျွန်တော်တို့အားလုံး သိခဲ့ကြပြီပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတကာက ငွေကြေးအပါအဝင် အရင်းအမြစ်တွေကို ရယူပြီးလုပ်တဲ့အခါ မိမိတို့ပြည်သူကို တာဝန်ခံရတာမျိုးထက် ပြင်ပကအကူအညီပေးခဲ့တဲ့သူတွေကို တာဝန်ခံရတာမျိုးလည်း ဖြစ်သွားတတ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့တစ်တွေဟာ မိမိတို့ ပြည်သူတွေကိုသာ တာဝန်ခံရတာမျိုးပဲ ဖြစ်ပါတယ်။ ပြင်ပကအကူအညီ အထောက်အပံ့နဲ့ အရင်းအမြစ်တွေကို လိုတာထက်ပိုပြီး မယူကြဖို့လည်း အရေးကြီးပါတယ်။ မိမိတို့ တွေ့ဆုံဆွေးနွေးမှုတွေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ ပြင်ပက ဩဇာလွှမ်းမိုးမှုမရှိအောင် ဆောင်ရွက်ကြမှာဖြစ်ပါတယ်။



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်များ၏ အလွတ်သဘောအစည်းအဝေး ကျင်းပစဉ်။

**ဘုံရည်မှန်းချက်ဖြစ်မှသာလျှင် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်လည်ပတ်နိုင်**

"ကျွန်တော်တို့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုတွေဟာ အကြွင်းသုညကစားပွဲ Zero Sum Game မဖြစ်အောင်လည်း သေချာစွာစီမံကြရပါမယ်။ တစ်ဖက်က အားလုံးအနိုင်ယူသွားပြီး ကျန်တဲ့တစ်ဖက်ကအားလုံးကို ဆုံးရှုံးသွားတာမျိုး မဖြစ်စေရပါဘူး။ သူနိုင်ကိုယ်နိုင် Win-Win ဆိုတဲ့ အနေအထားမျိုးကလည်း တစ်ခါတစ်ခါမှာ လက်တွေ့မကျတာမျိုးတွေ့ရတတ်ပါတယ်။ ဒါကြောင့် စေ့စပ်ညှိနှိုင်းမှုတွေ လုပ်တဲ့အခါမှာ နှစ်ဖက်စလုံးက အပေးအယူ အလျှော့အတင်းတွေ လုပ်ဆောင်ကြရမှာကိုလည်း နားလည်ထားပြီးသား ဖြစ်ပါတယ်။ အားလုံးအတွက် ဘုံရည်မှန်းချက်တွေ ဖြစ်ပေါ်မှသာလျှင် တွေ့ဆုံဆွေးနွေးပွဲတွေဟာ ဆက်လက်လည်ပတ်မှာ ဖြစ်ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုတွေဟာ ပုံစံတကျဖြစ်ဖို့နဲ့ တရားဝင်ရှိမယ်ဆိုရင် တရားဝင်တွေ့ဆုံဆွေးနွေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အလွတ်သဘောမျိုးတွေသာ လုပ်နေမယ်ဆိုရင်လည်း တရားဝင်ဖြစ်မှုတွေ စနစ်တကျရှိမှုတွေ လျော့နည်းသွားနိုင်ပြီး တန်ဖိုးတွေ လျော့ကြသွားနိုင်ပါတယ်။

**တွေ့ဆုံဆွေးနွေးနေစဉ် တည်ငြိမ်ဖို့လိုအပ်**

"နောက်တစ်ချက်ကတော့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်တဲ့အချိန်မှာအခြေအနေတွေဟာ တည်ငြိမ်နေဖို့လည်း လိုအပ်ပါတယ်။ အခြေအနေတွေက မငြိမ်မသက်တွေ ဖြစ်နေမယ်ဆိုရင် တွေ့ဆုံဆွေးနွေးမှုအတွက် များစွာအနှောင့်အယှက် ဖြစ်ကြမှာ ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေက သဘောတူညီချက်မရသေးနိုင်ပေမယ့် အခြေအနေကို တည်ငြိမ်စွာထိန်းထားနိုင်မယ်ဆိုရင် ဘယ်သူမှ နောက်ပြန်မလှည့်ဘူးဆိုတဲ့ ယုံကြည်မှုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ ဖြစ်စဉ်က အတော်လေးကောင်းမွန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ပုံပေါ်နေပြီး ဖြစ်ပါတယ်။ NCA စာချုပ်ဟာ အပစ်အခတ်ရပ်စဲရေးနဲ့ အပစ်အခတ်ရပ်စဲရေး ခိုင်မာလာစေဖို့၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုတွေကို အာမခံချက်ပေးထားတဲ့ အားလုံးသဘောတူတဲ့ သဘောတူညီချက်တစ်ခုလည်းဖြစ်ပါတယ်။ ဒီသဘော တူညီချက်အတိုင်း ကျွန်တော်တို့တစ်တွေ လိုက်နာဆောင်ရွက်သွားကြဖို့တော့ လိုပါတယ်။ သွေးဖည်မှုတွေနဲ့ ကြုံလာရင်လည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ကျွန်တော် ငှားပြီး သုံးခဲ့တဲ့ အမေရိကန်သမ္မတတစ်ဦးဖြစ်တဲ့ လင်ဒန်ဂျွန်ဆင်ရဲ့ စကားလို အိမ်အပြင်မှာအော်ဟစ်ပြီး အိမ်ထဲကို ခဲမပေါက်ကြဖို့၊ အိမ်ထဲမှာ လာရောက်ပြီး ငြင်းခုံဆွေးနွေးနေဖို့ပဲ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

UPDJC အတွင်းရေးမှူးအဖွဲ့ဝင်များ၏ အလွတ်သဘော အစည်းအဝေးကို ဇွန် ၁၃ ရက်မှ ၁၄ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး တရားဝင်အစည်းအဝေးများ ပြန်လည်စတင်နိုင်ရန်အတွက် အခက်အခဲများကို ပူးပေါင်းအဖြေရှာရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများ ပြန်လည်ကျင်းပနိုင်ရေးအတွက် ပူးပေါင်းအဖြေရှာရေးတို့ကို အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များက ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ ကိုယ်စားလှယ် RCSS အတွင်းရေးမှူး ဦးစိုင်းငင်းက မိမိတို့ UPDJC အတွင်းရေးမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလုပ်ငန်းလမ်းညွှန်တွင် (၁၆)ချက် ပြဋ္ဌာန်းပေးထားကြောင်း၊ NCA စာချုပ်တွင်ပါသည့် လမ်းပြမြေပုံ (၇) ဆင့်အတိုင်း ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်အတွက် မိမိတို့အတွင်းရေးမှူးများ၏ တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှု၊ သမာသမတ်ကျမှု၊ ပြည်သူလူထုအကျိုးအတွက် ဦးထိပ်ထားမှုများသည် အဓိကကျအရေးပါသည့် အခန်းကဏ္ဍများဖြစ်ကြောင်း၊ အတွင်းရေးမှူးများ၏ အဓိကတာဝန်များဖြစ်သည့် UPDJC အစည်းအဝေးကိစ္စရပ်များ၊ ဆုံးဖြတ်ချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးကိစ္စရပ်များ၊ သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင် မိမိတို့အနေဖြင့် အပြည့်အဝ မဆောင်ရွက်နိုင်သေးကြောင်း။

အဆိုပါတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် ယခု အလွတ်သဘောအစည်းအဝေးတွင် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ ဆွေးနွေးဖော်၊ ဆွေးနွေးဖက်များ၏ သူ့မူကိုယ့်မူ အသေဆုပ်ကိုင်၍ မလျှော့တမ်းဆွေးနွေးနေခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆို့နေသည့် အကြောင်းရင်းများဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် အချိန်အကန့်အသတ်ရှိသောကြောင့် ၂၀၂၀ မတိုင်မီ အဓိကကျသည့် ဖက်ဒရယ်အခြေခံမူနှင့် ဒီမိုကရေစီအခြေခံမူများ ရရှိရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းပံ့ပိုးပေးသင့်သည်ဟုထင်ပါကြောင်း၊ NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်လာရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေသည်ကို မိမိတို့ ထောက်ခံအသိအမှတ်ပြုကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့ ကိုယ်စားလှယ် USDP အတွင်းရေးမှူး ဦးမြင့်စိုးက "ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် အကောင်းမြင်ဖို့လိုပါတယ်။ ကျွန်တော်တို့က အကောင်းဘက်က ရှုမြင်သုံးသပ်ရမယ့်အစား တစ်ဖက်နဲ့တစ်ဖက် ကိုယ့်ရဲ့ရပ်တည်မှုနဲ့ပဲ မလျှော့ဘူးဆိုရင် ငြိမ်းချမ်းရေးဟာ အလှမ်းဝေးနေမှာပါ။ ဖက်ဒရယ်ကို ဘယ်လိုသွားမလဲ။ နိုင်ငံတကာမှာ ဖြစ်နေတဲ့အပေါ် လက်ရှိ ကျွန်တော်တို့မှာ ဖြစ်နေတဲ့အပေါ်မှာအခြေခံပြီးတော့ သွားရမယ်။ နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားပေါ်မှာ အခြေခံပြီးသွားရမယ်။ ဒါဟာ အပြုသဘောဆောင်တယ်။ ဘုံအကျိုးစီးပွားကို အားလုံးက လက်ခံနားလည်ရင် ဆွေးနွေးရတာအဆင်ပြေမယ်။ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ခြင်း မဟာဗျူဟာနဲ့ ဆက်သွားနေမယ်ဆိုရင်တော့ ကျွန်တော်တို့ နောင်လာနောက်သားမျိုးဆက်တွေကို ကောင်းတဲ့အမွေ ငြိမ်းချမ်းရေးဆိုတဲ့ အမွေကိုပေးနိုင်မှာမဟုတ်ဘူး။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်များရဲ့ အလွတ်သဘောအစည်းအဝေးကနေပြီးတော့မှ ကျွန်တော်တို့ နိုင်ငံရေးပါတီအစုအဖွဲ့ကနေပြီး ပေးအပ်တဲ့တာဝန်၊ ပေးအပ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် ပထမနေ့အစည်းအဝေးသို့ အစိုးရအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ကိုးဦး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။

UPDJC အတွင်းရေးမှူးများ၏ လုပ်ငန်းလမ်းညွှန်အရ UPDJC အတွင်းရေးမှူးများ စုံညီအစည်းအဝေးကို တစ်လတစ်ကြိမ် ကျင်းပရမည်ဖြစ်သော်လည်း ၂၀၁၈ ဇူလိုင်နောက်ပိုင်းတစ်နှစ်နီးပါကြာ ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ယနေ့တွင်မှ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်များ၏ အလွတ်သဘော အစည်းအဝေးကို ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

---

**မိုးအသင့်အတင့် ထစ်ချုန်းရွာမည်**

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုနေမည်။

မိုး/ဇလ

# နေခြည်မှာရွှေရည်လောင်း ငါတို့ စာသင်ကျောင်း

ဒေါက်တာမြင့်သန်း (ညှောင်လေးပင်)

"ပန်းကလေးများပွင့်တော့မည် ဖူးတံ ဝင့်လိုချီ၊ နေခြည်မှာ ရွှေရည်လောင်း ငါတို့ စာသင်ကျောင်း"

ဒီအချိန်မှာ ကလေးငယ်များ ကျောင်းစဖွင့်၊ ကျောင်းစတက်ရတဲ့ အချိန်ဖြစ်ပါတယ်။ အထူးသဖြင့် ကေဂျီလို့ခေါ်တဲ့ သူငယ်တန်းကို စတင်တက်ရောက်ရတဲ့ ကလေးငယ်လေးတွေအတွက် ဘဝသစ်တစ်ခု၊ ကမ္ဘာသစ်တစ်ခုကို စတင်ခြေလှမ်းလိုက်ရခြင်းဖြစ်တာမို့ အထူးအရေးပါတဲ့အချိန်လည်း ဖြစ်ပါတယ်။

ကေဂျီ Kindergarten ဆိုတာရဲ့ အဓိပ္ပာယ်က garden of the children မိဘ၊ မိသားစုနဲ့ ကျောင်းကြားက ဥယျာဉ်ကလေးလို့ ဆိုပါတယ်။ ကလေးငယ်ဟာ မိဘ၊ မိသားစု ဝန်းကျင်ကနေ ကျောင်းဆိုတဲ့ ဝန်းကျင်အသစ်ကို ကူးပြောင်းတဲ့ကြားကာလမှာ ကလေးငယ်ကို ကျောင်းနေစာသင်ဖို့အတွက် ကိုယ်ရော စိတ်ပါအဆင်သင့်ဖြစ်စေဖို့ ပြင်ဆင်ပေးရတဲ့ အကူးအပြောင်းကာလတစ်ခု ဖြစ်ပါတယ်။

**အကူးအပြောင်းကာလ**

Transition ခေါ်တဲ့ အကူးအပြောင်းကာလများစွာကို တွေ့နိုင်ပါတယ်။ လူတစ်ဦးချင်းစီရဲ့ ဘဝများကနေ လူအများ၊ နိုင်ငံတစ်ခုအထိ အခြေအနေ အချိန်အခါတစ်ခုအရ ပေါ်ပေါက်လာတဲ့ အကြောင်းခြင်းရာများအပေါ် မူတည်ပြီး အကူးအပြောင်းကာလများကို ကျော်ဖြတ်ရလေ့ရှိပါတယ်။ ကလေးတစ်ဦးချင်းစီအတွက်ဆိုရင် ကလေးငယ်ဘဝ ကျောင်းစတက်ရချိန်၊ အရွယ်ရသူတွေအတွက် အိမ်ပြောင်းရချိန်၊ အလုပ်အကိုင်ပြောင်းရချိန် စသည်တို့ဟာ ကြီးမားတဲ့ အပြောင်းအလဲများကို ရင်ဆိုင်ကျော်ဖြတ်ရ၊ ကူးပြောင်းရချိန်များ ဖြစ်ကြပါတယ်။

ဒီလိုအခါမျိုးမှာ အပြောင်းအလဲရဲ့ စိန်ခေါ်မှုကို မိမိတို့ ဘယ်လိုခံယူကျင့်သုံးတယ်ဆိုတဲ့ စိတ်သဘောထားနဲ့ မိမိရဲ့ပတ်ဝန်းကျင်က ဘယ်လိုအထောက်အကူပြုတယ်ဆိုတဲ့ အချက်တွေဟာ များစွာအရေးပါလှပါတယ်။ အပြောင်းအလဲကို ချောမွေ့စွာခံယူနိုင်မှုအတွက် အရေးပါပါတယ်။ ကလေးငယ်တွေအတွက် "ကျောင်း" ဆိုတဲ့ နေရာသစ်ကို စတင်ရွှေ့ပြောင်းရခြင်းဟာ အလွန်ထူးခြားတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။

ကလေးရဲ့ ဘဝသစ်တစ်ခုကို စတင်ခြေချလိုက်ရခြင်း ဖြစ်ပါတယ်။ မိဘ၊ မိသားစုဆိုတဲ့ ပတ်ဝန်းကျင်ကနေ ကျောင်းဆိုတဲ့ ပတ်ဝန်းကျင်အသစ်ဆီ လှမ်းတက်ရခြင်းဖြစ်ပါတယ်။ ဒီကာလမှာ ကလေးအတွက် စိတ်လှုပ်ရှားတာ၊ ကြောက်ရွံ့တာ၊ စိုးရိမ်စိတ်ဝင်တာမျိုးတွေ ဖြစ်တတ်၊ ခံစားတတ်ကြပါတယ်။ မိဘများအနေနဲ့လည်း စိုးရိမ်ပူပန်မှု ခံစားရလေ့ရှိပါတယ်။ ဒီလိုအခါမျိုးမှာ သေချာစွာ ကြိုတင်ပြင်ဆင်၊ လုပ်သင့်တာတွေ လုပ်ထားဖို့ လိုအပ်ပါမယ်။ ဒါမှ အဆင်ပြေချောမွေ့မှာလည်း ဖြစ်ပါတယ်။

**ကျောင်းနေပျော်၍ စာတော်ဖို့**

Positive school experiences ခေါ် အကောင်းမြင်အပေါင်းလက္ခဏာ တွေ့ကြုံခံစားနိုင်မှုတွေ ပေးစွမ်းနိုင်လေ ကျောင်းနေပျော်၊ စာတော်တဲ့ကလေး ဖြစ်လာနိုင်ပါတယ်။ ကျောင်းကို ကြောက်တယ်။ စိုးရိမ်ပူပန်နေတယ်ဆိုတဲ့ ကလေးအတွက်တော့ ရှေ့ပညာသင်ကြားရေးအတွက်ပါ ပူပန်စရာဖြစ်လာနိုင်ပါတယ်။ ကလေးငယ်များကို ကျောင်းကိုပို့တဲ့ ကာလတွေထဲက ပထမဆုံးရက်တွေဟာ ကလေးအတွက် အလွန်အရေးကြီးပါတယ်။ ဒါကြောင့် မိဘများအနေနဲ့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးဖို့ အရေးကြီးပါတယ်။



"အရင်ကလို ကျောင်းရောက်တာနဲ့ စာစသင်လိုက်တဲ့ ခေတ်မဟုတ်တော့ပါဘူး။ ကလေးငယ်ရဲ့ စိတ်ကူး စိတ်သန်းတွေကို ပြုစုပျိုးထောင်ပြီး ဘက်စုံထူးချွန်တဲ့ နိုင်ငံသားကောင်းတွေကို စနစ်တကျ မွေးထုတ်ပေးရမယ့်ခေတ်ဖြစ်ပါတယ်။ ကလေးငယ်ရဲ့ကျောင်းစတက်ခြင်းအချိန် ကျောင်းစတက်ရတဲ့အခြေအနေများကို မိဘ၊ ဆရာ ဆရာမများက အလေးတယူ ဆောင်ရွက်ကြသင့်ကြောင်း"

"The first day at school" ကလေးကို ကျောင်းမှာပို့ထားပြီး မိဘများက ပြန်လာခဲ့တဲ့အခါ ကလေးငယ်အတွက် အထူးစိတ်လှုပ်ရှားဖွယ် ခံစားရတာ ဖြစ်ပါတယ်။ ဆရာ ဆရာမများက ကလေးကို မြန်မြန်လေးနှုတ်ဆက်လိုက်ပါလို့ ပြောပါလိမ့်မယ်။ ကလေးက မိဘကို ငေးကြည့်ပြီး စိတ်မသက်မသာနဲ့ ကျန်ခဲ့ပါတယ်။ မိဘနဲ့ ပထမဆုံးအကြိမ် ခွဲခွာခံရတဲ့အသိနဲ့ စိတ်မသက်မသာဖြစ်ရတာပါပဲ။ ညနေကလေးကို ပြန်ခေါ်ရတဲ့အချိန်မှာတော့ သူတော်တော်ပျော်နေတာ တွေ့ရပါလိမ့်မယ်။ အဲဒီအချိန်မှာ နောက်နေ့တွေလည်း အခုလိုအချိန်ကျရင် လာခေါ်မှာပဲဆိုတာ သူသိရှိနားလည်လာစေဖို့ နားသွင်းပေးပါ။ ကျောင်းမှာ သူဘာလုပ်ခဲ့ရတယ်၊ ဆရာမတွေနဲ့ ဘယ်လို ဆက်ဆံခဲ့ရတယ်၊ အနီးနားက သူငယ်ချင်းတွေကရော ဘယ်လိုလဲ စသည်ဖြင့် စိတ်ဝင်စားစွာ မေးမြန်းပါ။ သူပြန်ပြောတာကိုလည်း ဂရုတစိုက်နားထောင်ပေးပါ။ အိမ်မှာနေရတာနဲ့ ကျောင်းမှာနေရတာ နှစ်ခုရဲ့ဆက်စပ်နေပုံကို သူနားလည်လက်ခံလာပါလိမ့်မယ်။ သားလေး၊ သမီးလေးဘေးမှာ ဘယ်သူထိုင်ရသလဲ၊ ကျောင်းမှာ ဘာပုံပြင်လေးနားထောင်ရလဲ စတဲ့ မေးခွန်းမျိုးလေးတွေ မေးစမ်းကြည့်နေတတ်ပါ။

ဆရာများဆီ မိမိကလေးရဲ့ မိသားစုဓာတ်ပုံလေးတွေ ပေးပို့ပြီး သူတို့မိသားစုရဲ့အကြောင်းတွေကို သိစေနိုင်ပါတယ်။ အလားတူ အတန်းဖော်ကလေးတွေကလည်း မိမိကလေးနဲ့ မိသားစုအကြောင်းတွေ သိခွင့်ရသွားနိုင်ပါတယ်။ မိမိကလေးနဲ့ မိမိတို့မိသားစုရဲ့ထူးခြားတဲ့အချက်လေးတွေ၊ စိတ်ဝင်စားစွာဆောင်ရွက်တတ်တဲ့ အချက်ကလေးတွေ စသည်တို့ကိုလည်း သိထားစေနိုင်ပါတယ်။ "I Love You" ဆိုတဲ့ စာလုံးလေးတွေကိုလည်း ကလေးရဲ့ lunch box ထမင်းဘူးမှာ ကပ်ထားပေးနိုင်ပါတယ်။ Seperation anxiety syndrome ခေါ်တဲ့ မိသားစုနဲ့ ပထမဆုံးအကြိမ် ခွဲခွာရမှုကြောင့် စိုးရိမ်ပူပန်မှုဆိုင်ရာ ခံစားရမှုများ ခံစားရနိုင်ကြောင်းကို သတိပြုထားရပါမယ်။ Seperation anxiety syndrome မှာ အောက်ပါအချက်များပါဝင်တာကို တွေ့နိုင်ပါတယ်။

**သတိပြုပေးရမယ့် စိတ်ခံစားချက်များ**

၁။ ကျောင်းမှာနေရတာ မိမိတစ်ဦး တည်းအထီးကျန်နေရတာဖြစ်ကြောင်း၊ ပတ်ဝန်းကျင်အသစ်သည် ကြောက်စရာဖြစ်ကြောင်း ခံစားနေရခြင်း။

၂။ ဗိုက်နာတယ်။ ခေါင်းကိုက်တယ် စတဲ့ ဝေဒနာများခံစားရကြောင်း ပြောနေတတ်ခြင်း၊ ကျောင်းမသွားရတော့ဘူး၊ အိမ်မှာပဲ နေရတော့မယ်ဆိုတာနဲ့ စောစောက ဝေဒနာများ ပျောက်သွားခြင်း။

၃။ ညဘက် အိပ်မပျော်ခြင်း၊ အိပ်မက်ဆိုးများမက်ခြင်း။

၄။ ညအိပ်ရာထဲ ဆီးသွားလာတတ်ခြင်း။

၅။ သူငယ်ချင်းများ၊ ကျောင်းနေဖော်များနဲ့ ခွဲနေတတ်ခြင်း (သို့မဟုတ်) တစ်ယောက်ယောက်ကို သဲသဲမဲမဲ တွယ်ကပ်နေတတ်ခြင်း။

၆။ စိတ်တိုလွယ်ခြင်း၊ စိတ်ကောက်ခြင်း၊ ရန်လိုခြင်း၊ ငိုလွယ်ခြင်းစတဲ့အချက်များဖြစ်ကြောင်း တွေ့နိုင်ပါတယ်။ ဒါကြောင့် ကလေးကို မိသားစုက အမြဲမပြတ် အားပေးနှစ်သိမ့်နေရမှာ ဖြစ်ပါတယ်။ ကျောင်းမှာ ကလေးဟာ သူငယ်ချင်းတွေနဲ့ စတင်ရင်းနှီးဆက်ဆံကြရမှာ ဖြစ်ပါတယ်။ သူငယ်ချင်းတွေဟာ သူတို့နဲ့ တွေ့ဆုံရတဲ့ သူစိမ်းတစ်ရံတွေဖြစ်ပေမယ့် သူတို့ဟာ မိမိနဲ့ အသက်ရွယ်တူ၊ ကစားဖော်တွေဖြစ်တယ်ဆိုတာ သူတို့ နားလည်လာအောင် ဆောင်ရွက်ပေးရပါမယ်။

**ပူးပေါင်းဆောင်ရွက်ခြင်းမှ ရင်းနှီးမှုရရှိ**

တချို့ကျောင်းတွေမှာ Buddy system ခေါ်တဲ့ ကလေးကြီးတွေက မူကြိုတန်းနဲ့ ကေဂျီကလေးတွေနဲ့ ပူးပေါင်းနေထိုင် ဆော့ကစားတဲ့ စနစ်ဆောင်ရွက်ကြတာ တွေ့ရပါတယ်။ ကလေးတွေကျောင်းမှာ မပျင်းရလေအောင်နဲ့ အချင်းချင်း ပိုမိုရင်းနှီးသွားရလေအောင် ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ မိဘများကလည်း ကျောင်းချိန်ပြီးတဲ့အခါမျိုးတွေ ကျောင်းပိတ်ရက်တွေမှာ သူငယ်ချင်းတွေကို အိမ်ကို ဖိတ်ခေါ်ပြီး ကျွေးမွေးတာ၊ ဆော့ကစားတာ၊ ပုံပြောတာစသည်တို့ပြုခြင်းဖြင့် ပိုမိုရင်းနှီးလာစေနိုင်ပါတယ်။ ကလေးများသာမက မိဘများအချင်းချင်းလည်း ရင်းနှီးလာကြဖို့ အရေးကြီးပါတယ်။ ကျောင်းအချို့မှာ မိဘများအတွက် နံနက်ပိုင်း ကော်ဖီ၊ လက်ဖက်ရည်ဝိုင်းများ ဖန်တီးပေးပြီး မိဘများအချင်းချင်း ရင်းနှီးမှုကို ရစေပါတယ်။ မိဘများကလည်း မိတ်ဆွေသစ်များ ရရှိသွားကြပါတယ်။ တစ်ဦးအကြောင်း တစ်ဦး ပိုမိုသိရှိခွင့်ရသွားကြပါတယ်။ မိဘများကလည်း မိမိကလေးရဲ့ကျောင်းနဲ့ ဆရာမများအကြောင်း၊ သူငယ်ချင်းတွေရဲ့ အကြောင်း၊ သူငယ်ချင်းရဲ့ မိဘများအကြောင်းစသည်တို့ကို မကြာခဏပြောကြားပေးသင့်ပါတယ်။ ကလေးဟာ တဖြည်းဖြည်းနဲ့ ကျောင်းနဲ့ ပတ်ဝန်းကျင်ကို ရင်းနှီးလာပါလိမ့်မယ်။ ကလေးငယ်ရဲ့ ကျောင်းစတက်ခြင်းအချိန်တွေဟာ ကလေးငယ်၊ မိဘ၊ ဆရာ ဆရာမများ၊ သူငယ်ချင်းသစ်များနဲ့ ကျောင်းပတ်ဝန်းကျင်တို့အကြား အတွေ့အကြုံသစ်များ စတင်မိတ်ဆက်ရခြင်း ဖြစ်ပါတယ်။ ဒီအချိန်မှာ ကလေးငယ်က ဒီပတ်ဝန်းကျင်အသစ်ကိုမနှစ်သက်ဘူး၊ ကြောက်တယ်ဆိုရင် သူ့ရဲ့ ကျောင်းနေမှုအတွက် အထူးအနှောင့်အယှက်ဖြစ်လာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကလေးကို ကျောင်းမှာပျော်နေစေဖို့ မိဘများနဲ့ ဆရာများက အထူးသတိပြုစီစဉ်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အရေးပါတဲ့ အချက်တစ်ခုက သူနဲ့ အသက်ရွယ်တူ သူငယ်ချင်းလေးတွေ ဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့ တွေ့ဆုံရင်းနှီးသွားလေ ကျောင်းဟာ သူ့အတွက်ပျော်စရာနေရာ တစ်ခုဖြစ်လာနိုင်ပါတယ်။ ဒီကာလများကို လွန်တာနဲ့ ကလေးငယ်ဟာ စာသင်ယူခြင်းဆိုတဲ့ ဘဝအတွက် အရေးပါတဲ့ကာလကြီးကို ဖြတ်သန်းရပါတော့မယ်။

"နေခြည်မှာ ရွှေရည်လောင်းတဲ့ ငါတို့စာသင်ကျောင်း" ဆိုတဲ့ ကျောင်းကို ချစ်တဲ့ စိတ်ကလေးတွေ မွေးလာစေဖို့လိုပါတယ်။ အရင်ကလို ကျောင်းရောက်တာနဲ့ စာစသင်လိုက်တဲ့ ခေတ်မဟုတ်တော့ပါဘူး။ ကလေးငယ်ရဲ့စိတ်ကူး စိတ်သန်းတွေကို ပြုစုပျိုးထောင်ပြီး ဘက်စုံထူးချွန်တဲ့ နိုင်ငံသားကောင်းတွေကို စနစ်တကျ မွေးထုတ်ပေးရမယ့် ခေတ်ဖြစ်ပါတယ်။ ကလေးငယ်ရဲ့ကျောင်းစတက်ခြင်းအချိန် ကျောင်းစတက်ရတဲ့အခြေအနေများကို မိဘ၊ ဆရာဆရာမများက အလေးတယူ ဆောင်ရွက်ကြသင့်ကြောင်းပါ ခင်ဗျာ။ ။

---

## နေပြည်တော်၌ သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဆင်း

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်ရှိ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ ဝန်ထမ်းများ၏ သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ သင်တန်းကို ဇွန် ၃ ရက်မှ ၈ ရက်အထိ ပြုလုပ်ခဲ့ပြီး သင်တန်းဆင်းပွဲကို ဇွန် ၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ဒက္ခိဏသင်တန်းကျောင်း၌ကျင်းပခဲ့ရာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်ပြီးမြောက်ခြင်းနှင့်အတူ ဝန်ထမ်းများသည် မိမိတာဝန်ကျရာ ခရိုင် / မြို့နယ်များသို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်သည့်အခါ ယခင်ကထက် ပိုမိုတိုးတက်လာအောင် ကြိုးစားကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နေပြည်တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများမှ ဝန်ထမ်း ၂၇ ဦး တက်ရောက်၍ သတင်းမီဒီယာ ဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းရင်းမြစ်များ ရှာဖွေခြင်း၊ သတင်းလိုက်ခြင်း၊ သတင်းအခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း၊ Social Media အကြောင်းနှင့် သတင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းပညာ စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ဆွေးနွေးခဲ့ကြသလို နည်းပြဆရာများနှင့်အတူ လက်တွေ့သတင်းရယူမေးမြန်းမှုအဖြစ် နေပြည်တော်ကောင်စီရုံး၊ နေပြည်တော် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနနှင့် နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။ **ရွှေကုက္ကို**

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈၈/၂၀၁၉)**
**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**
**(၂၀၁၉ ခုနှစ် ၊ ဇွန်လ ၁၃ ရက်)**

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ရခိုင်မျိုးချစ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၉၇) ဖြင့် ၁၅-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၃၆/၂၀၁၅) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ရခိုင်မျိုးချစ်ပါတီ**၏ ၇-၅-၂၀၁၉ ရက်စွဲပါစာအမှတ်၊ မခ/ပတ(၀၀၃)စီမံ/၂၀၁၉ ဖြင့် နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခွင့်ပြုပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ၁၂-၆-၂၀၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၉)တွင် တင်ပြဆွေးနွေးခဲ့ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉ (က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ရခိုင်မျိုးချစ်ပါတီ**ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေး (၂/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေး (၂/၂၀၁၉) ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

တရားလွှတ်တော်ရှေ့နေများ ကောင်စီ အစည်းအဝေး (၂/၂၀၁၉)ကို ယမန်နေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာ၌ ဇွန် ၁၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ တရားလွှတ်တော်ရှေ့နေများ ကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ပြင်ဆင်သည့်ဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်မည့် နည်းဥပဒေများနှင့်အညီ တရားလွှတ်တော်ရှေ့နေများက ရွေးကောက်တင်မြှောက်သည့် လုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိ တရားလွှတ်တော်ရှေ့နေ ၁၁ ဦးကို ရွေးကောက်တင်မြှောက်ရမည်ဖြစ်ကြောင်း၊ နည်းဥပဒေများ ထုတ်ပြန် နိုင်ရေးအတွက် တရားလွှတ်တော် ရှေ့နေများကောင်စီက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ သဘောထားပေးရမည် ဖြစ်ကြောင်း၊ မြန်မြန်ဆန်ဆန် သဘောထားပေးပို့နိုင်ရန် လိုပါကြောင်း။

ယနေ့အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းရန် လျှောက်ထားသည့် လျှောက်လွှာ ၄၃၈ စောင်ကို စိစစ်အတည်ပြုမည်ဖြစ်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေ မှတ်ပုံတင်ကတ်ပြား Smart Card ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပေးပို့သည့် ၃၆၄၉ ဦးအနက် ၂၀၁၂ ဦး အတွက် ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ အားလုံးပြီးစီးသည်နှင့် ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော တရားလွှတ်တော်ရှေ့နေများ ကောင်စီ အဖွဲ့ဝင်များက တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာနှင့် စပ်လျဉ်း၍ သဘောထားတောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၁၈) ကို စီရင်ချက်(အမိန့်) ချမှတ်

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးစိုးရယ်နှင့် ဦးထွန်းခင်တို့ ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂)သည် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန်အပေါ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ရှမ်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်နန်းထွေးမှုံက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၁၈)ကို သက်ဆိုင်ရာရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ (က) (၁)အရ ကြားနာစစ်ဆေးခဲ့သည်။

ထိုသို့ ရွေးကောက်ပွဲခုံအဖွဲ့(၂)က ကြားနာစစ်ဆေးပြီးနောက် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ)ဦးကျော်စိန်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းနှင့် လျှောက်ထားသူ ဒေါ်နန်းထွေးမှုံ၏ ကန့်ကွက်လွှာကိုပယ်ကြောင်း ယနေ့တွင် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ဆုံးဖြတ်ပြီး တရားစရိတ်ငွေကျပ် နှစ်သိန်းတိတိအား လျှောက်ထားသူက လျှောက်ထားခံရသူအားပေးစေရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံ စွမ်းအင်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်မှ ပြန်ပြည့်မြဲစွမ်းအင် ပိုမိုသုံးစွဲနိုင်ရေး တိုက်တွန်းအကြံပြု

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံ စွမ်းအင်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကို ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ Green Hill ဟိုတယ်၌ ကျင်းပရာ အရပ်ဘက် အဖွဲ့အစည်း ၄၀ ကျော်မှ ကိုယ်စားလှယ် ၁၅၄ ဦး တက်ရောက်ဆွေးနွေးခဲ့ကြပြီး မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေးအတွက် ပြန်ပြည့်မြဲ စွမ်းအင်သုံးစွဲမှု မြှင့်တင်ရေးနှင့် ပြန်ပြည့်မြဲစွမ်းအင် အသုံးပြုရန် မူဝါဒများ ဖြေလျှော့ပေးရေးကို တိုက်တွန်းအကြံပြုကြသည်။

"ဒီနေ့ ကျွန်တော်တို့ တိုင်းပြည်အတွက် လျှပ်စစ်စွမ်းအင်ကဏ္ဍကို သုတေသနလုပ်ဖို့ Reform လုပ်ဖို့ လိုပါလိမ့်မယ်။ နိုင်ငံတကာ ကြွေးမြီတွေက စွမ်းအင်ကဏ္ဍမှာ အမြင့်ဆုံးဖြစ်နေပြီး နိုင်ငံခြားကြွေးမြီ ၃ ဘီလီယံလောက်က စွမ်းအင်ကဏ္ဍအတွက် ချေးထားတဲ့အကြွေးတွေပါ။ နိုင်ငံတကာ ချေးငွေတွေလည်းရှိနေတယ်။ တစ်ဖက်မှာ လူမှုဘဝတွေအတွက်လည်း မလုံလောက်ဘူး။ ဘယ်နေရာမှာ မှားနေလဲဆိုတာ သုတေသနလုပ်ဖို့လိုပါတယ်။ ပြီးတော့ မဟာဗျူဟာကျကျနဲ့ မူဝါဒတွေကို ပြန်ပြီး ပြုပြင်ဖို့ လိုပါလိမ့်မယ်။ ကျွန်တော်တို့ နိုင်ငံမှာ သင့်တော်တဲ့ ရာသီဥတုအပေါ် အခြေခံပြီး ရေအားလျှပ်စစ်သုံးတဲ့နေရာမှာ ရေအားနဲ့သုံးမယ်။ ဆိုလာသုံးသင့်တဲ့ အချိန်မှာ ဆိုလာသုံးမယ်။ ဂက်စ်အသုံးပြုသင့်ချိန် ဂက်စ်သုံးမယ်။ ဟန်ချက်ညီတဲ့ အသုံးပြုမှုတွေ သုတေသနလုပ်ဖို့လိုတယ်။ ဒါတွေကို ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ ဆွေးနွေးသင့်တယ်၊ တိုင်ပင်သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်" ဟု ရှမ်းပြည်နယ်အလုပ်အဖွဲ့မှ ကိုအောင်ကျော်မိုးက ပြောသည်။

မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ၂၀၃၀ စီမံကိန်းနှင့် ပတ်သက်၍ မေ ၂၂ ရက်က ပြည်သူ့လွှတ်တော်၌ ဆွေးနွေးခဲ့ရာတွင် ရေအားမှ ၃၂ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ ၃၃ ရာခိုင်နှုန်း၊ ဓာတ်ငွေ့မှ ၂၀ ရာခိုင်နှုန်း၊ ပြန်ပြည့်မြဲစွမ်းအင် ၉ ရာခိုင်နှုန်း၊ အကြီးစားရေအားလျှပ်စစ်မှ ၆ ရာခိုင်နှုန်း ပါဝင်နေပြီး ပြန်ပြည့်မြဲစွမ်းအင်ထုတ်လုပ်ဖြန့်ဝေပေးနိုင်ရန် ကျေးလက်နေ ပြည်သူများကိုယ်တိုင် ဆုံးဖြတ်စီမံဆောင်ရွက်နိုင်သောမူဝါဒများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီချမှတ်ကာ နိုင်ငံတော်မှ အားပေးလုပ်ဆောင်ရန် ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

ဓာတ်အားလိုင်းများမှ လျှပ်စစ်လေလွင့်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ ဝန်ထမ်းများကို စွမ်းရည်မြှင့်တင်ပေးခြင်း၊ လျှပ်စစ်သုံးစွဲသူများကို အသိပညာပေးခြင်း၊ ပွင့်လင်းမြင်သာရှိရေး၊ တည်ငြိမ်သော လျှပ်စစ်စွမ်းအားကို ပြည်သူများ သုံးစွဲနိုင်ရေး၊ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊ တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမည့် ဒေသခံကုမ္ပဏီများကို အစိုးရက ကူညီပံ့ပိုးရေး စသည့် အချက် ၇ ချက်ပါ အကြံပြုချက်များပါဝင်သည့် ထုတ်ပြန်ကြေညာချက်တစ်စောင်ကိုလည်း ဤဖိုရမ်မှ ထုတ်ပြန်ခဲ့သည်။

**သန့်ဇင်ဝင်း**




မြန်မာနိုင်ငံစွမ်းအင်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် ကျင်းပစဉ်။

# ကော့သောင်းနယ်စပ်ဂိတ်သို့ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများ လာရောက်လွှဲပြောင်းပေးအပ်

**ကော့သောင်း ဇွန် ၁၃**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၇၂ ဦး နှင့် အမျိုးသမီး ကိုးဦး အပါအဝင် အလုပ်သမား ၈၁ ဦးကို ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာအလုပ်သမားသံအရာရှိ ဦးကျော်စိုးဝေ ဦးဆောင်ကာ မြန်မာနိုင်ငံ ကော့သောင်းမြို့ ဒေသအာဏာပိုင်များထံသို့ ရေလမ်းခရီးဖြင့် ယနေ့ညနေပိုင်းက လာရောက် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ရာ လာရောက်လွှဲပြောင်းပေးသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကိုရီးယားသမ္မတနိုင်ငံ ဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့် တရုတ်နိုင်ငံ Star Times Group ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ဆက်သွယ်ရေးကော်မရှင် (KCC) ဒုတိယဝန်ကြီး Mr. Ko Sam-Seog နှင့်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ဆီရမ်ရိ(ပ်) ဇွန် ၁၃**

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့ Sokha Siem Reap Resort ၌ (၁၆)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံသို့ တက်ရောက်လျက်ရှိသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ ဆက်သွယ်ရေးကော်မရှင် (KCC) ဒုတိယဝန်ကြီး Mr. Ko Sam-Seog အား တည်းခိုရာ Sokha Siem Reap Resort ရှိ Bokor ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**မီဒီယာမူဝါဒချမှတ်ရေးနှင့်စပ်လျဉ်းသည့် ဦးတည်ချက်များဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ရုပ်/သံ ထုတ်လွှင့်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက် သွားနိုင်မည့် အခြေအနေများ၊ နည်းပညာနှင့် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ် ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ဒီဂျစ်တယ်ခေတ်တွင် မီဒီယာမူဝါဒချမှတ်ရေးနှင့်စပ်လျဉ်းသည့် ဦးတည်ချက်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**ရုပ်/သံလွှင့်နည်းပညာသစ်များဆောင်ရွက်နေမှု ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Star Times Group မန်နေဂျင်းဒါရိုက်တာ Mr. Gu Xun နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး နိုင်ငံတကာနှင့် ပူးပေါင်း၍ Star Times Group ၏ ရုပ်/သံလွှင့်နည်းပညာသစ်များ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ **သတင်းစဉ်**

# လှိုင်ကော်မြို့ရှိ မိဘမဲ့ကလေးငယ်များအတွက် ထောက်ပံ့ငွေပေးအပ်

လှိုင်ကော် ဇွန် ၁၃

**ကယားပြည်နယ် လှိုင်ကော်မြို့နောင်ယား(ခ)ရပ်ကွက်ရှိ မေတ္တာဖြိုးဝေ HIV ဆိုင်ရာ လူမှုကူညီရေးအဖွဲ့မှ ပြည်နယ်အတွင်းရှိ မိဘနှစ်ပါးစလုံး မရှိသည့် HIV ပိုးကူးစက်ခံနေရသည့် ကလေးငယ်များကို လူမျိုး၊ ဘာသာ၊ ကျား/မ မခွဲခြားဘဲ ကူညီစောင့်ရှောက်ပေးလျက်ရှိသည့်အပေါ် ပြည်နယ်အစိုးရအဖွဲ့မှ အဆိုပါကလေးငယ်များအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်ခဲ့သည်။**

ထောက်ပံ့ငွေ သွားရောက်ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အစိုးရအဖွဲ့အနေဖြင့် ရောဂါကူးစက်ခံနေရသော ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းဖြစ်ပြီး စိတ်ပျက်အားငယ်စရာမလိုဘဲ မိမိတို့ဘဝ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန် အားပေးစကား ပြောကြားခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကလေးငယ်များအတွက် ပညာသင်စရိတ်နှင့် အာဟာရပြည့်ဝစွာရရှိရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၃၀၊ ကလေးစီးစက်ဘီး တစ်စီး၊ အားကစားပစ္စည်းများနှင့် ဂေဟာပြင်ပနေ ရောဂါပိုးကူးစက်ခံနေရသည့် ကလေးငယ်တစ်ဦးအတွက် စက်ဘီးတစ်စီးကို လည်းကောင်း၊ ဒေါက်တာသောင်းလင်းနှင့် ဆရာဝန်များအဖွဲ့က ငွေကျပ်နှစ်သိန်းခွဲကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**ခေါ်ယူထားရှိ**

အဆိုပါ ဂေဟာသည် ၂၀၀၇ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ပြီး လူကြီးများအတွက် ဦးစွာရည်ရွယ်၍ ဆောင်ရွက်ခဲ့ကာ လိုအပ်သည့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆန်၊ ဆီ စသည့် လိုအပ်ချက်များကို ပံ့ပိုးနိုင်ခဲ့ကြောင်း၊ ယင်းနောက်ပိုင်းတွင် ဆက်လက်ပံ့ပိုးနိုင်ခဲ့ခြင်းမရှိကြောင်း၊ ယခုလက်ရှိ ကလေးငယ်များအား ဆေးရုံတွင် တွေ့ရှိခဲ့ပြီး ကလေးငယ်များအနေဖြင့် ကျန်းမာရေးအတွက် အခက်အခဲရှိပြီး မိဘမရှိသဖြင့် လိုအပ်သည့် အကူအညီရရှိရန်များစွာ ခက်ခဲနေကြောင်း၊ သို့ဖြစ်၍ မိမိတို့စင်တာသို့ ခေါ်ယူထားရှိခဲ့ပြီး ကူညီစောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း၊ ကလေးငယ်များမှာ အခြေခံပညာအတန်းစုံတွင် တက်ရောက်ပညာ သင်ယူနေပြီး ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလေးငယ်များအတွက် ကောင်းမွန်သည့် အထောက်အပံ့များ ဖြစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကလေးငယ်များ အနေနှင့် ပညာသင်ကြားရေးတွင် သင်ယူမှု အားနည်းလျက်ရှိကြောင်း၊ အာဟာရပြည့်ဝစွာ ရရှိရန်လိုအပ်ပြီး ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အထောက်အပံ့များနှင့် အခြားသော အလှူရှင်များ ထပ်မံရရှိရေး ဆောင်ရွက်ပေးစေလိုကြောင်း မေတ္တာဖြိုးဝေဂေဟာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ရီရယ်(ဒီးမော့ဆို)**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက မိဘမဲ့ကလေးငယ်များအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။

# ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်း၏ ထောက်ပံ့ငွေ ပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

စားဝတ်နေရေးနှင့် ကျန်းမာရေးအခက်အခဲများရှိနေသော နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် စာနယ်ဇင်းသမားများအား ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းမှ (၃၇)ကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီ(ငြိမ်းချမ်းခန်းမ)၌ ဇွန် ၁၂ ရက်က ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ဖောင်ဒေးရှင်း အလုပ်အမှုဆောင် တရားလွှတ်တော်ရှေ့နေကြီး ဦးကြီးမြင့်က အမှာစကားပြောကြားပြီး ထောက်ပံ့ငွေပေးအပ်ပွဲနှင့် အလှူရှင်များ ဂုဏ်ပြုပွဲဆိုင်ရာ သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။ ထို့နောက် ထောက်ပံ့ငွေရရှိသူများအား သဘာပတိအဖွဲ့ဝင်များက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး အလှူရှင်များကိုလည်း ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ထောက်ပံ့ငွေပေးအပ်ပွဲတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ဟံသာဝတီဦးဝင်းတင်နှင့် ဘဝတူစာနယ်ဇင်းသမား ရှစ်ဦးတို့အား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီနှင့် NLD လူငယ်ဘုံရိပ်သာအတွက် အလှူငွေ ကျပ်သုံးသိန်းအပါအဝင် စုစုပေါင်းငွေကျပ် ၁၉ သိန်းကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။



"စားဝတ်နေရေး ခက်ခဲနေတဲ့၊ ကျန်းမာရေးအရ ချို့တဲ့နေတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေ၊ ဘဝတူစာနယ်ဇင်းသမားတွေကို ပုံမှန်ထောက်ပံ့တယ်။ ဒါ့အပြင် ဖောင်ဒေးရှင်းက ၂၀၁၄ ကစပြီး စေတနာဆေးခန်းဆိုတာ လမ်း ၅၀ မှာဖွင့်ပြီးတော့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေ၊ သူတို့မိသားစုတွေအတွက် တစ်ပတ်ကို ခြောက်ရက်ဖွင့်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပုံမှန်လုပ်ပေးနေပါတယ်"ဟု ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးကျော်အောင်က ပြောကြားသည်။

မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း ဖမ်းဆီးထိန်းသိမ်းခံရဆဲ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများ၊ အခြား အကူအညီလိုအပ်နေသော ဘဝတူ စာနယ်ဇင်းသမားများအား တတ်နိုင်သမျှ ကူညီထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် မတ် ၁၂ ရက်က စတင်ထူထောင်ခဲ့ကာ စတင်ချိန်က နှစ်လလျှင်တစ်ကြိမ် ထောက်ပံ့ခဲ့ရာမှ နောက်ပိုင်းတွင် သုံးလလျှင်တစ်ကြိမ် ပုံမှန်ထောက်ပံ့ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် မတ် ၁၂ ရက်က ကျင်းပခဲ့သည့် (၃၆)ကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်ပွဲအထိ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသားဟောင်းနှင့် ဘဝတူစာနယ်ဇင်းသမားပေါင်း ၈၆၄ ဦးတို့အား ထောက်ပံ့ငွေ ကျပ် ၂၀၆၈ သိန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း**



# တောင်သူပညာပေးသင်တန်းဖွင့်ပွဲ ပြုလုပ်

**ကဝ ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလမြို့ရှိ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာရေးစခန်း (Agricultural Community Learning Center) တွင် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် တောင်သူပညာပေးသင်တန်းကို ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကဝမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှသန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း လယ်ယာမြေကိစ္စဆိုင်ရာ ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးမျိုးခိုင်တို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းဦးနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းတို့က သင်တန်းတက်ရောက်လာသော တောင်သူများအား စိုက်ပျိုးရေးပညာပေး စာစောင်များပေးအပ်ပြီး တိုင်း/ခရိုင် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက သင်တန်းပို့ချကြသည်။ **(အပေါ်ပုံ)**

ယင်း တောင်သူပညာပေးသင်တန်းသို့ သင်တန်းသူ သင်တန်းသား ၇၀ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အိန္ဒိယအစိုးရက လယ်ထွန်စက် ၁၅ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၅ စီး၊ ကွန်ပျူတာအလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်

**စစ်တွေ ဇွန် ၁၃**

အိန္ဒိယ-မြန်မာချစ်ကြည်ရေးစီမံကိန်းအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အိန္ဒိယနိုင်ငံအစိုးရက လယ်ထွန်စက် ၁၅ စီး၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၅ စီး၊ ကွန်ပျူတာအလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက စစ်တွေမြို့ စစ်တွေဆိပ်ကမ်း၌ ကျင်းပသည်။

**စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာစေရန်**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar က ရခိုင်ပြည်နယ်အတွက် စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးလာစေရန်နှင့် လူငယ်များအကြား နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ လယ်ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**အကျိုးရှိရှိအသုံးပြုသွားမည်**

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ကာလကြာရှည် ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည့် နိုင်ငံဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍနှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် အမှန်တကယ်လိုအပ်နေသည့် ပစ္စည်းများကို အိန္ဒိယနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကျိုးရှေးရှုပြီး ကူညီဆောင်ရွက်ပေးမှုကို ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးကို အဓိကအားထားရသည့် ပြည်နယ်တစ်ခုဖြစ်ရာ ယခုပေးအပ်လှူဒါန်းသည့် ပစ္စည်းများကို အကျိုးရှိရှိအသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အိန္ဒိယနိုင်ငံအစိုးရက ထောက်ပံ့သည့် လယ်ထွန်စက်များကို တွေ့ရစဉ်။


ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးတို့ အိန္ဒိယ-မြန်မာချစ်ကြည်ရေးစီမံကိန်းအရ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့သို့ အိန္ဒိယနိုင်ငံအစိုးရက ထောက်ပံ့သည့် စပါးရိတ်သိမ်းခြွေလှေ့စက်ကို ကြည့်ရှုစဉ်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံ အိန္ဒိယနိုင်ငံသံအမတ်ကြီးက လယ်ထွန်စက် ၁၅ စီး၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၅ စီး၊ ကွန်ပျူတာအလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဦးကျော်အေးသိန်း၊ ဦးကျော်လွင်၊ ဦးအောင်ကျော်ဇံ၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လုထွန်းတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းနှင့်ဓာတ်ပုံ-ဟန်မင်း**

# လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း လူထုပူးပေါင်းပါဝင်ဆွေးနွေးပွဲ အလုံမြို့နယ်၌ ပြုလုပ်

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE) နှင့် TTCL Power Myanmar Company Ltd (TPMC) တို့မှ အကောင်အထည်ဖော်မည့် LNG သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း (ESIA) လုပ်ငန်းစဉ်များအား (ဒုတိယအကြိမ်) ဒေသခံပြည်သူလူထုသို့ ချပြရှင်းလင်းခြင်း အခမ်းအနားကို ယမန်နေ့က အလုံမြို့နယ် မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားသည်။ ထို့နောက် MOGE မှ အထွေထွေမန်နေဂျာ ဦးလှဝင်းဌေးက လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ TTCL ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးထက်အောင်မွန်က စီမံကိန်းဆိုင်ရာကိစ္စများကိုလည်းကောင်း၊ တတိယအဖွဲ့အစည်း ERM Team မှ ဒေါ်စုစုနိုင်က စီမံကိန်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် သက်ရောက်မှုများအကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းခဲ့ကြသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း လူထုပူးပေါင်းပါဝင်ဆွေးနွေးပွဲ ကျင်းပစဉ်။



# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း (၄/၂၀၁၉) အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရုံးအမှတ် (၂၇) နေပြည်တော်၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သတင်းမီဒီယာသမားများ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် ကရင်ပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဓာတ်အားပေးစက်ရုံများ၏ တပ်ဆင်အင်အား၊ သဘောသဘာဝနှင့် ဓာတ်အားထုတ်လုပ်ပေးနိုင်မှု အခြေအနေ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ရှိ ကမာနတ် ပင်မဓာတ်အားခွဲရုံတွင် ဓာတ်အားခွဲရုံ တစ်ရုံ တိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအခြေအနေ၊ ကျောက်ခွက်၊ လက်ပံတိုရေနံမြေ 3D ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေ၊ မြန်အောင်တွင်းအမှတ်(၁၇၄)၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်ထုတ်လုပ်မှုအခြေအနေ၊ ရေနံဓာတ်ငွေ့ရှည်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပို့အားပြည့်မီစွာ အသုံးပြုနိုင်ရန်နှင့် ဓာတ်အားစနစ်အား အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဓာတ်အားပေးစက်တပ်ဆင်တည်ဆောက်ထားသည့်အခြေအနေ၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရေသွယ်ဥမင်လိုဏ် နှစ်လုံး၏ အပေါ်ပိုင်း အခြမ်းများ တိုးလျှိုပေါက် ဖောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာဌာနအလိုက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(အပေါ်ပုံ)**

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းမင်းလတ်**

# ထန်းတပင်မြို့နယ် စာသင်ကျောင်းများ၌ ရွှေ့လျားစာကြည့်တိုက်နှင့် စာဌားဝန်ဆောင်မှုများဆောင်ရွက်

**ရေတာရှည် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Assouation )တို့ ပူးပေါင်း၍ ရွှေ့လျားစာကြည့်တိုက်နှင့် စာဌားဝန်ဆောင်မှုလုပ်ငန်းများကို ဇွန် ၁၁ ရက်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သဇင်နှင့် ဝန်ထမ်းများက ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA) မှ Ms.Aki Nakahara ဦးစီးသည့်အဖွဲ့နှင့် ပူးပေါင်း၍ ချောင်းဝကျေးရွာအုပ်စု ကျွန်းသုံးပင်ကျေးရွာ မူလတန်းလွန်ကျောင်းသို့လည်းကောင်း၊ တပြေး-ဒိုးသောင်-တောင်ငူ ကားလမ်းဘေးရှိ ကရင်နီကုန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)သို့လည်းကောင်း သွားရောက်ကာ ကျောင်းသားကျောင်းသူများအား သရုပ်ဖော်စာအုပ်များ ပြသ၍ ပုံပြင်ပြောကြားခြင်း၊ စက္ကူပြဇာတ်၊ ဘုတ်ပြားပြဇာတ်တို့ဖြင့် ရှင်းလင်းပြောကြားခြင်း၊ ကိုယ်လက်လှုပ်ရှားမှုဖြင့် ကဗျာရွတ်ဆိုခြင်း **(ယာပုံ)**၊ ကလေးများအား စာဖတ်စေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ကလေးများအတွက် တစ်လစာ စာအုပ်များကိုလည်း ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်**



# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ပြဋ္ဌာန်း

***ယမန်နေ့မှအဆက်***

(စ) မန်နေဂျာတစ်ဦးသည် ပုဒ်မခွဲ (က) အရ အခွန်ပေးဆောင်ရန် တာဝန်ရှိသည့်အတွက် အခွန်ပေးဆောင်ခဲ့လျှင် ယင်းမန်နေဂျာသည် ပေးဆောင်ထားသည့် ပမာဏကို တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုထံမှရရန်ရှိသည့် ကြွေးမြီအဖြစ် ပြန်လည်ရယူနိုင်သည်။

(ဆ) တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခု၏ သက်ဆိုင်ရာအခွန်အတွက် စည်းကြပ်ရမည့် ကာလစည်းကမ်း သတ်ကုန်ဆုံးသွားပါက ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခု၏ မန်နေဂျာအပေါ် ဤပုဒ်မအရ စည်းကြပ်မှု မပြုနိုင်။

(ဇ) ဤပုဒ်မအရ -

(၁) တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာဟုဆိုရာတွင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာအဖြစ် ဆောင်ရွက်လျက်ရှိသည်ဟု မှတ်ယူနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးလည်း ပါဝင်သည်။

(၂) သက်ဆိုင်မှုရှိသည့်အချိန်ဆိုသည်မှာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ အခွန်တာဝန်တစ်ရပ်ရပ်ကို ပေါ်ပေါက်စေသော အကြောင်းခြင်းရာများမတိုင်မီ ခြောက်လကာလကို ဆိုသည်။

**တရားစွဲဆိုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၅၆။ (က) ပေးသွင်းရန်ရှိနေသည့်အခွန်သည် နိုင်ငံတော်အစိုးရသို့ ပေးသွင်းရမည့်ကြွေးမြီဖြစ်ပြီး ယင်းကို အခြားမြီရှင်များထံ ပေးရန်ရှိသည့် ကြွေးမြီများထက် ဦးစားပေးရမည်ဖြစ်ကာ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးသွင်းရန်ဖြစ်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် သတ်မှတ်ထားသောအချိန်တွင် အခွန်ပေးဆောင်ရန်ပျက်ကွက်ပါက ပေးဆောင်ရမည့် အခွန်အနက်မှ ပေးဆပ်ရန်ရှိသည့်ကြွေးမြီကို ပြန်လည်ရရှိစေရန်အလို့ငှာ ညွှန်ကြားရေးမှူးချုပ်သည် စီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာ တရားရုံးတစ်ခုခုတွင် ဥပဒေကြောင်းအရ အရေးယူခြင်းကို စတင်ဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မအရ မည်သည့်တရားစွဲဆိုမှုတွင်မဆို တရားပြိုင်အမည်နှင့် ပေးဆောင်ရမည့် အခွန်ပမာဏကို ဖော်ပြသော ညွှန်ကြားရေးမှူးချုပ်က လက်မှတ်ရေးထိုးထားသည့် အထောက်အထားသည် ယင်းအခွန်ပမာဏကို ပေးဆောင်ရမည်ဖြစ်ကြောင်း လုံလောက်သည့် သက်သေခံချက်ဖြစ်စေရမည်။

**အကြွေးမကျေမီပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့် (Lien)**

၅၇။ (က) အခွန်ထမ်းသည် အခွန်ကို သတ်မှတ်ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက အဆင့်ဆင့်တိုးပွားလာနိုင်သည့် အတိုး၊ ဒဏ်ကြေးငွေနှင့် ကောက်ခံရသည့် ကုန်ကျစရိတ်တို့အပါအဝင်ဖြစ်သည့် အခွန်ထမ်းပေးဆောင်ရမည့် ပမာဏနှင့်အညီဖြစ်သော အခွန်ထမ်းပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို ညွှန်ကြားရေးမှူးချုပ်က လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိပြီး ယင်းသည် ဤပုဒ်မတွင် အခြားနည်းအားဖြင့် ဖော်ပြထားခြင်းမှအပ အခြားအခွင့်အရေးအားလုံးထက် ဦးစားပေးအဆင့်တွင် ရှိရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါအကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်သည် အခွန်ပေးဆောင်ရန် သတ်မှတ်ရက်ကုန်ဆုံးသည့် ညသန်းခေါင်ယံအချိန်မှ စတင်ပေါ်ပေါက်ပြီး အခွန်ကိုအကျေပေးဆောင်ပြီးသည့် အချိန်အထိလည်းကောင်း၊ အချိန်ကျော်လွန်သွားခြင်းကြောင့် အာဏာသက်ရောက်ခြင်းမရှိတော့သည်အထိလည်းကောင်း ဆက်လက်တည်မြဲစေရမည်။

(ဂ) ဤပုဒ်မအရ ချမှတ်သည့် ပိုင်ဆိုင်မှုအပေါ် အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်အရ အခွန်ထမ်း၏ ပိုင်ဆိုင်ပစ္စည်းတစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဝယ်ယူထားသူ၊ ယင်းအား အပေါင်ပစ္စည်းအဖြစ် ထိန်းသိမ်းထားသူနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပိုင်ဆိုင်ခွင့်အန္တယ်ရှိသူများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာခြင်း မရှိစေရ -

(၁) အကြွေးမကျေမီ လက်ဝယ်ထိန်းသိမ်းထားသည့် ပစ္စည်းဖြစ်ကြောင်း မသိရှိမီကပင် ယင်းပုဂ္ဂိုလ်သည် ဥပဒေနှင့်အညီ လက်ဝယ်ရရှိပိုင်ဆိုင်ထားခြင်း၊

(၂) အဆိုပါပစ္စည်းအား အခွန်ထမ်း၏ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ လွှဲပြောင်းခြင်းမပြုရန် တားမြစ်ကြောင်း မှတ်ပုံတင်မှုကို ဆောင်ရွက်သည့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများသို့ ညွှန်ကြားရေးမှူးချုပ်က စာဖြင့်အကြောင်းကြားခြင်း မပြုမီကပင် ဥပဒေနှင့်အညီ လက်ဝယ်ရရှိပိုင်ဆိုင်ထားခြင်း။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်ပြီးသည့် အခွန် သို့မဟုတ် ဆက်စပ်နေသည့် အတိုး သို့မဟုတ် ဒဏ်ကြေးငွေကို အခွန်ထမ်းက အပြေအကျေသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ပေးဆောင်ခြင်းမရှိလျှင် အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိကြောင်း အကြောင်းကြားစာကို မည်သည့်အချိန်တွင်မဆို ထုတ်ဆင့်နိုင်သည်။

(င) အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိကြောင်း အကြောင်းကြားစာ ထုတ်ပြန်ရန်အတွက် နည်းလမ်းများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။ အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိကြောင်း အကြောင်းကြားစာ ထုတ်ပြန်ပြီးစေကာမူ အကြောင်းကြားစာပါအတိုင်း သက်ရောက်မှုမရှိနိုင်မည့် အကျိုးစီးပွားအမျိုးအစားများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

(စ) အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ကို သက်ဆိုင်ရာ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခြင်းမပြုမီ ညွှန်ကြားရေးမှူးချုပ်သည် ထိုသို့မှတ်ပုံတင်မည့်အကြောင်း အခွန်ထမ်းထံ အကြောင်းကြားစာ ပေးပို့ရမည်။

(ဆ) အခွန်ကောက်နိုင်စွမ်းကို ပျက်ပြားစေနိုင်သည်ဟု ညွှန်ကြားရေးမှူးချုပ်က အထောက်အထား တစ်စုံတစ်ရာတွေ့ရှိပါက ပုဒ်မခွဲ (စ) ပါ အကြောင်းကြားစာကိုမပို့ဘဲ ဆက်လက်ဆောင်ရွက်နိုင်သည်။

(ဇ) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရ အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ကို ကျင့်သုံးရာတွင် လိုအပ်ပါက သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဈ) ဤပုဒ်မအရ သက်ရောက်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်ကို ရုပ်သိမ်းပေးပါရန် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြနိုင်သည်။ ထိုသို့တင်ပြခြင်းကို ညွှန်ကြားရေးမှူးချုပ်က ငြင်းပယ်သည့်အခါ သက်ဆိုင်ရာ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

**အခွန်ထမ်း၏ ပစ္စည်းအပေါ်တွင် ဒီကရီအတည်ပြုခြင်း (Execution)**

၅၈။ (က) အခွန်ထမ်းသည် အခွန်ပေးဆောင်ရန် ပျက်ကွက်ပါက ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း၏ ပစ္စည်းကို သိမ်းဆည်းနိုင်သည်။ သို့ရာတွင် ပုဒ်မ ၅၇၊ ပုဒ်မခွဲ (ဆ) အရ ဆုံးဖြတ်သည့်အခါမှတစ်ပါး ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း၏ပစ္စည်းကို သိမ်းဆည်းမည်ဖြစ်ကြောင်း အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးဆောင်ရန် ပျက်ကွက်မှသာလျှင် ညွှန်ကြားရေးမှူးချုပ်က ပစ္စည်းသိမ်းဆည်းခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။

(ခ) အခွန်ကောက်ခံရာ၌ ဆုံးရှုံးမှုရှိနိုင်သည်ဟု အထောက်အထား တစ်စုံတစ်ရာတွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်သည် အခွန်ကို ချက်ချင်းပေးဆောင်စေရန် တောင်းခံနိုင်ပြီး အခွန်ထမ်းက ပေးဆောင်ရန် ပျက်ကွက်ပါက ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ဂ) တွင် မည်သို့ပင်ဆိုစေကာမူ အခွန်ထမ်း၏ ပစ္စည်းသိမ်းဆည်းခြင်းကို ချက်ချင်းဆောင်ရွက်နိုင်သည်။

(ဂ) သိမ်းဆည်းကြောင်း သတ်မှတ်ထားသည့် ပစ္စည်း၏ အစိတ်အပိုင်းသည် သက်ဆိုင်ရာတရားရုံးက တရားမကျင့်ထုံးဥပဒေအရ ဝရမ်းစွဲကပ်ခြင်း သို့မဟုတ် ဒီကရီအတည်ပြုခြင်း ဆောင်ရွက်ထားပြီးဖြစ်သည့် အခြေအနေမှအပ ဘဏ်နှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦးသည် သိမ်းဆည်းကြောင်း သတ်မှတ်ထားသည့်ပစ္စည်းကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် အာမခံပစ္စည်းအဖြစ် ထိန်းသိမ်းထားခြင်းဖြစ်ပါက တာဝန်ခံအရာရှိ၏ တောင်းဆိုချက်အရ ယင်းပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်ထံ စွန့်လွှတ်ပေးအပ်ရမည်ဖြစ်ပြီး အာမခံအဖြစ်ထားရှိပါက ယင်းကို ပယ်ဖျက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးသည် အထက်ပါတောင်းဆိုချက်ကို လိုက်နာရန် ပျက်ကွက်ပါက ထိန်းသိမ်းထားသည့်ပစ္စည်း သို့မဟုတ် အာမခံပစ္စည်း၏တန်ဖိုးအတိုင်း သိမ်းဆည်းရန် သတ်မှတ်ထားသည့် ပမာဏထက် မကျော်လွန်စေဘဲ ညွှန်ကြားရေးမှူးချုပ်ထံ ပေးဆောင်ရန် တာဝန်ရှိသည်။

(င) ဤပုဒ်မအရသော်လည်းကောင်း၊ ပုဒ်မ ၆၀ အရသော်လည်းကောင်း သတ်မှတ်ထားသည့် လိုအပ်ချက်များကို လိုက်နာဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးသည် လိုက်နာဆောင်ရွက်သည့်အချိန်မှစ၍ ညွှန်ကြားရေးမှူးချုပ်ထံ စွန့်လွှတ်ပေးအပ်လိုက်သည့်ပစ္စည်း သို့မဟုတ် အာမခံပစ္စည်းအဖြစ်မှ ပယ်ဖျက်လိုက်သည့် တန်ဖိုးပမာဏအထိ အခွန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးသို့ ပေးရန်တာဝန်မှ လွတ်ငြိမ်းခွင့်ပြုရမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မှု၏ အကျိုးဆက်အားဖြင့် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ကိုယ်တိုင်တာဝန် မရှိစေရ။

(စ) ဤပုဒ်မအရ ပစ္စည်းသိမ်းဆည်းခြင်းကို အခွန်ထမ်းက အခွန်ပေးဆောင်ရန် ပျက်ကွက်ကြောင်း သတ်မှတ်ခံရသည့်နေ့ရက်မှ ခြောက်နှစ်အတွင်း စတင်ဆောင်ရွက်ရမည်။

(ဆ) အခွန်ထမ်းတစ်ဦး၏ တန်ဖိုးများပြားခြင်းမရှိသော အိမ်ထောင်ပရိဘောဂများနှင့် ကိုယ်ရေးကိုယ်တာ အသုံးအဆောင်များကို သိမ်းဆည်းခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

ရှင်းလင်းချက်။ အခွန်ထမ်း၏ပစ္စည်းအပေါ်တွင် ဒီကရီအတည်ပြုခြင်းဆိုသည်မှာ အခွန်ထမ်း၏ အခွန်ကြွေးကျန်ကို အရကောက်ခံရာတွင် ယင်းအခွန်ထမ်း၏ ရရန်ပိုင်ခွင့်များ၊ ငွေကြေး သို့မဟုတ် ပစ္စည်းကို သိမ်းဆည်းခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ဆိုသည်။

**သိမ်းဆည်းပစ္စည်းရောင်းချခြင်း**

၅၉။ (က) ညွှန်ကြားရေးမှူးချုပ်သည် သိမ်းဆည်းထားသည့် ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် လုံလောက်သောအကြောင်းအရင်းမရှိပါက အခွန်ကောက်ခံရရှိရန်အလို့ငှာ သိမ်းဆည်းထားသည့် ပစ္စည်းများကို ရောင်းချရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရောင်းချရရှိငွေများအနက်မှ ပစ္စည်းသိမ်းဆည်းခြင်းနှင့် ရောင်းချခြင်းကုန်ကျစရိတ်များအတွက် ဦးစွာနုတ်ယူရမည်ဖြစ်ပြီး ယင်းနောက်တွင် ဒဏ်ကြေးငွေ၊ အတိုးနှင့် အခွန်တို့ကို ပေးသွင်းစေကာ ပိုငွေကို အခွန်ထမ်းထံ ပြန်လည်ပေးအပ်ရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေက အပ်နှင်းထားသည့် ရောင်းချခြင်းဆိုင်ရာ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်အရ အများပြည်သူသို့ လေလံတင်ရောင်းချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတ်မှတ်နိုင်ပြီး အောက်ပါတို့ကိုလည်း ဆောင်ရွက်နိုင်သည် -

(၁) လေလံကြေးအမြင့်ဆုံးပေးသူက ပေးသွင်းရမည့် စပေါ်ငွေပမာဏကို သတ်မှတ်ခြင်း၊

(၂) ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(၃) စပေါ်ငွေပေးသွင်းရမည့်ကာလနှင့် ယင်းကို ပြန်လည်ထုတ်ပေးနိုင်မည့် အခြေအနေများကို သတ်မှတ်ခြင်း၊

(၄) လေလံကြေးအမြင့်ဆုံးပေးသူက လိုအပ်သော စပေါ်ငွေပေးသွင်းရန်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း ဝယ်ယူမှုကို ပြီးမြောက်အောင် ဆောင်ရွက်ရန်သော်လည်းကောင်း ပျက်ကွက်လျှင် လေလံကြေးဒုတိယအမြင့်ဆုံးပေးသူကို အမြင့်ဆုံးလေလံကြေးပေးသူအဖြစ် ပစ္စည်းဝယ်ယူခွင့်ရမည်ဖြစ်ကြောင်း ကြေညာခြင်း။

(ဃ) သိမ်းဆည်းထားသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့်အချိန်နှင့် နေရာတွင် လေလံတင်ရောင်းချရမည်။ သို့ရာတွင် သိမ်းဆည်းထားသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းသည် ပျက်စီးလွယ်သည့် သဘောသဘာဝရှိသည်ဟု ညွှန်ကြားရေးမှူးချုပ်က အထောက်အထား တစ်စုံတစ်ရာတွေ့ရှိပါက သို့မဟုတ် ပိုင်ရှင်က ဆောလျင်စွာ ရောင်းချရန် တောင်းဆိုသည့်ကိစ္စမှအပ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို သိမ်းဆည်းသည့်နေ့မှ ၁၄ ရက်အတွင်း ရောင်းချခြင်း မပြုရ။

(င) ဤဥပဒေအရ သိမ်းဆည်းထားသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်က သင့်လျော်သည်ဟု ဆုံးဖြတ်သည့်နေရာတွင် ထားရှိခြင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး၏ လက်ဝယ်တွင် အပ်နှံခြင်းပြုရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ၁၄ ရက်အတွင်း ရောင်းချခြင်းမှတစ်ပါး သိမ်းဆည်းထားသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ရောင်းချမည့်ရက်မတိုင်မီ အခွန်ထမ်းသို့ အကြောင်းကြားစာ ပေးပို့ရမည်ဖြစ်ပြီး နိုင်ငံပိုင်သတင်းစာတွင် ကြေညာရမည်။

(ဆ) ပုဂ္ဂိုလ်တစ်ဦးသည် ရွှေ့ပြောင်းနိုင်သောပစ္စည်း သိမ်းဆည်းခြင်းနှင့် ရောင်းချခြင်းပြုရန် ညွှန်ကြားရေးမှူးချုပ်က စာဖြင့် အတိအလင်း လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းခံရပါက -

(၁) ရွှေ့ပြောင်းနိုင်သောပစ္စည်းကို သိမ်းဆည်းရန် ထုတ်ပြန်ထားသောအမိန့်ကို အတည်ပြုခြင်းနှင့် လိုအပ်ပါက အဆောက်အအုံကို နေ့အချိန်၌ ချိုးဖျက်ဝင်ရောက်ခြင်းပြုနိုင်သည်။

(၂) ပုဒ်မခွဲငယ် (၁) အရ အမိန့်အတည်ပြုခြင်းနှင့် သိမ်းဆည်းခြင်းတို့အတွက် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ အကူအညီ တောင်းခံနိုင်သည်။

(ဇ) ဤဥပဒေအရ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို တာဝန်ပေးအပ်ထားခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းသည် လိုအပ်ပါက နိုင်ငံတော်အစိုးရကိုယ်စား လေလံဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် ဝယ်ယူခြင်းပြုနိုင်သည်။

(ဈ) ရောင်းချရန် ကြေညာထားသည့်ပစ္စည်းကို သတ်မှတ်နေ့ရက်တွင် ရောင်းချနိုင်ခြင်းမရှိပါက ရောင်းချနိုင်ရန် ထပ်မံဆောင်ရွက်နိုင်သည်။

(ည) ရောင်းချခြင်းကို ဆောင်ရွက်သည့်ဝန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်သည် ရောင်းချခြင်း၏ရလဒ်ကို ညွှန်ကြားရေးမှူးချုပ်ထံ အစီရင်ခံနိုင်ပြီး ဝယ်ယူသည့်အတွက် ငွေကြေးကို ပေးချေပြီးပါက ပစ္စည်းကို ဝယ်ယူသူထံ လွှဲပြောင်းပေးရန် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားနိုင်သည်။

(ဋ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ည) အရ တင်သွင်းသည့် အစီရင်ခံစာကို ပြန်လည်သုံးသပ်ပြီးနောက် အစီရင်ခံစာတွင် ဖော်ပြထားသည့် ပစ္စည်းရောင်းချမှုနှင့် စပ်လျဉ်း၍ လိမ်လည်မှု သို့မဟုတ် မလျော်မကန်ပြုမှုရှိသည်ဟု အထောက်အထားတစ်စုံတစ်ရာတွေ့ရှိပါက ရောင်းချခြင်းကို တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပါဠိပထမပြန် ဘာသာပြန်ပြဋ္ဌာန်းကျမ်းစာများ သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဦးစီးဌာနက ကျင်းပသော ပါဠိပထမပြန်စာမေးပွဲဘာသာပြန်ကျမ်းစာ ဇာတကအဋ္ဌကထာကို ၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

(က) ပထမကြီးတန်း - သတ္တကနိပါတ်အစမှ ဒသကနိပါတ်အဆုံးအထိ(ဇာတ်ပေါင်း ၅၉)

(ခ) ပထမလတ်တန်း - ဒုကနိပါတ်အစမှ ဒုကနိပါတ် ဗီရဏထမ္ဘဝဂ်အဆုံးအထိ (ဇာတ်ပေါင်း ၇၀)

(ဂ) ပထမငယ်တန်း - ဧကနိပါတအပဏ္ဏကဝဂ်အစမှ ကုရုင်္ဂဝဂ်အဆုံးအထိ (ဇာတ်ပေါင်း ၃၀)

**သာသနာရေးဦးစီးဌာန**

# နတ်တလင်းနှင့်ဇီးကုန်းမြို့နယ်တို့၌ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

**နတ်တလင်း ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကံကလေးရွာ မူလတန်းလွန်ကျောင်းသို့ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ ညှိနှိုင်းရေးမှူး Ms.Kyoko Ito၊ စာကြည့်တိုက်ဝန်ထမ်း မသင်းသင်းမြတ်နှင့်အဖွဲ့သည် ဇွန် ၁၃ ရက် နံနက် ၉နာရီ ၄၅ မိနစ်က မူလွန်ကျောင်းစာကြည့်တိုက်ဖွင့်ပွဲ၊ ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မဥ္ဇူအေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးစိုးတို့က ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ စာကြည့်တိုက်များအတွက် ကူညီပံ့ပိုးပေးခြင်းကို ကျေးဇူးတင်ရှိကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများအပြင် အခြားသူများလည်း ကျောင်းစာကြည့်တိုက်မှ ဗဟုသုတရရှိစေမည့် စာအုပ်များကို ဖတ်ကြားလေ့လာကြရန်နှင့် စာအုပ်များကိုလည်း ဝိုင်းဝန်းလှူဒါန်းကြရန် ပြောကြားသည်။

ထို့နောက် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ မသင်းသင်းမြတ်က ကျောင်းသားကျောင်းသူများအား ငရုတ်သီးလေး၏ အသုံးဝင်ပုံ ပုံပြင်အပါအဝင် အခြားပုံပြင်များနှင့် ကဗျာများ ရွတ်ဖတ်ခြင်း၊ စာဖတ်ခြင်းကို ဝါသနာပါစေရန် အသိပညာပေးဟောပြောခြင်းနှင့် စာကြည့်တိုက်ရှိစာအုပ်များ မပျောက်အောင် မှတ်သားပုံ နည်းစနစ်များကို သင်ကြားပြသပြီး တစ်လစာစာအုပ်များ ငှားရမ်းပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ရွာမရပ်ကွက် ဦးအောင်ဇေယျလမ်းရှိ အေးငြိမ်းသာ မူလတန်းကျောင်း စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။ (**အောက်ပုံ**) အခမ်းအနားတွင် ကျောင်းသားကျောင်းသူများက ကဗျာများဖတ်ခြင်း၊ ဆရာမများက စိတ်ဝင်စားစရာပုံပြင်များ ပြောပြခြင်းနှင့် ကလေးများက လိုက်ပါသရုပ်ပြသခြင်းများ ပြုလုပ်ကြကြောင်းနှင့် ရသစုံစာအုပ်များကို ရှန်တီအဖွဲ့မှ လှူဒါန်းသွားကြောင်း သိရသည်။

အလားတူ ယနေ့နံနက်ပိုင်းက ဇီးကုန်းမြို့ ဝက်ကော်အခြေခံပညာ အလယ်တန်းကျောင်းခွဲနှင့် လယ်တွင်းအခြေခံပညာအလယ်တန်းကျောင်းတို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်း၍ ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**






ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြည်မြို့ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ကြည့်ရှုစစ်ဆေးစဉ်။

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြည်မြို့ရှိ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ပြန်/ဆက်ရုံးများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့တွင် ပြည်မြို့ရှိ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံး/စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မီးဘေးလုံခြုံရေးအထူးဂရုပြု**

ဒုတိယဝန်ကြီးသည် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပြည်မြို့ရုပ်သံထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး တာဝါတိုင်များနှင့် အဆောက်အအုံများရှိ မိုးကြိုးလွှဲများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီမှုရှိနေစေရေး စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများအား မိုးကြိုးအန္တရာယ် အသိပညာပေးရန်၊ စက်ရုံအတွင်းရှိ သက်တမ်းကြာမြင့်ပြီဖြစ်သော NEC စက်ပစ္စည်းများကို ထိန်းသိမ်းပြုပြင်ပြီး စနစ်တကျအသုံးပြုရေး ဂရုပြုဆောင်ရွက်ရန်နှင့် စက်ရုံ မီးဘေးလုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်အပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ခရိုင်နှင့် ပေါင်းတည်မြို့နယ် ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက်များကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဇီးကုန်းနှင့် ကြို့ပင်ကောက်မြို့နယ် ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက်များကိုလည်းကောင်း၊ ညနေပိုင်းတွင် သာယာဝတီခရိုင် ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ပြည်သူ့အကျိုးပြုလုပ်ငန်းများ တက်ကြွစွာဆောင်ရွက်**

ထိုသို့ စစ်ဆေးစဉ် ဒုတိယဝန်ကြီးက လူထုအခြေပြု ဗဟိုဌာန (Community Centre) များအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိရာတွင် အများပြည်သူဝင်ထွက်သွားလာပြီး အသုံးပြုနိုင်ရန်အတွက် အဆောက်အအုံများ ကြံ့ခိုင်မှု ကောင်းမွန်ရေးနှင့် သာယာလှပမှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရုံးဝင်းအတွင်းနှင့် ရုံးရှေ့မျက်နှာစာများတွင် မြေလွတ်မြေလပ်များရှိပြီး အခြေအနေပေးပါက ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရေး အားကစားပစ္စည်းများ တပ်ဆင်ပေးရန်၊ စာကြည့်တိုက်တွင် စာအုပ်စာစောင်များကို စနစ်တကျဖြည့်ဆည်းထိန်းသိမ်းပြီး စာကြည့်တိုက်သုံးစွဲသူများ ပိုမိုစိတ်ဝင်စားစွာ အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ကလေးစာဖတ်ခန်းအတွက် စာအုပ်စာစောင်များ ဖြည့်တင်းပေးမှုအပြင် ကလေးကစားစရာများ ဖြည့်ဆည်းပေးရန်၊ အခြေအနေပေးပါက ကလေးကစားကွင်းများ ဖောက်လုပ်ပေးရန်နှင့် နယ်မြေဒေသအတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# အဆင့်မြှင့်တင်တည်ဆောက်နေသည့် ဘီလူးချောင်းဖြတ် ကန္ဒာရဝတီတံတား စက်တင်ဘာလကုန်တွင် စတင်အသုံးပြုနိုင်မည်

**လွိုင်ကော် ဇွန် ၁၃**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကန္ဒာရဝတီတံတားကို ပြန်လည်တည်ဆောက်လျက်ရှိရာ ယခုနှစ် စက်တင်ဘာလအတွင်း အပြီးတည်ဆောက်ပေးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ ၆ မှ သိရသည်။

"၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်အတွင်းမှာ တံတားကြီးတည်ဆောက်မှုက ကန္ဒာရဝတီတံတားတစ်စင်းသာရှိပါတယ်။ ဒီတံတားကို ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှာ စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ၃၅ ရာခိုင်နှုန်းတော့ ပြီးစီးနေပါပြီ။ လာမယ့် စက်တင်ဘာလကုန်ကို အပြီးတည်ဆောက်သွားဖို့ ကြိုးပမ်းနေပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ ၆ နေပြည်တော်မှ ဦးစီးအရာရှိ ဦးမြင့်သူက ပြောကြားသည်။

လက်ရှိတွင် အောက်ခံအုတ်မြစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တံတားသည် အရှည် ၃၀၄ ပေ ၉ လက်မခန့်ရှိပြီး ယခင်က ယာဉ်သွားလမ်းအကျယ် ၂၂ ပေနှင့် လူသွားလမ်း ဘေးနှစ်ဖက် သုံးပေစီ စုစုပေါင်း ၂၈ ပေရှိသည့် နှစ်လမ်းသွားတံတားမှ ယခုအခါ ထပ်မံတိုးချဲ့ တည်ဆောက်ထားခြင်းကြောင့် ယာဉ်သွားလမ်းအကျယ် ၄၄ ပေနှင့် လူသွားလမ်းဘေး နှစ်ဖက် နှစ်ပေစီ၊ စုစုပေါင်း ၄၈ ပေ ခန့် လေးလမ်းသွားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်ကြောင်း တံတားအထူးအဖွဲ့ ၆ မှ သိရသည်။

ကန္ဒာရဝတီတံတားကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ခွင့်ပြုမှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ်သန်း ၈၀၀ ချမှတ်ကာ တည်ဆောက်နေခြင်းဖြစ်သည်။ ထို့အပြင် လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းရမည့် အမြဲတမ်းအလုမီးများ၊ ခုံးများနှင့် ချဉ်းကပ်လမ်းများ၊ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေ ကျပ်သန်း ၁၆၀ ဆက်လက်တောင်းခံထားကြောင်း သိရသည်။

မူလ ကန္ဒာရဝတီတံတားကို သစ်သားတံတားမှ ၁၉၈၅ ခုနှစ်တွင် ကွန်ကရစ်တံတားအဖြစ် အဆင့်ဆင့်ပြောင်းလဲတည်ဆောက်ထားခဲ့ကြောင်း၊ နှစ်လမ်းသွားတံတားအဖြစ် နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်လာပြီဖြစ်သည့်အတွက် ပိုမိုကြံ့ခိုင်မှုရှိစေရန်နှင့် လေးလမ်းသွားအဖြစ် မော်တော်ယာဉ်များ ပိုမိုလွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရန်အတွက် ပြုပြင်တည်ဆောက်ခြင်းဖြစ်ကြောင်း ဦးမြင့်သူက ဆက်လက်ပြောကြားသည်။

ဘီလူးချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည့် ကန္ဒာရဝတီတံတားသည် လွိုင်ကော်မြို့မင်းစုနှင့် ရွှေတောင်ရပ်ကွက်တို့အကြား တည်ရှိပြီး ပြည်ထောင်စုလမ်းမ၏ မိုင်တိုင် ၁၃၀/၅ နှင့် ၁၃၀/၆ တို့တွင် တည်ရှိခြင်းဖြစ်သည်။ အဆိုပါတံတားတည်ရှိရာ လမ်းသည် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့ရှိ မြို့နယ်များထံ သွားလာရာတွင် အဓိကကျသည့် လမ်းမတစ်ခုဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး တောင်ငူ-လိပ်သို-ယာဒို ဒေသများအထိလည်း ဖြတ်သန်းသွားလာနိုင်သည့်အတွက် တံတား တည်ဆောက်ရေးပြီးစီးပါက ယခင်ကထက် မော်တော်ယာဉ်များ ပိုမိုလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

**(ကယားပြန်/ဆက် သင်တန်းသားများ)**



ဘီလူးချောင်းဖြတ် ကန္ဒာရဝတီတံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီး မဏ္ဍိုင် (၄) ရပ်တွေ့ဆုံပွဲတွင် သတင်းစာရှင်းလင်းပွဲများနှင့် မီဒီယာချပြရေးလုပ်ငန်းစဉ်များအား အထူးဆွေးနွေးမည်

ရန်ကုန် ဇွန် ၁၃

**ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး မဏ္ဍိုင် (၄) ရပ်တွေ့ဆုံပွဲတွင် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရလက်အောက်ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအနေဖြင့် အခွင့်အခါအလျောက် သတင်းစာရှင်းလင်းပွဲများနှင့် ပွင့်လင်းမြင်သာစွာ မီဒီယာချပြရေး လုပ်ငန်းစဉ်များ လုပ်ဆောင်ပေးနိုင်ရေး အထူးဆွေးနွေးတင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီ ဦးအုန်းကြိုင်)က ပြောကြားသည်။**

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ပူးမားဟိုတယ် Grand Center Point Ballroom ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲ အကြိုညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက မီဒီယာများအား အထက်ပါအတိုင်း ပြောကြားခဲ့သည်။

"တိုင်းဒေသကြီး အစိုးရအပါအဝင် မဏ္ဍိုင်(၄)ရပ် တွေ့ဆုံပွဲမှာ အဓိကပြည်သူများ သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေကို ပွင့်လင်းမြင်သာစွာ ချပြဖို့နဲ့ အခွင့်အခါသင့်ရင် သင့်သလို မီဒီယာရှင်းလင်းပွဲတွေ ကျင်းပပေးဖို့ အဓိကတောင်းဆိုမှာပါ။ အရင်ခေတ်ကတောင် အခုလို မီဒီယာရှင်းလင်းပွဲတွေကို သူ့သက်ဆိုင်ရာဌာနတွေ အနေနဲ့ တစ်ပတ်တစ်ခါ၊ ၁၅ ရက်တစ်ခါ လုပ်တာတွေ ရှိခဲ့တယ်။ ခုနောက်ပိုင်း အဲဒီလို ရှင်းလင်းပွဲတွေလည်းပျောက်၊ ပြောရေးဆိုခွင့်ရှိသူတွေလည်း မထားတော့ မီဒီယာအမှောင်ချသလို ဖြစ်နေတယ်။ ဒါတွေကို ကျွန်တော်တို့ မီဒီယာတွေ အနေနဲ့ အဓိကထား တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်က ပြောကြားသည်။

**တက်ရောက်**

ရန်ကုန်တိုင်းဒေသကြီး မဏ္ဍိုင်(၄)ရပ် တွေ့ဆုံပွဲကို ဇွန် ၁၄ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပူးမားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ အခမ်းအနားသို့ အုပ်ချုပ်ရေးမဏ္ဍိုင်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဥပဒေပြုရေးမဏ္ဍိုင်မှ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ တရားစီရင်ရေးမဏ္ဍိုင်မှ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမီဒီယာကဏ္ဍမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ မဏ္ဍိုင်(၄)ရပ် တွေ့ဆုံပွဲတွင် မီဒီယာများအနေဖြင့် ကဏ္ဍအလိုက် ပြည်သူများ သိသင့်သိထိုက်သော အချက်များဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင် စသည်တို့နှင့် ပတ်သက်၍လည်းကောင်း၊ အစိုးရအဖွဲ့ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြည်သူများ သိသင့်သိထိုက်သည့်အချက်များကို ပွင့်လင်းမြင်သာစွာ မီဒီယာများမှတစ်ဆင့် ကြားသိနိုင်ရေး အထူးဆွေးနွေး တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **စိန်လွင်အောင်**




**မဏ္ဍိုင်(၄)ရပ်တွေ့ဆုံပွဲ အကြိုညှိနှိုင်းအစည်းအဝေးတွင် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် အမှာစကားပြောကြားစဉ်။**
ဓာတ်ပုံ- မင်းထက်

# ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ဒုတိယ) ပွဲစဉ် စတင်ကျင်းပ

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံတွင်ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ဂေါက်သီးမျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ မြဝတီဘဏ်လီမိတက်၏ အဓိကကူညီပံ့ပိုးမှုဖြင့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ဒုတိယ) ပွဲစဉ်(ပထမ)နေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟံသာဝတီ ဂေါက်ကွင်း ပဲခူးမြို့၌ ကျင်းပရာသည်။

ရှေးဦးစွာ ပြိုင်ပွဲ၌ အားကစားသမားများ သတ်မှတ်တီခုံပေါ်တွင် နေရာယူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဒုတိယမန်နေဂျင်း ဒါရိုက်တာ ဦးစိုးသိန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး (အထွေထွေအုပ်ချုပ်ရေးရာ ဌာနကြီး) ဦးမင်းဇော်၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှဌာနကြီးမှူး (ဝန်ဆောင်မှုလုပ်ငန်းများဌာနကြီး) ဦးအောင်ရဲဝင်း၊ မြဝတီဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျ ဂေါက်သီးရိုက်ကာ ဖွင့်လှစ်ပေးခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၀၊ ဝါသနာရှင်အဆင့် (အမျိုးသား) ၈၈ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသမီးရှစ်ဦး စုစုပေါင်း အားကစားသမား ၁၂၆ ဦး ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည်။ ယင်းပြိုင်ပွဲကို ဇွန် ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသည်။

၂၀၁၉ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Myanmar Zwe Mann Co,.Ltd, MWD Bank, SAEP AING Development Ltd, Telecom International Myanmar Co., Ltd (Mytel), Phyo SiThuTeak Plantation(Myanmar)&Bago Yoma Eco Resort(Myanmar),INNWA Bank တို့မှ အဓိကကူညီပံ့ပိုးပေးထားသည်။ **ဖိုးသော်ဇင်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်ကာယကြံ့ခိုင်မှုနည်းပြဒိုင် မွမ်းမံသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကိုယ်ကာယကြံ့ခိုင်မှု နည်းပြဒိုင်နှင့် Myanmar Fitness Dance သင်တန်းဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ရုံးဟောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ နာယကနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီမှ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

"ကျွန်မတို့ နိုဝင်ဘာလမှာ ကျင်းပမယ့်ပြိုင်ပွဲရှိပါတယ်။ တစ်နှစ်ထက်တစ်နှစ် မတူအောင်ပြိုင်ပွဲတွေ ကျင်းပနိုင်ဖို့ရယ်။ လူငယ်လူရွယ်တွေ ကျန်းမာဖို့လိုလားတဲ့အတွက် လူငယ်တွေနဲ့ သင့်တော်မယ့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းကို ပြုလုပ်ပေးပြီး အမျိုးသမီးထုကျန်းမာကြံ့ခိုင်၍ စွမ်းရည်တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက ပြောသည်။ ယင်းသင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ သင်တန်းသူ ၆၁ ဦး တက်ရောက်ပြီး သင်တန်းကိုဇွန် ၂၀ ရက် အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# မြန်မာ့လက်ရွေးစင်အသင်း ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲတို့ ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၁၃**

မြန်မာ့လက်ရွေးစင် အသင်းသည် ယခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် စက်တင်ဘာတွင် စတင်ကျင်းပမည့်၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်) နှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ပထမအဆင့်နှင့် ဒုတိယအဆင့် ခြေစစ်ပွဲကို ပြိုင်ပွဲနှစ်ခုပေါင်း၍ ကျင်းပမည်ဖြစ်ပြီး တတိယအဆင့်ခြေစစ်ပွဲမှသာ သီးခြားစီကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရ ၃၄ သင်း၊ ပထမအဆင့်ခြေစစ်ပွဲမှ တက်ရောက်လာသည့် ခြောက်သင်း စုစုပေါင်းအသင်း ၄၀ ဖြင့် ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲကို ငါးသင်းရှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးရှစ်သင်းနှင့် အကောင်းဆုံးဒုတိယလေးသင်းမှာကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အာရှဖလားခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။

ကျန်ဒုတိယနေရာရ လေးသင်း၊ တတိယနေရာရ ရှစ်သင်းနှင့် အကောင်းဆုံးစတုတ္ထနေရာရ လေးသင်းမှာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ကျန်စတုတ္ထနေရာရလေးသင်းနှင့် အုပ်စုအောက်ဆုံးရှစ်သင်းမှာ Play-off ထပ်မံကစားရမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲများကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇွန် ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲအတွက် ဩဂုတ်လကုန်နီးမှသာ ပြင်ဆင်မည်ဖြစ်ပြီး နည်းပြသစ် ရာဒူလိုဗစ်၏ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲလည်း ဖြစ်သည်။ ရာဒူလိုဗစ်သည် ၎င်း၏ ပထမဆုံး နိုင်ငံတကာပွဲအဖြစ် ဇွန် ၁၁ ရက်က စင်ကာပူ လက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရာဒူလိုဗစ်နှင့် နည်းပြအဖွဲ့ဝင်များသည် ကစားသမားများ ရွေးချယ်ရန် လိဂ်ပွဲစဉ်များကို စောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ၂၀၁၉ အာရှဖလားပြိုင်ပွဲမှ စတင်ကာ ခြေစစ်ပွဲ ကျင်းပသည့်ပုံစံပြောင်းလဲခဲ့ပြီး မြန်မာအသင်းသည် တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိပေ။

မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲနောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်မရသည်မှာ ကြာမြင့်နေပြီဖြစ်သည်။ **ညီမြတ်သော်တာ**

**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကြီးမည်**

**နေပြည်တော် ဇွန် ၁၃-** မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက် လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ မှ ၁၂ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အိမ်ရှင်အမျိုးသမီး ပြင်သစ်အသင်း အုပ်စု (A) ၌ ဦးဆောင်လျက်ရှိ**

၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလားကို ယမန်နေ့က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပြီး နိုင်ဂျီးရီးယားနှင့် တောင်ကိုရီးယားအသင်းတို့ပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းက နှစ်ဂိုး-ဂိုးမရှိ၊ ဂျာမနီနှင့် စပိန်အသင်းတို့ပွဲစဉ်တွင် ဂျာမနီအသင်းက တစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်ပြင်သစ်နှင့် နော်ဝေအသင်းတို့ပွဲစဉ်တွင် ပြင်သစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အိမ်ရှင်ပြင်သစ်အသင်းသည် အုပ်စု (A) ၌ နှစ်ပွဲကစားပြီး နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် ယင်းအုပ်စုအား ဦးဆောင်ထားနိုင်ပြီး နော်ဝေနှင့် နိုင်ဂျီးရီးယားအသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် သုံးမှတ်စီရရှိထားကာ တောင်ကိုရီးယားအသင်းသည် နှစ်ပွဲစလုံးရှုံးနိမ့်ထားသည့်အတွက် ရမှတ်မရရှိသေးပေ။

**နည်းပြဆိုးလ်ရှား၏ ပထမဆုံးခေါ်ယူသည့် ကစားသမား ဂျိမ်းစ် ဖြစ်လာ**

မန်ယူအသင်းသည် ဆွမ်ဆီးအသင်းမှ ဝေးလ်တောင်ပံကစားသမား ဒန်နီရယ်ဂျိမ်းစ် (၂၁နှစ်) အား ကနဦးပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မန်ယူအသင်းနှင့် ငါးနှစ်စာချုပ် ချုပ်ဆိုလိုက်သော အဆိုပါ ဝေးလ်တောင်ပံကစားသမားသည် နည်းပြဆိုးလ်ရှား၏ ပထမဆုံးခေါ်ယူသည့် ကစားသမားလည်းဖြစ်လာသည်။

**ဖာလန်းမန်ဒီအား ရီးရဲမက်ဒရစ်အသင်း ခေါ်ယူ**

ရီးရဲမက်ဒရစ်အသင်းသည် လိုင်ယွန်အသင်းမှ ဘယ်နောက်ခံကစားသမား ဖာလန်းမန်ဒီ ၂၄ နှစ်အား ပေါင် ၄၇ ဒသမ ၁ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ပြင်သစ်ကစားသမား မန်ဒီသည် ရီးရဲမက်ဒရစ်အသင်းနှင့် ခြောက်နှစ်စာချုပ်ချုပ်ဆိုက်လိုက်တာဖြစ်သည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်းသည် နွေရာသီ ကစားသမားခေါ်ယူမှု အသုံးစရိတ်သည် ပေါင်သန်း ၃၀၀ နီးပါးရှိလာခဲ့ပြီဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

**ဂရစ်ဇ်မန်း ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု မာတင်ပြောကြား**

အက်သလက်တီကို မက်ဒရစ်အသင်း၏ အမှုဆောင်အရာရှိချုပ် မီဂွယ် အိန်ဂျယ်ဂီးလ် မာတင်သည် အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား အန်တိုနီယို ဂရစ်ဇ်မန်း (၂၈နှစ်) အနေဖြင့် နွေရာသီတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု အတည်ပြုပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဖော်နေးလ်အား ခေါ်ယူရန် နီးစပ်လာသည့် ဝက်စ်ဟမ်း**

ဝက်စ်ဟမ်းအသင်းသည် ဗီလာရီးရဲအသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမား ပါဘလို ဖော်နေးလ်အား ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။ **အောင်ဇော်**

❖ *ကျော့ဖုံးမှ*

အကောင်းဆုံးခြေစွမ်းပြသခဲ့သည့် စစ်ကိုင်းအသင်းတို့၏ တွေ့ဆုံမှုမှာလည်း စိတ်ဝင်စားဖွယ်ကောင်းနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမဆုံးအိမ်ကွင်းပွဲ၌ ၂၀၁၉ ရာသီတွင် ရရှိခဲ့သည့် ချာရတီဖလားကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်ထံ အပ်နှံမည်ဖြစ်ပြီး ၂၀၁၇ ရာသီက အမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံဆုရအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းစနစ်ဒါရိုက်တာ ဦးဆန်းဝင်း (ကွယ်လွန်)နှင့် နည်းပြချုပ် ဦးစိုးမြတ်မင်းတို့ကို ဂုဏ်ပြုဆုနှင့် ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်သည်။

ပထမအကျော့အပြီးတွင် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းက ၂၁ မှတ်စီ၊ လက်ရှိချန်ပီယံရန်ကုန်နှင့် ရတနာပုံအသင်းက ရမှတ် ၂၀ စီ၊ စစ်ကိုင်းအသင်းက ၁၉ မှတ်၊ ဧရာဝတီအသင်းက ၁၈ မှတ်၊ ရခိုင်အသင်းက ၁၆ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းက ၁၀ မှတ်စီ၊ Southern အသင်းက ကိုးမှတ်၊ Chinland အသင်းက ရှစ်မှတ်၊ ဒဂုံအသင်းက ခြောက်မှတ်ရထားသည်။

**သတင်း-ညီမြတ်သော်တာ**

# ကလေးနှင့် သပိတ်ကျင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးဖမ်းဆီးစဉ် ပြန်လည်ရန်ပြုသဖြင့် ပစ်ခတ်ဖမ်းဆီး

**နေပြည်တော် ဇွန် ၁၃**

အမှတ်(၅)မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကလေး)မှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် သတင်းအရ ကလေးမြို့နယ် မော်လိုက်ကလေးကျေးရွာဟောင်း (တောင်ရွာ)နေ မိုးကျော်(ဖ)ဦးရွှေဦး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မိုးကျော်က အရှည် ၂ ပေခန့် ဓားဖြင့် ပူးပေါင်းအဖွဲ့အား လိုက်လံခုတ်ခဲ့ကြောင်း။

ရဲတပ်ဖွဲ့ဝင်များမှ သတိပေးပစ်ခတ်ခဲ့ရာ မိုးကျော်တွင် ယာပါးမှ ဝဲနားနောက်ကျည်ဝင်/ထွက် ဒဏ်ရာတစ်ချက်ရရှိခဲ့ပြီး ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၅ ဂရမ် နှင့် ဓားနှစ်ချောင်းအား သိမ်းဆည်းရမိခဲ့ကြောင်း။

မိုးကျော်အား ကလေးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့သော်လည်း ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်းနှင့် ကလေးမြို့မရဲစခန်းက မယ(ပ)၆၆/၂၀၁၉၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ အမှတ်(၁၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပြင်ဦးလွင်)မှ ရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၁၂ ရက် ည ၆ နာရီ ၄၅ မိနစ်ခန့်တွင် သပိတ်ကျင်းမြို့နယ် မိုးမိတ်-တွင်းငယ် ကားလမ်းသစ်ခွဲပင်သစ်ဆိပ်အနီး၌ စစ်ဆေးရေးဆောင်ရွက်နေစဉ် မိုးမိတ်ဘက်မှ တွင်းငယ်ဘက်သို့ မတ္တရာမြို့နယ် သဲကျင်းကုန်းကျေးရွာနေ သဲမောင်မောင် (ခ)ဆိုးပေ မောင်းနှင်ပြီး တင်စိုး လိုက်ပါလာသည့် ဆိုင်ကယ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးခဲ့ရာ ၎င်းတို့နှစ်ဦးလုံး မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်း။



သဲမောင်မောင်(ခ) ဆိုးပေနှင့် တင်စိုးတို့ နှစ်ဦးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

၎င်းတို့ လွယ်အိတ်များအတွင်းမှ ဘိန်းစိမ်း ၀ ဒသမ ၃၀၂၆ ကီလိုနှင့် ဖုန်းနှစ်လုံးတို့အား ဖမ်းဆီးရမိခဲ့သောကြောင့် သပိတ်ကျင်းမြို့မရဲစခန်းက မယ(ပ)၁၉/၂၀၁၉၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)၊ ၂၁ ဖြင့် အမှုဖွင့်စစ်ဆေးပြီး ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်၌ ဆိုင်ကယ်ခြောက်စီး ခိုးယူသူအား အမှုဖွင့်လှစ် အရေးယူ

**ပြင်ဦးလွင် ဇွန် ၁၃**

ပြင်ဦးလွင်မြို့မရဲစခန်းမှူး ဒုရဲမှူး လှိုင်မြင့်သိန်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ထွန်းမင်းဦးနှင့်အဖွဲ့သည် ဇွန်လ ပထမပတ် ည ၁၁ နာရီခွဲခန့်တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၀) သီရိပဒေသာ ကားကြီးကွင်းအနီး လမ်းမပေါ်၌ နံပါတ်မပါ FZ Yamaha အမျိုးအစား ဆိုင်ကယ်တစ်စီး တွန်းလာသူ မသင်္ကာဖွယ်လူတစ်ဦးအား တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ ၎င်းလူငယ်မှာ ရဲမင်းထွန်း (ခ) လပ်ကီး၊ ဘူတာကျုံး၊ ရပ်ကွက်ကြီး (၇)၊ ပြင်ဦးလွင်မြို့နေသူဖြစ်ကြောင်း သိရသည်။

၎င်းယူဆောင်လာသော ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသပြောဆိုနိုင်ခြင်းမရှိသည့်အပြင် နေအိမ်တစ်အိမ်မှ ခိုးယူလာသည်ဟု မသင်္ကာသဖြင့် စခန်းသို့ခေါ်ယူစစ်ဆေးခဲ့ရာ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ဆေးလာရောက်ကုသသူများ ရပ်ထားသည့် ဆိုင်ကယ်ငါးစီးအား ခိုးယူရောင်းချထားသည်ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဆိုင်ကယ်ခိုးမှု စုစုပေါင်းခြောက်မှုနှင့်ပတ်သက်၍ အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းမတော်မြို့နယ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်လင်းထွန်း၊ ဒုလဝကမှူး ဦးစိုင်းညွန့်ဝင်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၀)ရပ်ကွက် ESTA ဟိုတယ်၌ တည်းခိုနေထိုင်သော တရုတ်နိုင်ငံသား Mr.Li Zhao (၄၁) နှစ် (နိုင်ငံကူးလက်မှတ်အမှတ် EG 2238846 ) အား စစ်ဆေးရာ ၎င်းသည် ဇွန် ၈ ရက်တွင် တရုတ်နိုင်ငံ ထန်းချျုံမြို့မှ မြန်မာနိုင်ငံ ကန်ပိုက်တီး နယ်စပ်ဂိတ်သို့ ရှောင်ကွင်း၍ တရားမဝင် ဝင်ရောက်ခဲ့ပြီး ဇွန် ၁၁ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသဖြင့် Mr.Li Zhao အား လမ်းမတော်မြို့မရဲစခန်း (ပ)၂၁၀/၂၀၁၉၊ လဝကအက်၁၃(၁)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မြန်မာ့ရုပ်မြင်သံကြား

**၁၄-၆-၂၀၁၉ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ အရှိန်နှုန်းသတ်မှတ်ချက်များ
- ၇း၄၀ - MRTV Travelogue
- ၁၀း၃၀ - လျှင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (အပိုင်း-၂) (ကျောင်းစာသင်ခန်း)
- ၁၁း၃၀ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၀ - သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၂၃)
- ၁၄း၀၅ - လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း(တတိယပိုင်း)

**ညပိုင်း**

- ၁၆း၂၀ - အာရုံမစိုက်ဘဲ မောင်းနှင်ခြင်း
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း သိကောင်းစရာ"
- ၁၇း၂၀ - Catch Asia News (Season-II) (Epi-42)
- ၁၈း၂၅ - BBC Click
- ၁၈း၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကောင်းကင်တစ်ခုအလိုရှိသည်"
- ၁၉း၂၀ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၂၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - ကမ်းပြို၊ မြေပြိုအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာရမည့်အချက်များ အသိပေးနှိုးဆော်ခြင်း
- ၂၀း၃၅ - "စိတ်သစ်လူသစ်ဘဝသစ်ဆီသို့"

# တရုတ်နိုင်ငံတွင် အလုပ်ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်အမျိုးသားနှင့် ပေါင်းသင်းရန် ပို့ဆောင်သူနှစ်ဦးအား အရေးယူထား

**နေပြည်တော် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာရပ်ကွက်နေ မ××× (၂၄နှစ်) သည် ဇွန် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တရုတ်ဇနီးမယားအဖြစ် ရောင်းချခံရကြောင်း သတင်းအရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၁၁) တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးမေးမြန်းချက်အရ မ××× သည် ဖေဖော်ဝါရီလခန့်က ခင်ပွန်းဖြစ်သူနှင့် စကားများရန်ဖြစ်၍ မိခင်ဖြစ်သူနေအိမ်သို့ လိုင်းကားဖြင့် ပြန်သွားခဲ့ရာ ယာဉ်မောင်းဖြစ်သူ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ ကိုရဲထွဋ်(ခ)ရဲကြီး (၃၀နှစ်)နှင့် တွေ့ဆုံခင်မင်ရင်းနှီးခဲ့ကြောင်း၊ ၎င်းက တရုတ်ပြည်ရှိ ခေါက်ဆွဲဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် နှစ်သိန်းခွဲ သုံးသိန်းရရှိမည်ဟု စည်းရုံးပြောဆိုသဖြင့် လုပ်ကိုင်ရန် သဘောတူခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကိုရဲထွဋ်(ခ)ရဲကြီးနှင့် ဇနီးဖြစ်သူ သန်းသန်းရွှေ(ခ) ဂွတ်ရှယ် (၄၄ နှစ်)တို့က လားရှိုးမြို့သို့ ခေါ်ဆောင်သွားခဲ့ပြီး တည်းခိုခန်းတစ်ခုတွင် တစ်ည တည်းခိုခဲ့ကြောင်း၊ ထို့နောက် ၎င်းအား ကြူကုတ်-ပန်ဆိုင်းလမ်းအတိုင်း တရုတ်ပြည်သို့ ခေါ်ဆောင်သွားခဲ့ပြီး နေအိမ်တစ်ခုအတွင်းသို့ ရောက်ရှိစဉ် တရုတ်အမျိုးသားတစ်ဦးက ကိုရဲထွဋ်(ခ)ရဲကြီးနှင့် သန်းသန်းရွှေ(ခ)ဂွတ်ရှယ် (၄၄ နှစ်)တို့ထံ တရုတ်ငွေများပေးအပ်ကာ ထပ်မံခေါ်ဆောင်သွားခဲ့ကြောင်း၊ အဆိုပါ တရုတ်အမျိုးသားနှင့် သုံးညအိပ်လေးရက်ကြာလိုက်ပါသွားခဲ့ရာမှ ဇနီးမယားအဖြစ် ပေါင်းသင်းရန် ခေါ်ဆောင်လာသည်ကို သိရှိရသဖြင့် ထွက်ပြေးစဉ် တရုတ်ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး ဘိုးဘွားရိပ်သာတစ်ခုတွင် ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားကြောင်း၊ ဇွန် ၅ ရက်တွင် မြန်မာနိုင်ငံသို့ တရားဝင်လွှဲပြောင်းပေးအပ်ခဲ့သဖြင့် ပြန်လည်ရောက်ရှိကြောင်း စစ်ဆေးသိရှိရသဖြင့် ကိုရဲထွဋ်(ခ)ရဲကြီးနှင့် ဇနီးဖြစ်သူ သန်းသန်းရွှေ(ခ) ဂွတ်ရှယ် (၄၄နှစ်) တို့အား မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်း (ပ)၅၅၂/ ၂၀၁၉၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# တာချီလိတ်လေဆိပ်၌ ပတ္တမြားရိုင်းနှင့် မဟူရာကျောက်ရိုင်းတုံးများသိမ်းဆည်းရမိ

**တာချီလိတ် ဇွန် ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်လေဆိပ်၌ ဟဲဟိုးလေဆိပ်မှ တာချီလိတ်လေဆိပ်သို့ ဆင်းသက်လာသည့် ပစ္စည်းများအား X-Ray စက်ဖြင့် စစ်ဆေးရာ ပတ္တမြားနှင့် မဟူရာ ကျောက်ရိုင်းတုံးများကို ယနေ့ မွန်းလွဲပိုင်းက သိမ်းဆည်းရမိသည်။



သိမ်းဆည်းရမိသည့် ကျောက်ရိုင်းတုံးများ။

ဟဲဟိုးလေဆိပ်မှ တာချီလိတ်လေဆိပ်သို့ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ဆိုက်ရောက်လာသော အဲကမ္ဘောဇလေကြောင်းလိုင်းဖြင့် ပါရှိလာသည့် ပစ္စည်းများအား X-Ray စက်ဖြင့် တာဝန်ရှိသူများက စစ်ဆေးရာ အထုပ်ငယ်တစ်ထုပ်အား တွေ့ရှိရသဖြင့် ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူး စောဘလက်ဇက်နှင့် တပ်ဖွဲ့ဝင်များ၊ အကောက်ခွန်မှူး ဒေါ်ခင်စန္ဒီစိုးနှင့် တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးရာ ပတ္တမြားကျောက်ရိုင်းတုံးသေး ၄၅ တုံး၊ မဟူရာကျောက်ရိုင်းတုံးသေး တစ်ခဲ၊ စုစုပေါင်းအလေးချိန် ၀ ဒသမ ၂၅ ကီလိုဂရမ်ကို သိမ်းဆည်းရမိသည်။ သိမ်းဆည်းရမိသည့် ကျောက်ရိုင်းတုံးများနှင့် ပတ်သက်၍ တာဝန်ရှိသူများက အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကျောက်မဲ-ဂုတ်တွင်းလမ်းပိုင်းကွေ့ကြောအဆင်း တွဲယာဉ်တစ်စီးထိုးကျမှုကြောင့် လမ်းပိတ်ဆို့

**သီပေါ ဇွန် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး- သီပေါ- လားရှိုး- မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး ကျောက်မဲနှင့် နောင်ချိုကြား ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ် (၈၄/၂-၃) ကွေ့ကြောအဆင်းတွင် ယနေ့မွန်းလွဲ ၁ နာရီခွဲက ဂေါ်တန်ကျောက်များတင်ဆောင်၍ ယာဉ်မောင်းထွန်းနိုင် မောင်းနှင်သော တွဲယာဉ်သည် မိုးရွာသွန်းမှုကြောင့် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်ခြမ်းကမ်းပါးယံအစွန်းသို့ ထိုးကျသွားပြီး ယာဉ်ကြောပိတ်သွားကြောင်း သိရသည်။

အဆိုပါယာဉ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် အမှတ်(၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ကျော်ထွန်း၊ ဂုတ်တွင်းယာဉ်ထိန်းရဲအုပ် တင်ထွန်းမင်း၊ နယ်မြေခံဂုတ်တွင်းရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ ရွာသားများပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မန္တလေးမှလာသော ယာဉ်များ နောင်ချိုမြို့ စိမ်းလဲ့ကန်သာတွင် လည်းကောင်း၊ မူဆယ်၊ လားရှိုးမှလာသော အဆင်းယာဉ်များ ကျောက်မဲမြို့ မိုးမြင့်သာနှင့်ရေကန်တောင်၌လည်းကောင်း ခေတ္တရပ်နားထားရကြောင်း သိရသည်။

**စိုင်း(သီပေါ)**




တွဲယာဉ်တိမ်းမှောက်မှုကြောင့် လမ်းပိတ်ဆို့နေစဉ်။

# ဘောဂလိမြို့၌ မြေပြိုပိမိ၍ တစ်ဦးသေဆုံး

**ဘောဂလိ ဇွန် ၁၃**

ကရင်ပြည်နယ် ဘောဂလိမြို့ လမ်းဦးစီးဌာနမှ နေ့စားခဖြင့် ငှားရမ်းထားသော အလုပ်သမား ၁၂ ဦးသည် တောင်ငူ - မော်ချီးကားလမ်းမိုင်တိုင် အမှတ် ၃၆/၃ အနီး လမ်းမြေထိန်းနံရံပြုလုပ်ရန် မြေတူးဖော်နေစဉ် အလျား၁၀ ပေ၊ အနံ ၈ ပေခွဲခန့်ရှိ မြေပြိုကျလာပြီး အုတ်တွင်းမြို့နယ် ပေါက်ကုန်းကျေးရွာနေ သက်နိုင်ဦး (၂၅နှစ်) ပေါ်သို့ ပိမိသဖြင့် သေဆုံးသွားကြောင်း သိရသည်။

မြေပိ၍ သေဆုံးသူအလောင်းအား ဘောဂလိတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး နယ်မြေရဲစခန်းမှ သေမှုသေခင်းဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ဘောဂလိ(ပြန်/ဆက်)**

# ကုန်တင်သင်္ဘောနှစ်စင်း ဟော်မုဇ်ရေလက်ကြားအနီး တိုက်ခိုက်ခံရ

**တိုကျို ဇွန် ၁၃**

ဂျပန်နိုင်ငံနှင့် ဆက်စပ်သည့် ကုန်စည်များတင်ဆောင်လာသည့် သင်္ဘောနှစ်စင်း ဟော်မုဇ်ရေလက်ကြားအနီး တိုက်ခိုက်ခံရကြောင်း ဂျပန်ကုန်သွယ်ရေးဝန်ကြီး ဟီယို ရှိဂီကိုက ပြောကြားခဲ့သည်။ သင်္ဘောများ တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ဂျပန်အစိုးရက စုံစမ်းစစ်ဆေးနေကြောင်း ၎င်းက ပြောသည်။

ဟော်မုဇ်ရေလက်ကြားသည် တစ်ကမ္ဘာလုံးဆိုင်ရာ ရေနံတင်ပို့မှုပြုလုပ်သည့် အချက်အချာရေပိုင်နက်တစ်ခုဖြစ်သည်။ အဆိုပါကုန်တင်သင်္ဘောနှစ်စင်းကို အမေရိကန်ရေတပ်ဖွဲ့က အကူအညီပေးနေကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ သင်္ဘောပို့ဆောင်ရေးကုမ္ပဏီတစ်ခုက Kokuka Courageous အမည်ရှိ ၎င်း၏ ရေနံတင်သင်္ဘောတစ်စင်း ထိခိုက်ပျက်စီးသွားကြောင်း အတည်ပြုခဲ့သည်။ အဆိုပါသင်္ဘောကို လုပ်ကိုင်ဆောင်ရွက်နေသည့် စင်ကာပူကုမ္ပဏီက သင်္ဘောပေါ်တွင် အမှုထမ်း ၂၁ ဦးလိုက်ပါခဲ့ကြောင်း အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။ သင်္ဘောအမှုထမ်းများအားလုံးကို အနီးအနားရှိ ရေယာဉ်တစ်စင်းက ကယ်ဆယ်ခဲ့ပြီး တစ်ဦးမှာ အနည်းငယ်ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

ဒုတိယရေနံတင်သင်္ဘောမှာ နော်ဝေသင်္ဘောပို့ဆောင်ရေးကုမ္ပဏီက ပိုင်ဆိုင်ပြီး သင်္ဘောမီးစွဲလောင်ခဲ့ကြောင်း၊ သို့သော်လည်း သင်္ဘောအမှုထမ်း ၂၃ ဦးလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အဆိုပါရေယာအတွင်း ရေနံတင်သင်္ဘောလေးစင်း တိုက်ခိုက်ခံခဲ့ရပြီး တစ်လအကြာတွင် ယခုတိုက်ခိုက်ခံရမှု ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဟော်မုဇ်ရေလက်ကြားအနီးတွင် တိုက်ခိုက်ခံခဲ့ရသည့် သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံမှ စွန့်ပစ်ပလတ်စတစ်ပစ္စည်းများ အမေရိကန်သို့ ရောက်ရှိနိုင်ကြောင်း ဂျပန်သုတေသီတစ်ဦးပြောကြား

**တိုကျို ဇွန် ၁၃**

သမုဒ္ဒရာရေစီးကြောင်းများက ဂျပန်နိုင်ငံမှ ပလတ်စတစ်အမှိုက်များကို မြောက်အမေရိက အဝေးဆုံးတစ်နေရာအထိ သယ်ဆောင်သွားနိုင်ကြောင်း ဂျပန်သုတေသနပညာရှင် ရှင်စူကဲ အီဝါစာကီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံရှိ အဓိကမြို့ကြီးများမှ ပင်လယ်ထဲသို့ စီးဝင်ခဲ့သည့် ပလတ်စတစ်အမှိုက် တန်ချိန်ပေါင်း ၆၃၀၀ နှင့် ပတ်သက်၍ နောက်ဆက်တွဲလေ့လာမှုတစ်ခုကို ၎င်းက လုပ်ဆောင်ခဲ့ပြီးနောက် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ပလတ်စတစ်အမှိုက်များသည် အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းကမ်းခြေ၊ ကနေဒါနှင့် အလာစကာသို့ ရောက်ရှိလာနိုင်သည်ကို လေ့လာမှုများက ဖော်ပြနေကြောင်း သိရသည်။

ထို့ပြင် ပလတ်စတစ်အမှိုက်များသည် ဖိလစ်ပိုင်ကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများဆီသို့ပါ စီးမျောရောက်ရှိနိုင်ပြီး အချို့မှာ ဂျပန်ကမ်းခြေဆီသို့ ရောက်ရှိလာနိုင်သည်ဟု ၎င်းက ဆိုသည်။ ပလတ်စတစ်အိတ်များနှင့် ဘူးခွံများသည် သမုဒ္ဒရာကို ညစ်ညမ်းစေသည့်အပြင် ဂေဟစနစ်ကို ဆိုးဆိုးရွားရွား ထိခိုက်စေလျက်ရှိသည်။

ဂျပန်နိုင်ငံမှ ထွက်ပေါ်လာသည့် ပလတ်စတစ်စွန့်ပစ်အမှိုက်များသည် ကမ္ဘာကြီး၏ အခြားအစိတ်အပိုင်းများရှိ နိုင်ငံများကိုပါ ထိခိုက်စေနိုင်သည့်အတွက် သတိထားသင့်ကြောင်းနှင့် ပလတ်စတစ်အမှိုက်လျှော့ချရေး ဝိုင်းဝန်းကြိုးပမ်းကြရန် သုတေသနပညာရှင် မစ္စတာ အီဝါစာကီက အကြံပြုခဲ့သည်။

ဂျီ ၂၀ အဖွဲ့ဝင်နိုင်ငံများမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများသည် ယခုသီတင်းပတ်အကုန်ခန့်တွင် ဂျပန်နိုင်ငံအလယ်ပိုင်း နာဂါနိုခရိုင်ရှိ ခါရုအိဇာဝါ အပန်းဖြေစခန်း၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း နော်ဝေနိုင်ငံသို့ ရောက်ရှိ

**ဆိုးလ် ဇွန် ၁၃**

ဇွန် ၁၁ ရက်မှ ဇွန် ၁၃ ရက်အထိ သုံးရက်ကြာချစ်ကြည်ရေးခရီးစဉ်အဖြစ် နော်ဝေနိုင်ငံသို့ ရောက်ရှိနေသည့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် ဇွန်လကုန်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ လာရောက်လည်ပတ်မည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ခရီးစဉ်မတိုင်မီ မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံရန် မျှော်လင့်ကြောင်း ယမန်နေ့က ပြောကြားလိုက်သည်။



နော်ဝေနန်းတော်သို့ ရောက်ရှိလာသော တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းကို နော်ဝေအိမ်ရှေ့မင်းသား ဟာကွန် ကြိုဆိုနေစဉ်။

သမ္မတထရမ့်၏ တောင်ကိုရီးယားခရီးစဉ်မတိုင်မီ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့နိုင်မည်ဟု မျှော်လင့်ကြောင်း၊ မိမိအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံရန် အမြဲအဆင်သင့်ဖြစ်နေကြောင်း၊ တွေ့ဆုံရန် တိကျသည့်အချိန်သတ်မှတ်မှုသည် မြောက်ကိုရီးယားခေါင်းဆောင်ပေါ်တွင် မူတည်ကြောင်း နော်ဝေနိုင်ငံ အော်စလိုတက္ကသိုလ်တွင် ပြုလုပ်သော အော်စလိုဖိုရမ်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်နှင့် ၎င်း၏ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုတို့သည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ဆွေးနွေးရန် ဇွန်လကုန်တွင် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ သွားရောက်ရန် လျာထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ် မော်ဂန် အော်တာဂတ်စ်က လွန်ခဲ့သော နှစ်ရက်က ပြောခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့သည် ကိုရီးယားကျွန်းဆွယ်ဆိုင်ရာ ဆွေးနွေးမှုအရှိန်အဟုန် ထိန်းသိမ်းရန် တစ်ချိန်ချိန်တွင် တွေ့ဆုံသွားရန်ရှိကြောင်း တောင်ကိုရီးယားသမ္မတက ပြောသည်။

**ဆင်ဟွာ၊ အေအက်ဖ်ပီ**

# ပိုလန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ တိုးမြှင့်ချထားမည်



အမေရိကန်သမ္မတ ထရမ့်နှင့် ပိုလန်သမ္မတ အန်ဒရက်ဒူတာ။

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်နိုင်ငံသည် ပိုလန်နိုင်ငံတွင် တပ်ဖွဲ့ဝင် ၁၀၀၀ ထပ်မံစေလွှတ်တိုးမြှင့်ချထားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယမန်နေ့က ပြောကြားပြီးနောက် ယင်းလုပ်ရပ်သည် ရုရှား၏ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုကို မြင့်တက်စေကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြသည်။

အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တွင်လည်း အမေရိကန်နှင့် ပိုလန်နိုင်ငံတို့သည် ပိုလန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ချထားရေးအတွက် မူဘောင်တစ်ခုကို သဘောတူခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ် ရောက်ရှိနေသော ပိုလန်နိုင်ငံ သမ္မတ အန်ဒရက် ဒူတာနှင့် ယမန်နေ့က ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သမ္မတထရမ့်က အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ အတွက် လိုအပ်သော အခြေခံအဆောက်အအုံကို ပိုလန်အစိုးရက တည်ဆောက်ပေးရမည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်ကို အမေရိကန်နိုင်ငံက ကျခံမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပိုလန်နိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် နေတိုးစစ်မဟာမိတ်စာချုပ်အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး လက်ရှိတွင် နိုင်ငံအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၅၀၀ ခန့်ကို လက်ခံထားကြောင်း သိရသည်။

ပိုလန်နိုင်ငံသည် အမေရိကန်တပ်ဖွဲ့ဝင်များ ပိုလန်မြေပေါ်တွင် တပ်စွဲရန် တပ်စခန်းတစ်ခုကိုလည်း တည်ဆောက်ပေးခဲ့ပြီး ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကိုလည်း ပေးချေခဲ့ကြောင်း သိရသည်။

တိုင်းပြည်ဂျီဒီပီ၏ စုစုပေါင်း ၂ ရာခိုင်နှုန်းကျော်ကို ကာကွယ်ရေးအသုံးစရိတ်အဖြစ် အသုံးပြုသွားမည်ဆိုသည့် ပိုလန်နိုင်ငံ၏ ကတိကဝတ်အပေါ် အမေရိကန်သမ္မတ ထရမ့်က ချီးကျူးစကားပြောကြားလိုက်ပြီး အခြားနေတိုးအဖွဲ့ဝင်နိုင်ငံများကိုလည်း ထိုသို့လုပ်ဆောင်ရန် တိုက်တွန်းပြောကြားခဲ့သည်။

ထရမ့်သည် လာမည့် စက်တင်ဘာလတွင် ပိုလန်နိုင်ငံသို့ သွားရောက်လည်ပတ်ရန် စဉ်းစားထားကြောင်းနှင့် ပိုလန်နိုင်ငံမှ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် ၃၂ စင်းဝယ်ယူရေးကိုလည်း အသိအမှတ်ပြုခဲ့သည်။

အမေရိကန်နှင့် ပိုလန်နိုင်ငံတို့သည် ၎င်းတို့၏ လုံခြုံရေးနှင့် သံတမန်ဆက်ဆံရေးခိုင်မာအောင် တိုးမြှင့်ဆောင်ရွက်ခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် အီရန်နျူကလီးယားအရေး၊ ရုရှားအရေး၊ နော့ဒ်စထရင်း ၂ ပိုက်လိုင်းစီမံကိန်းကိစ္စရပ်များအပါအဝင် နယ်ပယ်ကဏ္ဍပေါင်းစုံတွင် တူညီသော သဘောထားများရှိသည်ဟု ဆိုသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ရေငုပ်သင်္ဘောသစ်တစ်စင်းကို မြောက်ကိုရီးယား တည်ဆောက်နေ

ပြုံယမ်း ဇွန် ၁၃

မြောက်ကိုရီးယားနိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည် ပစ်လွှတ်နိုင်သည့် ရေငုပ်သင်္ဘောအမျိုးအစားသစ် တစ်စင်းကို တည်ဆောက်နေသည်ဟု ယူဆရကြောင်း မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ လေ့လာစိစစ်မှုများပြုလုပ်နေသည့် အမေရိကန်သုတေသနအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။

38 North သုတေသနအဖွဲ့သည် မြောက်ကိုရီးယားအရှေ့ပိုင်း ဆင်ပိုရှိ ရေတပ်ဖွဲ့ သင်္ဘောကျင်းတစ်ခု၏ မကြာသေးမီက ဖမ်းယူထားသည့် ဂြိုဟ်တုပုံရိပ်များကို အခြေခံလျက် ပြုလုပ်ခဲ့သည့် လေ့လာမှုအသစ်များကို ထုတ်ပြန်ခဲ့သည်။ အဆိုပါသင်္ဘောကျင်းအား ကနဦးလေ့လာစိစစ်မှုများအရ တိုက်ချင်းပစ်ဒုံးကျည်ပစ်လွှတ်သည့် ရေငုပ်သင်္ဘောတစ်စင်းကို အဆိုပါနေရာတွင် လွန်ခဲ့သော သုံးနှစ်အကြာက ဆောက်လုပ်ခဲ့မှုကို ပြသနေကြောင်း သိရသည်။

ဧပြီလမှ ဇွန်လအထိ ရိုက်ကူးထားသည့် သတင်းဓာတ်ပုံများတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အနီးရှိ စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများကို ပြသလျက်ရှိသည်။

အင်န်အိတ်ချ်ကေ

### လိင်တူချင်း ထိမ်းမြားလက်ထပ်ခွင့်ကို အီကွေဒေါတရားရုံးချုပ် အတည်ပြု

ကွီတို ဇွန် ၁၃

ကက်သလစ်ဘာသာဝင်အများစု နေထိုင်ရာ ကွန်ဆာဗေးတစ် တောင်အမေရိကနိုင်ငံတစ်ခုဖြစ်သည့် အီကွေဒေါနိုင်ငံတွင် လိင်တူချင်း ထိမ်းမြားလက်ထပ်ခွင့်ပြုသည့်ဥပဒေကို အီကွေဒေါတရားရုံးချုပ်က ဇွန် ၁၂ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ကွီတိုနှင့် ဂွါယာကွီလ်ဆိပ်ကမ်းမြို့တို့တွင် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများသည် အောင်ပွဲအထိမ်းအမှတ်များ ကျင်းပလျက်ရှိပြီး လိင်တူချစ်သူများ၏ အခွင့်အရေးအတွက် လှုပ်ရှားမှုကို ကိုယ်စားပြုသည့် သက်တန့်အလံများကို ဝှေ့ယမ်းခဲ့ကြသည်။

တံခါးပိတ်ကြားနာစစ်ဆေးမှုအတွင်း တရားသူကြီးကိုးဦးတို့ မဲခွဲဆုံးဖြတ်ခဲ့ရာတွင် ထောက်ခံမဲ ငါးမဲ၊ ကန့်ကွက်မဲ လေးမဲဖြင့် လိင်တူချင်းထိမ်းမြားလက်ထပ်မှုကို ခွင့်ပြုရန် အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ပြောကြားခဲ့သည်။

လိင်တူချင်း ထိမ်းမြားလက်ထပ်ခွင့်ပြုလိုက်သည့် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် လူ့အခွင့်အရေးဟူသည် လူတိုင်းအတွက်ဖြစ်ပြီး ခွဲခြားဆက်ဆံမှုမရှိကြောင်း အသိအမှတ်ပြုလိုက်သည့် သမိုင်းဝင် ဆုံးဖြတ်ချက်တစ်ခုဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

# အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးမျှော်လင့်ချက်နဲ့ ဂျပန်ဝန်ကြီးချုပ်၏ အီရန်ခရီးစဉ်

**ခြူးစန္ဒီနွေး**

**အခုသီတင်းပတ်အတွင်းမှာပဲ ပေါ်ပေါက်ခဲ့တဲ့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ အီရန်ခရီးစဉ်ဟာဆိုရင် ဂျပန်ဝန်ကြီးချုပ်တစ်ဦးအနေနဲ့ နှစ်ပေါင်း ၄၀ အတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် အီရန်ကို သွားရောက်ခြင်းပါပဲ။ တစ်ဖက်ကကြည့်မယ်ဆိုရင်လည်း ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ဂျပန်နိုင်ငံရဲ့ အခန်းကဏ္ဍကို မြှင့်တင်ဖို့ ကြိုးပမ်းမှုတစ်ရပ်ပါပဲ။ ဗုဒ္ဓဟူးနေ့မှာပဲ သူဟာ တီဟီရန်ကို ရောက်ပါတယ်။ အမေရိကန်နဲ့ အီရန်တို့အကြား ထိပ်တိုက်ရင်ဆိုင်တွေ့မှုမှာ ဂျပန်က ကြားဝင်ပေးဖို့ ကြိုးပမ်းနေပါတယ်။ နောက်ပြီး အမေရိကန်နဲ့ အီရန်အကြား သဘောထားတင်းမာမှုတွေကို ဖြေလျှော့ပေးဖို့ မျှော်လင့်ထားပါတယ်။**



အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ကို ဗုဒ္ဓဟူးနေ့က ကြိုဆိုပွဲအခမ်းအနားတွင် တွေ့ရစဉ်။

**အမေရိကန်နဲ့ အီရန်တို့အကြား မပြေလည်မှု**

အမေရိကန်နဲ့ အီရန်ကြားက သဘောထားတင်းမာမှုတွေကတော့ ၂၀၁၅ အီရန်နျူကလီးယားသဘောတူစာချုပ်ကနေ အမေရိကန်နုတ်ထွက်သွားတာက အစပြုပါတယ်။ အဲဒီနောက်မှာတော့ အီရန်အပေါ် ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံရဲ့ဆက်ဆံရေး ပိုမိုဆိုးရွားလာခဲ့ပါတယ်။ နောက်ဆုံးအခြေအနေကို အဆိုးဆုံးဖြစ်သွားစေတဲ့အရာကတော့ ပါရှန်ပင်လယ်ကွေ့ကို အမေရိကန်က နောက်ထပ်တပ်ဖွဲ့တွေ စေလွှတ်လိုက်တဲ့အခါမှာပဲ ဖြစ်ပါတယ်။ အမေရိကန်ရဲ့အကြောင်းပြချက်ကတော့ အီရန်ဟာ အမေရိကန်တွေကို ပစ်မှတ်ထားတိုက်ခိုက်ဖို့ ကြံစည်နေလို့ တပ်ဖွဲ့ဝင်တွေ စေလွှတ်ရတာလို့ အကြောင်းပြချက် ပေးထားပါတယ်။

**ဂျပန်အတွက် ခေါင်းခဲစရာ**

သဘောထားတင်းမာပြီး တစ်ဖက်နဲ့တစ်ဖက် ရန်စောင်နေကြတာကတော့ အမေရိကန်နဲ့ အီရန်တို့ပါ။ ဒါပေမယ့် ကြားထဲက ဂျပန်စီးပွားရေးခေါင်းဆောင်တွေအနေနဲ့ ခေါင်းခဲစရာ ဖြစ်လာပါတယ်။ အမေရိကန်ရဲ့ ဖိအားပေးမှုအောက်မှာ ဂျပန်ဟာ အီရန်က ရေနံတင်သွင်းမှုကို ရပ်တန့်ထားရတယ်။ ဂျပန်နဲ့ အီရန်ဟာ ၂၀၁၅ အီရန်နျူကလီးယားသဘောတူစာချုပ်ကို ထောက်ခံခဲ့ပြီး အဲဒီစာချုပ်ကနေ အမေရိကန်နုတ်ထွက်သွားတာကြောင့် စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ နောက်ပြီး ဒီလုပ်ရပ်ဟာ တကယ်ကို မှားယွင်းတဲ့ဆုံးဖြတ်ချက်လို့ တိုကျိုတမ်ပယ်တက္ကသိုလ်မှာရှိတဲ့ အာရှရေးရာဆိုင်ရာ ညွှန်ကြားရေးမှူး ပါမောက္ခ ဂျက်ကင်စတန်က ပြောပါတယ်။ အခုလတ်တလောမှာတော့ အီရန်က ရေနံကို တင်သွင်းခွင့်မရတာဟာ ဂျပန်အတွက် အဆင်ပြေနေသေးပေမယ့် အရှေ့အလယ်ပိုင်းက ပဋိပက္ခတွေကြောင့် ရေနံဈေး မြင့်တက်လာနိုင်ပါတယ်။ ဒါဆိုရင် ဂျပန်ကိုလည်း ထိခိုက်မှုအများကြီး ဖြစ်လာနိုင်ပါတယ်။ ရေနံရရှိဖို့ သေချာစေရေးအတွက် ဂျပန်ဟာ အရှေ့အလယ်ပိုင်းက နိုင်ငံတွေနဲ့ မိတ်မပျက်နေလိုပါတယ်။

**အခွင့်အရေးတစ်ခုဖြစ်လာနိုင်**

ဂျပန်နဲ့ အီရန်ဆိုတာ အရင်ကတည်းက ရင်းနှီးမှုရှည်ကြာတဲ့ နိုင်ငံတွေပါပဲ။ အမေရိကန်ရဲ့ ပိတ်ဆို့မှုဖိအားတွေကို စိုးရိမ်ရတာကြောင့် ဂျပန်နိုင်ငံရဲ့ စီးပွားရေးအဖွဲ့အစည်းတွေဟာ အီရန်နဲ့ လက်တွဲဖြုတ်ခဲ့ရပါတယ်။ ဂျပန်ဝန်ကြီးချုပ်အတွက်တော့ ဒီအကျပ်အတည်းဟာ အခွင့်အရေးတစ်ခုလည်း ဖြစ်သွားနိုင်ပါတယ်။ နိုဝင်ဘာလအတွင်းမှာ သူဟာ ဂျပန်နိုင်ငံရဲ့သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်တဲ့သူ ဖြစ်လာပါတယ်။ ဒါပေမယ့်လည်း သူ့မှာ နိုင်ငံရေးအရ ရုန်းကန်ရမှာတွေ အများကြီးရှိနေပါသေးတယ်။ မြောက်ကိုရီးယားနဲ့ ရုရှားတို့လို နိုင်ငံတွေနဲ့ သံတမန်ရေးရာအရ ကမ်းလှမ်းမှုတွေမှာ အောင်မြင်အောင်လုပ်ဆောင်ဖို့ ကြိုးစားနေပါတယ်။ မစ္စတာအာဘေးဟာ အမေရိကန်သမ္မတ ထရမ့်နဲ့ ပုဂ္ဂိုလ်ရေးရာအရ ခင်မင်မှုကိုလည်း အသုံးချပြီး စေ့စေ့စပ်စပ်ကြိုးစားပါတယ်။ သမ္မတထရမ့်ဟာ မစ္စတာအာဘေး အီရန်ကို သွားရောက်မှာကို ထောက်ခံတယ်လို့ ပြောကြားခဲ့သူပါ။ မစ္စတာအာဘေးရဲ့သံတမန်နည်းလမ်းအရ ကြိုးစားမှုခရီးစဉ်မှာ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ၊ အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီတို့နဲ့ တွေ့ဆုံဖို့ စီစဉ်ခဲ့ပါတယ်။

**ဆန္ဒပြကြ**

သဘောထားတင်းမာတဲ့ ကျောင်းသားတွေကတော့ တီဟီရန်မှာရှိတဲ့ Mehrabad အပြည်ပြည်ဆိုင်ရာလေဆိပ်အပြင်ဘက်မှာ ရောက်ရှိကြပြီး အမေရိကန်နဲ့ အီရန်တို့အကြား တင်းမာမှုကို ဖြေလျှော့ပေးဖို့ မစ္စတာအာဘေးရဲ့ ကြိုးပမ်းမှုကို ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။ သတင်းစာရှင်းလင်းပွဲ မတိုင်မီ မစ္စတာအာဘေးနဲ့ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီတို့ တွေ့ဆုံစဉ်မှာတော့ ဂျပန်ဝန်ကြီးချုပ်က ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် တောင်းဆိုခဲ့ပါတယ်။ သဘောထားတင်းမာမှုများ မြင့်တက်နေချိန် အရှေ့အလယ်ပိုင်းဒေသမှာ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးအားကောင်းလာဖို့ရာ အီရန်နိုင်ငံက အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်ပါတယ်လို့ မစ္စတာအာဘေးက ပြောပါတယ်။ သမ္မတ ရိုဟာနီကတော့ အီရန်နိုင်ငံဟာ အမေရိကန်နဲ့ ပဋိပက္ခမဖြစ်လိုဘူး။ ဒါပေမယ့် အီရန်ကို ထိခိုက်လာပြီဆိုရင် ပြန်လည်တုံ့ပြန်မှုတွေ လုပ်သွားမယ်လို့ ပြောခဲ့ပါတယ်။

**ဂျပန်-အီရန် ဆက်ဆံရေး**

ဂျပန်ဟာ အမေရိကန်နဲ့ရော အီရန်နဲ့ပါ ရင်းနှီးတဲ့ ဆက်ဆံရေးရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ အီရန်ဟာ အရှေ့အလယ်ပိုင်းဒေသမှာဆိုရင် ဂျပန်အတွက် အရေးပါတဲ့ ရေနံထောက်ပံ့ပေးတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ မစ္စတာအာဘေးဟာ ဂျပန်ဝန်ကြီးချုပ်ဖြစ်လာချိန်ကစလို့ အီရန်သမ္မတနဲ့ ခြောက်ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ဖူးပါတယ်။ ဂျပန်နဲ့ အီရန်တို့ကြား နှစ်ပေါင်း ၉၀ သံတမန်ဆက်ဆံရေးဆိုတာဟာလည်း ခိုင်မာလှတဲ့ အချက်တစ်ချက်ပါပဲ။ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ဂျပန်ဟာ အရင်တုန်းကလည်း ငြိမ်းချမ်းရေးအတွက် ကြားဝင်စေ့စပ်ပေးသူ ဖြစ်ခဲ့ဖူးပါတယ်။ ၁၉၈၄ ခုနှစ် အီရန်-အီရတ်စစ်ပွဲမှာ မစ္စတာအာဘေးရဲ့ ဖခင်ဟာ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက မစ္စတာအာဘေးရဲ့ ဖခင်ဟာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေပြီး စစ်ပွဲပြီးဆုံးဖို့အတွက် ညှိနှိုင်းပေးရာမှာ အောင်မြင်မှုမရခဲ့ပါဘူး။

**စေ့စပ်ပေးမှု အောင်မြင်နိုင်ပါ့မလား**

အခုတစ်ကြိမ်မှာလည်း ဂျပန်ဟာ အီရန်နဲ့ အမေရိကန်တို့အကြား ကြားဝင်စေ့စပ်ပေးမှုဟာ အောင်မြင်နိုင်မလားဆိုပြီး လေ့လာသူတွေက သံသယဝင်ကြပါတယ်။ တိုကျိုမှာရှိတဲ့ အာရှလေ့လာရေးဆိုင်ရာ အင်စတီကျုမှ အကြီးအကဲ ရောဘတ် ဒူရာရစ်ကတော့ အမေရိကန်နဲ့ အီရန်တို့အကြား စေ့စပ်ညှိနှိုင်းပေးဖို့အတွက် အခွင့်အရေးကတော့ သုညပါပဲလို့ ပြောခဲ့ပါတယ်။ အီရန်နိုင်ငံကိုလာပြီး ဆွေးနွေးတဲ့အခါ အနောက်နိုင်ငံတွေနဲ့ မတူညီတာက ဂျပန်ဟာ သမိုင်းကြောင်းအရကော ဘာသာရေးအရပါ ဝန်ထုပ်ဝန်ပိုးကင်းပါတယ်။ ဒါပေမယ့်လည်း အီရန်ကတော့ ဂျပန်ကို အရိုးသားဆုံး စေ့စပ်ညှိနှိုင်းပေးသူလို့ မြင်ဖို့မဖြစ်နိုင်သေးဘူးလို့ မစ္စတာ ကင်စတန်က ပြောပါတယ်။

**မျှော်လင့်ချက်အနည်းငယ်သာထား**

စေ့စပ်ညှိနှိုင်းသူကောင်းဆိုတာ နှစ်ဖက်စလုံးက ဘက်လိုက်မှုကင်းသူလို့ မြင်မှလည်း ဖြစ်မှာပါ။ ဒါပေမယ့် မစ္စတာအာဘေးနဲ့ အမေရိကန်သမ္မတ ထရမ့်ဟာ ဂျပန်နိုင်ငံမှာ တွေ့ဆုံခဲ့ကြပြီး မိတ်ကောင်းဆွေကောင်းတွေ ဖြစ်ခဲ့ကြပါတယ်။ အမေရိကန်နဲ့ နီးကပ်လွန်းသူဖြစ်တာကြောင့် မစ္စတာအာဘေးဟာ ဘက်လိုက်မှုကင်းတယ်လို့ အီရန်က ယူဆပါ့မလားလို့ မစ္စတာကင်စတန်က ဆက်ပြောပါတယ်။ ဂျပန်ကို အမေရိကန်ရဲ့ မဟာမိတ်အဖြစ်ရော၊ သမ္မတထရမ့်နဲ့ မစ္စတာအာဘေးတို့ဟာ ရင်းနှီးသူတွေလို့ရော အီရန်ဘက်က မြင်လိမ့်မယ်လို့ သူက ဆက်ပြောပါတယ်။ ဒါကြောင့်မို့ လေ့လာသုံးသပ်သူအများစုကတော့ အခုခရီးစဉ်ကို မျှော်လင့်ချက် အနည်းငယ်သာ ထားကြပါတယ်။

**တိုးတက်မှုတွေ ရှိလာနိုင်**

ရှင်ဇိုအာဘေးအတွက်တော့ အခုခရီးစဉ်ဟာ အဓိပ္ပာယ်တွေ အများကြီးရှိပါတယ်။ လာမယ့်လအတွင်း ဂျပန်အထက်လွှတ်တော်မှာ ရွေးကောက်ပွဲပြုလုပ်ဖို့ရှိပြီး အခုခရီးစဉ်ကြောင့် မစ္စတာအာဘေးရဲ့အနေအထားမှာ တိုးတက်မှုတွေ ရှိလာနိုင်ပါတယ်။ ဂျပန်နိုင်ငံရဲ့ ပြည်တွင်းပြည်ပလုပ်ဆောင်မှုတွေကို မစ္စတာအာဘေးက ပြသလိုပါတယ်။ ဒါကြောင့် တီဟီရန်ခရီးစဉ်ဟာ မစ္စတာအာဘေးအတွက် အခွင့်အရေးဖြစ်လာနိုင်ပါတယ်လို့ ဂျပန်သံတမန်ဟောင်းနဲ့ ဂျပန်ဝန်ကြီးချုပ်ဟောင်းရဲ့မူဝါဒဆိုင်ရာ အကြံပေးဖြစ်သူ ယူကီအို အိုကာမိုတိုက ပြောပါတယ်။ နိုင်ငံခြားရေးမူဝါဒတွေဟာ ရွေးကောက်ပွဲမှာ အနိုင်ရဖို့ မဖြစ်နိုင်ပေမယ့် မစ္စတာအာဘေးကို ပိုမိုအင်အားကောင်းလာဖို့တော့ ဖြစ်နိုင်ပါတယ်လို့ မစ္စတာကင်စတန်က သုံးသပ်ခဲ့ပါတယ်။ ။

**ကိုးကား - ဘီဘီစီ၊ နယူးယောက်တိုင်းမ်**

> **"အခုခရီးစဉ်ကြောင့် မစ္စတာအာဘေးရဲ့ အနေအထားမှာ တိုးတက်မှုတွေ ရှိလာနိုင်ပါတယ်။ ဂျပန်နိုင်ငံရဲ့ ပြည်တွင်းပြည်ပလုပ်ဆောင်မှုတွေကို မစ္စတာအာဘေးက ပြသလိုပါတယ်။ ဒါကြောင့် တီဟီရန်ခရီးစဉ်ဟာ မစ္စတာအာဘေးအတွက် အခွင့်အရေးဖြစ်လာနိုင်"**

# ရှေးအစဉ်အလာများနှင့် ကျေးလက်ဒေသက မြန်မာ့ရိုးရာ အလှူတော်မင်္ဂလာပွဲ

ဝေဖြိုးအောင်(မြန်/ဆက်)

**မြန်မာ့ရိုးရာ ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲများစွာ၌ မြန်မာမှုရှေးအစဉ်အလာများကို ကျေးလက်ဒေသအလှူများတွင်သာ အများဆုံးတွေ့နိုင်တော့သည်။ မြို့ပြတွင် ရှင်ပြုနားသအလှူတော်မင်္ဂလာပွဲများကို ဆိုင်ကယ်၊ ကားများဖြင့် အများဆုံးအသုံးပြုကာ အလှူလှည့်လည်ကြသော်လည်း ကျေးလက်ဒေသများ၌ ရှင်ပြုနားသအလှူတော်မင်္ဂလာပွဲများကို မဏ္ဍပ်ကြီးများ၊ ဆင်၊ မြင်း၊ လှည်းယဉ်၊ ဝင်း စသည်တို့ဖြင့် စည်ကားစွာကျင်းပလေ့ရှိသည်။**

ကျေးလက်ရှင်ပြုနားသ အလှူများသည် မြန်မာ့ယဉ်ကျေးမှုများကို လက်ဆင့်ကမ်းကာ မြန်မာမှု မြန်မာ့ဟန်ကို ထိန်းသိမ်းကြသည်ဟုလည်း ဆိုနိုင်သည်။ အလားတူ ကျေးရွာသူ ရွာသားများ၏ စည်းလုံးညီညွတ်မှုများကိုလည်း ပြသရာရောက်လေသည်။

ဆင်စီး၍ မြင်းရံကြသည့် ကျေးလက်အလှူလှည့်သည့် မြင်ကွင်းများကို ပတ်ဝန်းကျင်ကျေးရွာနေ ပြည်သူများက ကြည့်ရှုကာ ကုသိုလ်စိတ်များ တိုးပွားရသည့်နည်းတူ နိုင်ငံတကာ ခရီးသွားဧည့်သည်များအတွက် မြန်မာမှု မြန်မာ့ဟန်များကို လေ့လာစရာ တစ်ခုအဖြစ် ရှိနေသည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာရှိ ကျေးလက်ဒေသ အလှူလှည့်ပွဲ စည်ကားစွာကျင်းပကြသည်ကို မှတ်တမ်းတင်ဖော်ပြလိုက်ရပါသည်။ ။















# မုံရွာမြို့နှင့် ရွှေဘိုမြို့တို့တွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း တည်ဆောက်မည်



မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်းတည်ဆောက်ရန်အတွက် မြေနေရာရှာဖွေမှုများပြုလုပ်နေစဉ်။

**ရွှေဘို ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့တွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း တည်ဆောက်သွားမည် ဖြစ်ကြောင်း ရွှေဘိုမြို့နယ် မဲဆန္ဒနယ် (၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူထံမှ သိရသည်။

မုံရွာမြို့နယ် နှင့် ရွှေဘိုမြို့နယ်တို့တွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်းတည်ဆောက်ရန်အတွက် လက်ရှိတွင် မြေနေရာရှာဖွေမှုများပြုလုပ်နေကြောင်း၊ ရွှေဘိုမြို့နယ်တွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း တည်ဆောက်ရန်အတွက် ဇွန် ၁၀ ရက်က ရွှေဘိုမြို့နယ်၊ မဲဆန္ဒနယ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ ရွှေဘိုမြို့နယ် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် မြေနေရာကို ကွင်းဆင်းရှာဖွေရာ ရွှေဘိုမြို့နယ် ကုလားမကျေးရွာ ကွင်းအမှတ် ၂၇၁၀ (က ) အား လျာထားကြည့်ရှုခဲ့ကြောင်း သိရသည်။

“ပြည်ထောင်စုအစိုးရက မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးစခန်း တည်ဆောက်ဖို့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးထဲက မုံရွာမြို့ရယ်၊ ရွှေဘိုမြို့ရယ်ကို ခွင့်ပြုမိန့်ချပေးတယ်။ ခွင့်ပြုမိန့်ကျလာလို့ ဒီဟာကို အကောင်အထည်ဖော်ဖို့ရာ မြေနေရာရှာတယ်။ ရွှေဘိုမြို့နယ်မှာ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း တည် ဆောက်ဖို့ ဝန်ကြီးချုပ်က ခန့်မှန်းခြေ ဧက ၅၀ ရှာခိုင်းတယ်။ ကျွန်တော်တို့ မနေ့က ရွှေဘိုမြို့နယ် ကုလားမကျေးရွာ အုပ်စုထဲက ကွင်းအမှတ် ၂၇၁၀ (က) ကိုကြည့်ရှုပြီး လျာထားခဲ့ပါတယ်။ မြေ နေရာအတိအကျရပြီဆိုရင် စီမံကိန်းရေးဆွဲတင်ပြရမယ်။ ၂၀၁၈ - ၂၀၁၉ ဘတ်ဂျက်ကလည်း အတည်ပြုပြီးသားဖြစ်နေပြီး ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ကလည်း အတည်ပြုပြီးသား ဖြစ်နေပြီးဆိုတော့ ၂၀၂၀ - ၂၀၂၁ လောက်မှာ ဒီစီမံကိန်းစရမယ်ထင်တယ်”ဟု မြို့နယ် မဲဆန္ဒနယ်(၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

လက်ရှိတွင် ရွှေဘိုမြို့နယ်၌ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း တည်ဆောက်ရန်အတွက် မြေနေရာ လျာထားဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် မုံရွာမြို့နယ်မှာမူ မြေနေရာရှာဖွေနေဆဲဖြစ်ကြောင်း၊ ရှာဖွေလျာထားမည့် မြေနေရာများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကွင်းဆင်းစစ်ဆေး ကြည့်ရှုမည်ဖြစ်ပြီး အတည်ပြုချက်ရယူပြီးပါက စီမံကိန်းရေးဆွဲ တင်ပြကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

**ကိုမင်း (အင်းတော်)**

# ဆရာအတတ်ပညာအရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် အခြေခံပညာဆရာ ဆရာမများ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် အဆိုပါ အရည်အချင်းသတ်မှတ်ချက်များပြည့်မီစေရန် ဆရာအတတ်ပညာ အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်မြို့ ပါမောက္ခချုပ်များ ကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယခုဆွေးနွေးပွဲသည် ဆရာ ဆရာမများ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်မည့် အစီအစဉ်များ၊ အကြံပြုချက်များ ရရှိစေရန်နှင့် ဆရာ ဆရာမများ၏ အရည်အသွေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် မူဝါဒများ ချမှတ်နိုင်ရန်လည်း ရည်ရွယ်ကြောင်း၊ အစိုးရကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများသာမက ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများရှိ ဆရာ ဆရာမများ အားလုံး၏ အရည်အသွေးကိုမြှင့်တင်နိုင်ရန်အတွက် ကဏ္ဍအသီးသီးမှပညာရှင်များကို ဖိတ်ကြားထားကြောင်း၊ ထို့ကြောင့် အနာဂတ်နိုင်ငံတော်နှင့် အနာဂတ်ပညာရေးအတွက် အကျိုးရှိမည့် အကြံဉာဏ်များကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း အဆိုပါအခမ်းအနားတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ မျိုးကြွယ်က ပြောသည်။

ဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင် ဦးမြကျော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က အခြေခံပညာဆရာများ ဆရာအတတ်ပညာအရည်အသွေး မြှင့်တင်ရေး၊ လုပ်ငန်းခွင်ရှိ အခြေခံပညာမူလတန်းနှင့် အလယ်တန်းပြ ဆရာ ဆရာမများအား ဆရာအတတ်ပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆရာအတတ်ပညာအရည်အသွေး မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာ ဆရာမများ၏ ဆရာအတတ်ပညာအရည်အသွေး မြှင့်တင်ရေးအစီအစဉ်များ၊ ပုဂ္ဂလိကကျောင်းများအခြေအနေ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နှစ်နှစ်သင်မှလေးနှစ်သင် အဖြစ်ပြောင်းလဲမည့်ပညာရေး ကောလိပ်များတွင် ဆရာ ဆရာမလိုအပ်ချက်များ ဖြည့်ဆည်းနိုင်မှု၊ ပြောင်းလဲသင်ကြားမည့်ပုံစံများ၊ အရည်အသွေးကိုဦးစားပေး မွေးထုတ်နိုင်ရန် ဆောင်ရွက်နိုင်မည့် စီမံကိန်းများနှင့်မူဝါဒများ၊ တိုင်းပြည်၏ လိုအပ်ချက်ဖြစ်နေသောဆရာ ဆရာမ အရေအတွက်သာမက အရည်အချင်းပါ စနစ်တကျတိုးမြှင့်လုပ်ဆောင်နိုင်သည့် အစီအစဉ်များကို တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုတင်ပြခြင်းများ ပြုလုပ်ကြသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် အခြေခံပညာဆရာ ဆရာမများ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် အဆိုပါ အရည်အချင်းသတ်မှတ်ချက်များ ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိသည့် ဆရာအတတ်ပညာသင်တန်း အစီအစဉ်များကို ဆန်းစစ်သုံးသပ်ရန်၊ စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ဖွံ့ဖြိုးမှုအစီအစဉ် ပုံစံအမျိုးမျိုးကို ဆန်းစစ်လေ့လာပြီး အရည်အသွေး အာမခံမှုရရှိ၍ အသိအမှတ်ပြုနိုင်သော ပုံစံများကိုဖော်ထုတ်ရန်၊ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်နိုင်ရန်ရည်ရွယ်လျက် ဆရာအတတ်ပညာအရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**



နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် အေးချမ်းသာယာရေးအတွက် တောင်ပို့သာနယ်မြေရဲစခန်းမှ ဒုရဲအုပ် ရဲမင်းထက်နှင့် ကျေးရွာတာဝန်ခံ ဦးမောင်ရှိန်တို့က ထုံးဘိုအုပ်စု ရိုးကုန်းကျေးရွာ၌ ဇွန် ၁၁ ရက် ညနေပိုင်းတွင် မှုခင်းများမဖြစ်ပွားစေရေးနှင့် နယ်မြေလုံခြုံရေး အသိပညာပေးဟောပြောစဉ်။

တင်ထွန်းတာ

# အလုပ်သမားရေးရာဥပဒေဆိုင်ရာများ အသိပညာပေး

**နေပြည်တော် ဇွန် ၁၃**

အလုပ်သမားရေးရာဥပဒေပါ ပြဋ္ဌာန်းချက်များကို အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်ရှင်၊ မန်နေဂျာနှင့် အလုပ်သမားများ ကျယ်ပြန့်စွာသိရှိနားလည်ပြီး အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်အခြေအနေများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အလုပ်သမားရေးရာဥပဒေဆိုင်ရာများ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၀ ရက်က ဒက္ခိဏသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ နေပြည်တော်လူမှုဖူလုံရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်နှင့် တာဝန်ရှိသူတို့က အလုပ်လုပ်ချိန်ကန့်သတ်ချက်အကြောင်းကို လည်းကောင်း၊ အလုပ်သမားများ၏ ခွင့်ရက်၊ အလုပ်ပိတ်ရက်နှင့် အချိန်ပိုအခကြေးငွေပေးချေရေးဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံအတွင်း မတော်တဆထိခိုက်မှုနှင့် ပတ်သက်၍ အကြောင်းကြားရမည့် အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**ဇော်မင်းလွင်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၁၃-၆-၂၀၁၉**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၀၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၅/၉၃၀ | ကျပ် | ၉၄၅/၉၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၅/၉၄၀ | ကျပ် | ၉၆၀/၉၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၃၅ | ကျပ် | ၈၇၅/၈၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၅ | ကျပ် | ၉၄၀/၉၆၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ ・ ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၇ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၃ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၅၂ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၅ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၅ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၁ ・ ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၁၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ ・ ၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ ・ ၃၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၀၇၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# 2019 Copa America

# အဖွင့်ပွဲစဉ်မှာ နိုင်ပွဲယူမယ့် အိမ်ရှင်ဘရာဇီး

ဝေမိုးဆက်

၂၀၁၉ ကိုပါ အမေရိကဖလား ပြိုင်ပွဲကြီးကိုတော့ လာမယ့် ဇွန် ၁၆ ရက်မှာ စတင်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဘရာဇီးက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် အဆိုပါပြိုင်ပွဲမှာတော့ ဧည့်သည်အသင်းတွေအဖြစ် အာရှက ဂျပန်နဲ့ကာတာတို့ပါ ပါဝင်လာမှာဖြစ်တာကြောင့် ပိုမိုစိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

| အုပ်စု (A) | အုပ်စု (B) | အုပ်စု (C) |
|---|---|---|
| ဘရာဇီး | အာဂျင်တီးနား | ဥရုဂွေး |
| ဗင်နီဇွဲလား | ကိုလံဘီယာ | အီကွေဒေါ |
| ဘိုလီးဗီးယား | ပါရာဂွေး | ဂျပန် |
| ပီရူး | ကာတာ | ချီလီ |

## ဘရာဇီး Vs ဘိုလီးဗီးယား

**နောက်ဆုံးရလဒ် - ဘိုလီးဗီးယား ၀-၀ ဘရာဇီး**

နေမာမပါဝင်နိုင်ပေမယ့်လည်း ဖာမီနို၊ ဂျေဆုတို့လိုတိုက်စစ်မှူးကောင်းတွေအပြင် ကော်တင်ညို၊ ဝီလီယံတို့လို တိုက်စစ်အားသန်တဲ့ ကွင်းလယ်ကစားသမားတွေ ပါဝင်နေတာကြောင့် ဘရာဇီးတိုက်စစ်က အားကျသွားဖို့ မရှိပါဘူး။ အိမ်ရှင်ဖြစ်နေတဲ့အပြင် ဒီပြိုင်ပွဲမှာ ဖိုလ်စွဲဖို့အထိ ရည်မှန်းထားတဲ့ ဘရာဇီးတို့ အဖွင့်ပွဲမှာ တိုက်စစ်အားပြုကစားလာမှာ သေချာပါတယ်။ ဘိုလီးဗီးယားကတော့ ခြေစွမ်းအားနည်းချက်တွေများနေလို့ ဘရာဇီးပဲ ဂိုးပြတ်နိုင်မယ်။

## ဥရုဂွေး Vs အီကွေဒေါ

**နောက်ဆုံးရလဒ် - ဥရုဂွေး ၂-၁ အီကွေဒေါ**

ဆွာရက်ဇ်၊ ကာဗာနီတို့လို တိုက်စစ်မှူးတွေရှိနေတဲ့အပြင် ဂိုဒင်၊ မက်ဆီဂိုမက်ဇ်၊ စတူအာနီ၊ တော်ရဲရားတို့လိုကစားသမားကောင်းတွေပါရှိနေတဲ့ ဥရုဂွေးဟာ ဒီအုပ်စုအတွင်းမှာ အသင်းလိုက်စုဖွဲ့မှုအတောင့်တင်းဆုံးအသင်း ဖြစ်နေပါတယ်။ အီကွေဒေါကလည်း အသင်းလိုက် စွမ်းဆောင်ရည်ကောင်းမွန်နေပြီး ဗလင်စီယာ၊ မန်ဒက်ဇ်တို့လိုကစားသမားကောင်းတွေရှိနေပေမယ့် ဥရုဂွေးရဲ့စုဖွဲ့မှုကို မမီပါဘူး။ ဥရုဂွေးကသာ အဖွင့်ပွဲမှာ နိုင်ပွဲရယူသွားမှာပါ။

## ဂျပန် Vs ချီလီ

**နောက်ဆုံးရလဒ် - ဂျပန် ၄-၀ ချီလီ**

ဒီအုပ်စုရဲ့ဧည့်သည်အသင်းဖြစ်တဲ့ ဂျပန်ဟာ အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ အိုကာဇာကီလို ဥရောပအခြေစိုက်ကစားသမားတွေလည်း ပါဝင်လာမှာဖြစ်ပြီး အသင်းလိုက်မြန်ဆန်မှုရှိပါတယ်။ ဒါပေမယ့် ချီလီကလည်း ဒီအုပ်စုမှာ နောက်တစ်ဆင့်တက်နိုင်ဖို့ ရည်မှန်းနေတဲ့အသင်းဖြစ်သလို တောင်အမေရိကရဲ့အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ ဆန်းချက်ဇ်၊ ဗီဒဲလ်၊ အရန်ဂူတို့လို ကစားသမားတွေလည်း ပါဝင်လာမှာဖြစ်လို့ ချီလီပဲ ကပ်နိုင်ခြေရှိတယ်။

## အာဂျင်တီးနား Vs ကိုလံဘီယာ

**နောက်ဆုံးရလဒ် - ကိုလံဘီယာ ၀-၀ အာဂျင်တီးနား**

အာဂျင်တီးနားရဲ့ အဓိကအားနည်းချက်က တိုက်စစ်မှူးကောင်းတွေ အများအပြားရှိနေပေမယ့် ကွင်းလယ်မှာတော့ ကစားကွက်ဖန်တီးမှုအားကောင်းတဲ့ ကစားသမားနည်းပါးနေခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဂျင်တီးနားဟာ ကစားပုံမာကျောပြီး လျင်မြန်တဲ့အသင်းတွေနဲ့ ကွင်းလယ်ကစားအားကောင်းမွန်တဲ့အသင်းတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ဂိုးရဖို့ခက်တတ်ပါတယ်။ ကိုလံဘီယာက အသင်းကောင်းတစ်သင်းဖြစ်လို့ အာဂျင်တီးနား ဂိုးပြတ်နိုင်ဖို့ခက်လွန်းတယ်။

## ဗင်နီဇွဲလား Vs ပီရူး

**နောက်ဆုံးရလဒ် - ဗင်နီဇွဲလား ၂-၂ ပီရူး**

ဘရာဇီးပါဝင်နေတဲ့ အုပ်စုဖြစ်နေတာကြောင့် အခုဆုံတွေ့မှုဟာ အုပ်စုဒုတိယနေရာအတွက် အဆုံးအဖြတ် ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်လည်း အဖွင့်ပွဲဖြစ်ပေမယ့် နှစ်သင်းစလုံး တိုက်စစ်အားပြုကစားလာမှာ သေချာနေပါတယ်။ ဒီနှစ်သင်း အနေအထားအရ ဗင်နီဇွဲလားရဲ့စုဖွဲ့မှုက တောင့်တင်းပေမယ့် အသင်းလိုက်ကစားအားမှာ ပီရူးက ပိုမိုကောင်းမွန်ပြီး လျင်မြန်မှုလည်း ပိုရှိပါတယ်။ ဒါကြောင့် ပီရူးတို့ နိုင်ပွဲကပ်ရသွားဖို့ ရှိနေပါတယ်။

## ပါရာဂွေး Vs ကာတာ

**နောက်ဆုံးရလဒ် - ပါရာဂွေး ၀-၂ ကာတာ**

ဧည့်သည်အသင်းဖြစ်တဲ့ ကာတာဟာ အာရှချန်ပီယံအသင်းဆိုပေမယ့် တောင်အမေရိက အသင်းတွေနဲ့တော့အဆင့်တစ်ခုခြားနေပါတယ်။ ကာတာဟာ အသင်းလိုက်စွမ်းဆောင်ရည် တည်ငြိမ်ပြီး တန်ပြန်တိုက်စစ်ကောင်းပေမယ့် တောင်အမေရိကရဲ့ အသင်းကောင်းတစ်သင်းဖြစ်တဲ့ပါ ရာဂွေးကိုတော့ ထိန်းဖို့ခက်ပါတယ်။ အာဂျင်တီးနား၊ ကိုလံဘီယာတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် ဒီပွဲကပါရာဂွေးအတွက်အရေးကြီးလွန်းတဲ့အတွက် အနိုင်ကစားသွားမှာပါ။

## အာဂျင်တီးနား Vs ပါရာဂွေး

**နောက်ဆုံးရလဒ် - အာဂျင်တီးနား ၀-၁ ပါရာဂွေး**

ဒီအုပ်စုဒုတိယပွဲမှာလည်း အာဂျင်တီးနားတို့ခြေကုန်ထုတ်လာဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပါရာဂွေးကလည်း အသင်းလိုက်စွမ်းဆောင်ရည် မာကျောတာကြောင့် အာဂျင်တီးနားတို့ ဒီပွဲမှာလည်းရှုန်းကန်ရနိုင်ပါတယ်။ အာဂျင်တီးနားကပ်ပြီးသာအနိုင်ရမယ်။

## ဘရာဇီး Vs ဗင်နီဇွဲလား

**နောက်ဆုံးရလဒ် - ဗင်နီဇွဲလား ၀-၂ ဘရာဇီး**

အဖွင့်ပွဲမှာ ဘိုလီးဗီးယားကိုအနိုင်ရခဲ့မယ်ဆိုရင်တောင် အုပ်စုပထမနေရာရရှိဖို့ ဘရာဇီးတို့ ဒီပွဲကိုအနိုင်ကစားဦးမှာပါ။ ဗင်နီဇွဲလားအနေနဲ့လည်း နောက်တစ်ဆင့်အတွက် ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် အိမ်ရှင်အားနဲ့ တိုက်စစ်ဖွင့်လာမယ့် ဘရာဇီးကိုထိန်းဖို့ခက်ပါတယ်။ ဘရာဇီးပဲ အနိုင်ရမယ်။

## ဥရုဂွေး Vs ဂျပန်

**နောက်ဆုံးရလဒ် - ဂျပန် ၄-၃ ဥရုဂွေး**

ဒီအုပ်စုမှာ အုပ်စုပထမနေရာရယူနိုင်ဖို့အထိ ရည်မှန်းထားတဲ့ ဥရုဂွေးအနေနဲ့ ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဂျပန်ကလည်း လျင်မြန်တဲ့ တန်ပြန်တိုက်စစ်နဲ့ တုံ့ပြန်လာမှာသေချာတယ်။ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပြီး ဥရုဂွေးတို့ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

## ကိုလံဘီယာ Vs ကာတာ

**နောက်ဆုံးရလဒ် - မရှိ**

ကိုလံဘီယာဟာ အဖွင့်ပွဲမှာ အာဂျင်တီးနားကို အနိုင်မရခဲ့ရင် ဒီပွဲကအရေးပါသွားနိုင်လို့ ခြေကုန်ထုတ်လာမှာဖြစ်ပါတယ်။ ကာတာကလည်း နောက်တစ်ဆင့်အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် ကာတာရဲ့အတွေ့အကြုံနဲ့ စုဖွဲ့မှုက ကိုလံဘီယာကိုယှဉ်ဖို့ခက်ပါတယ်။ ကိုလံဘီယာပဲအနိုင်ရမယ်။

## ဘိုလီးဗီးယား Vs ပီရူး

**နောက်ဆုံးရလဒ် - ပီရူး ၂-၁ ဘိုလီးဗီးယား**

ဘိုလီးဗီးယားအနေနဲ့ အဖွင့်ပွဲမှာ ဘရာဇီးကိုအရေးနိမ့်ခဲ့မယ်ဆိုရင် နောက်တစ်ဆင့်တက်နိုင်ဖို့ ဒီပွဲကအရေးပါသွားမှာ ဖြစ်ပါတယ်။ ပီရူးအနေနဲ့လည်း အဖွင့်မှာဗင်နီဇွဲလားနဲ့ ဘယ်လိုရလဒ်မျိုးပဲဖြစ်ခဲ့ဖြစ်ခဲ့ နောက်တစ်ဆင့်အတွက် သေချာချင်ရင် ဒီပွဲမှာနိုင်ပွဲထပ်ယူနိုင်ဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်လည်း နှစ်သင်းစလုံး ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် ဒီနှစ်ကြားမှာ ခြေစွမ်းချင်းကတော့ ခြားနားနေပါတယ်။ ကစားပုံ ပိုကောင်းတဲ့ ပီရူးပဲအနိုင်ရမယ်။

## ကိုပါအမေရိကဖလားအုပ်စုပွဲစဉ် (၁)

| သောကြာနေ့ | | | 
|---|---|---|
| ၁၄-၆-၁၉ | | |
| နံနက် ၇း၀၀ (စနေနံနက်) | ဘရာဇီး | - ဘိုလီးဗီးယား |
| **စနေနေ့** | | **၁၅-၆-၁၉** |
| နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | ဗင်နီဇွဲလား | - ပီရူး |
| နံနက် ၄း၃၀ (တနင်္ဂနွေနံနက်) | အာဂျင်တီးနား | - ကိုလံဘီယာ |
| **တနင်္ဂနွေနေ့** | | **၁၆-၆-၁၉** |
| နံနက် ၁း၃၀ (တနင်္လာနံနက်) | ပါရာဂွေး | - ကာတာ |
| နံနက် ၄း၃၀ (တနင်္လာနံနက်) | ဥရုဂွေး | - အီကွေဒေါ |
| **တနင်္လာနေ့** | | **၁၇-၆-၁၉** |
| နံနက် ၅း၃၀ (အင်္ဂါနံနက်) | ဂျပန် | - ချီလီ |

## ကိုပါအမေရိကဖလားအုပ်စုပွဲစဉ် (၂)

| အင်္ဂါနေ့ | | |
|---|---|---|
| ၁၈-၆-၁၉ | | |
| နံနက် ၄း၀၀ (ဗုဒ္ဓဟူးနံနက်) | ဘိုလီးဗီးယား | - ပီရူး |
| နံနက် ၇း၀၀ (ဗုဒ္ဓဟူးနံနက်) | ဘရာဇီး | - ဗင်နီဇွဲလား |
| **ဗုဒ္ဓဟူးနေ့** | | **၁၉-၆-၁၉** |
| နံနက် ၄း၀၀ (ကြာသပတေးနံနက်) | ကိုလံဘီယာ | - ကာတာ |
| နံနက် ၇း၀၀ (ကြာသပတေးနံနက်) | အာဂျင်တီးနား | - ပါရာဂွေး |
| **ကြာသပတေးနေ့** | | **၂၀-၆-၁၉** |
| နံနက် ၅း၃၀ (သောကြာနံနက်) | ဥရုဂွေး | - ဂျပန် |

# ဂိုးသမား အော့စပီနာအား ခေါ်ယူရေးနှင့်ပတ်သက်၍ ယခုသီတင်းပတ်ကုန်ချိန်တွင် နာပိုလီအသင်း အကြောင်းပြန်ရမည်




အီတလီစီးရီးအေကလပ် နာပိုလီ အသင်းအနေဖြင့် ကိုလံဘီယာဂိုးသမား ဒေးဗစ်အော့စပီနာအား အပြီးသတ် ခေါ်ယူခြင်း ပြု မပြုဆိုသည်နှင့်ပတ်သက်၍ ဇွန် ၁၆ ရက် နောက်ဆုံးထား၍ ဂိုးသမား အော့စပီနာ၏ မိခင်ကလပ်ဖြစ်သည့် အာဆင်နယ်အသင်းထံ အကြောင်းကြားရမည် ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာပိုလီအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဂိုးသမား အော့စပီနာအား အာဆင်နယ်အသင်းထံမှ တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့ပြီး အပြီးသတ်ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၃ ဒသမ ၁ သန်းပေးချေကာ ခေါ်ယူရန်အခွင့်အရေးရှိနေသည့် အသင်းဖြစ်သည်။

နာပိုလီအသင်းသို့ ဂိုးသမား အော့စပီနာ အငှားဖြင့် ပြောင်းရွှေ့ရေးအတွက် အာဆင်နယ်အသင်းနှင့် နာပိုလီအသင်းတို့ ချုပ်ဆိုခဲ့သည့် စာချုပ်တွင် နာပိုလီအသင်းအနေဖြင့် ဂိုးသမား အော့စပီနာအား ၂၀၁၈-၁၉ ခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲမျိုးစုံ၌ စုစုပေါင်း ၂၅ ပွဲ အသုံးပြုခဲ့ပါက နာပိုလီအသင်းသည် ဂိုးသမား အော့စပီနာအား ပြောင်းရွှေ့ကြေး ပေါင် ၃ ဒသမ ၁ သန်းဖြင့် မဖြစ်မနေ ခေါ်ယူရမည်ဆိုသော အချက်ကို ထည့်သွင်းချုပ်ဆိုထားသည်။ သို့သော်လည်း နာပိုလီအသင်းနည်းပြ အန်ဆယ်လော့တီသည် ဂိုးသမား အော့စပီနာအား ပြီးခဲ့သည့် ဘောလုံးရာသီတွင် ပြိုင်ပွဲမျိုးစုံ၌ စုစုပေါင်း ၂၄ ပွဲသာ အသုံးပြုခဲ့ခြင်းကြောင့် အော့စပီနာ၏ အနာဂတ်မှာ မရေမရာ ဖြစ်နေရခြင်း ဖြစ်သည်။ အသက် ၃၀ နှစ်အရွယ်ရှိ ဂိုးသမား အော့စပီနာနှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ နောက်ဆုံးနှစ်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် နာပိုလီအသင်းအနေဖြင့် ဂိုးသမား အော့စပီနာအား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးအဖြစ် ပေါင် နှစ်သန်းသာ ပေးချေသွားရန် ဆန္ဒရှိနေကြောင်း သတင်းများလည်း ထွက်ပေါ်နေသည်။

စပိန်ကလပ်အသင်းအချို့က ဂိုးသမား အော့စပီနာအား ပြောင်းရွှေ့ကြေး ပေါင် သုံးသန်းဖြင့် ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေခြင်းကြောင့် အာဆင်နယ်အသင်းအနေဖြင့် အော့စပီနာအား နာပိုလီအသင်းသို့ ပေါင် ၂ သန်းဖြင့် ရောင်းချရန် ဝန်လေးလျက်ရှိသည်ဟု ဆိုသည်။

**ထက်အောင်**

# ဂရစ်ဇ်မန်းအား ကြားဖြတ်ခေါ်ယူရန် မန်ယူအသင်း ပစ်မှတ်ထားနေ




ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေသူ အက်သလက်တီကို တိုက်စစ်မှူး အန်တိုနီယို ဂရစ်ဇ်မန်းအား ကြားဖြတ်ခေါ်ယူရန် ရည်ရွယ်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်းသည် ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၉၅ သန်း ဖြင့် ခေါ်ယူသွားရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟုဆိုသည်။ လက်ရှိအချိန်တွင် မန်ယူအသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသည့် ကစားသမားအဖြစ် ရပ်တည်နေသူမှာ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းတွင် ဂျူဗင်တပ်စ်အသင်းထံမှ ပြောင်းရွှေ့ကြေး ပေါင် ၈၉ ဒသမ ၃ သန်းဖြင့် ခေါ်ယူခဲ့သည့် ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ ဖြစ်သည်။

အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂရစ်ဇ်မန်းက ယခုနွေရာသီအတွင်းတွင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြီးခဲ့သည့် မေ ၁၄ ရက်တွင် အတည်ပြုကြေညာထားသူဖြစ်သည်။ အက်သလက်တီကိုအသင်းနှင့် ဂရစ်ဇ်မန်းတို့ ချုပ်ဆိုထားသည့် စာချုပ်တွင် ဂရစ်ဇ်မန်းအား ခေါ်ယူလိုသည့်အသင်းများသည် ပြောင်းရွှေ့ကြေးအဖြစ် ယူရိုသန်း ၁၂၀ (ပေါင် ၁၀၆ ဒသမ ၇၅ သန်း) ပေးချေရမည်ဆိုသည့်အချက်အား ထည့်သွင်းချုပ်ဆိုထားကာ ဘာစီလိုနာအသင်းသည် အဆိုပါ သတ်မှတ်ပြောင်းရွှေ့ကြေးဖြင့် ဂရစ်ဇ်မန်းအား ခေါ်ယူလိမ့်မည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းတာဝန်ရှိသူများသည် တိုက်စစ်မှူး ဂရစ်ဇ်မန်းထက် ပီအက်စ်ဂျီအသင်းမှ ဘာစီလိုနာတိုက်စစ်မှူးဟောင်း နေမာကို ပြန်လည်ခေါ်ယူရန် ဦးစားပေးလုပ်ဆောင်နေကာ ဂရစ်ဇ်မန်းအား ခေါ်ယူရေးအတွက် တရားဝင်ကမ်းလှမ်းလာမှုမရှိသေးသောကြောင့် မန်ယူအသင်းအနေဖြင့် ဂရစ်ဇ်မန်းကို ခေါ်ယူရန် အလားအလာ ကောင်းမွန်နေသည်ဟုဆိုသည်။

ပြီးခဲ့သည့် ဇွန် ၁၂ ရက်တွင် ပြင်သစ်အသင်းက အန်ဒိုရာအသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော ၂၀၂၀ ပြည့်နှစ် ဥရောပဖလားပြိုင်ပွဲ ခြေစစ်ပွဲအပြီးတွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းက “လာလီဂါပြိုင်ပွဲမှာ ကျွန်တော် ဆက်ရှိနေမလားဆိုတာကို မသိနိုင်သေးပါဘူး။ ကျွန်တော့်အနေနဲ့ ဘယ်အသင်းကို သွားချင်တယ်ဆိုတာကိုတော့ ကိုယ့်ဘာသာကိုယ် သိပါတယ်။ ကျွန်တော့် မျှော်လင့်ချက် အမြန်ဆုံးဖြစ်ပေါ်လာဖို့ကိုလည်း ရည်မှန်းထားတယ်”ဟု ပြောခဲ့သည်။

**ထက်အောင်**

# REQUEST FOR EXPRESSIONS OF INTEREST
# (CONSULTING SERVICES – FIRMS SELECTION)

**MYANMAR**
**South East Asia Disaster Risk Management Project**
**Project ID. P160931**
**Assignment Title:** Independent Dam Safety and Risk Assessment for Gyobyu, Phugyi and Hlawga Reservoirs
**Reference No**. C3-CS2

The Government of the Republic of the Union of Myanmar has received financing from the World Bank toward the cost of the South East Asia Disaster Risk Management Project, and intends to apply part of the proceeds to finance the consulting services for Independent Dam Safety and Risk Assessment for Gyobyu, Phugyi and Hlawga Reservoirs.

The objectives of this assignment are to assist Yangon City Development Committee (YCDC) as the responsible entity for water supply to Yangon City and the Gyobyu, Phugyi and Hlawga reservoir owners and operators to (i) Assess the safety condition of the dams and appurtenant structures in accordance with the international and national standards as well as the World Bank's Operation Manual (WB OP / BP 4.37) for dam safety; (ii) Assess the potential risks due to potential failure of the dams to local communities and assets, including assets to be financed as part of this project; (iii) Prepare a dam safety report including any safety issues and recommendation of remedial measures along with conceptual design and preliminary cost estimates.

The Consulting Services ("the Services") shall consist of the following works for Gyobyu, Phugyi and Hlawga reservoirs and appurtenance: (i) Site Visits, Data Collection and Safety Checking; (ii) Detailed Dam Safety/ Reservoir and Risk Assessment Analyses and Evaluation; (iii) Preparation of Dam Safety and Risk Assessment Report; (iv) Preparation of Conceptual Designs and Cost Estimates.

The Yangon City Development Committee with the Building Engineering Department, Building Control Authority will be implementing the Project and now invites eligible consulting firms ("Consultants") to indicate their interest in providing the Services. **Interested Consultants must provide specific information demonstrating that they have the required qualifications and relevant experience to perform the Services.**

The short listing criteria are: (i) Specific experience relevant to the assignment: Sound knowledge and experience in the fields of dam design, dam safety, geotechnical, seismic and hydraulic engineering with at least 15 years' experience including: (a) Dam safety assessment inspections (b) Extensive dam design (including upgrading and rehabilitation), construction and operation of dams, reservoirs and associated structures (c) Extensive experience undertaking detailed risk and hazard assessments (flood and seismic) (d) Expertise in hydraulic and geotechnical (appraisal) engineering, numerical modeling and associated industry software packages for inter alia seepage, stress-strain, slope stability, flood routing, dam break analysis, and inundation mapping (e) At least three past projects of similar scope and nature; (ii) Relevant experience in Myanmar and or the region (highly desirable)

Interested Consulting firms are **requested to provide specific information and past project examples** to demonstrate their ability **to meet each of the shortlisting criteria/ sub-criteria above**. Individual CV's of proposed 'team members' need not be supplied at this stage (individual team members will be evaluated at RFP stage) and will not be taken into consideration. **The details of similar assignments carried out (including contract reference and scope of work undertaken) should be provided**. Failure to do so may result in Consulting Firms not being evaluated.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's *Guidelines: Selection and Employment of Consultants [under IBRD Loans and IDA Credits & Grants] by World Bank Borrowers* dated January 2011 and revised in July 2014. ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest.

Consultants may associate with other firms in the form of a joint venture or a sub-consultancy to enhance their qualifications. The "association" may take the form of a joint venture or a sub-consultancy. In case of a joint venture (JV), all members of the JV will be evaluated jointly for the purpose of short-listing and shall be jointly and severally liable for the assignment and shall sign the contract jointly in case of award is made to that JV. Interested consultants should clearly indicate the structure of their "association" and the duties of the partners and sub-consultants in their application. Unclear expression of interests in terms of "in association with" and/or "in affiliation with" and etc. without indicating the status of the partnership and designation of the lead partner may not be considered for short-listing.

A Consultant will be selected in accordance with the Quality and Cost Based Selection (QCBS) method set out in the Consultant Guidelines. Further information can be obtained at the address below during office hours [9.30 a.m to 4.30 p.m, Monday to Friday].

The draft Terms of References can be obtained through email.

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e-mail) **by 4.00 pm on July 9, 2019 (local Myanmar time).**

**Building Engineering Department**
**Building Control Authority**
**Yangon City Development Committee**

Contact Person : Daw Hnin Ei Win
Position : Section Head Engineer
Building Engineering Department, Building Control Authority
4th Floor, 10 Storied Office Building
Corner of Sepin Street & 34th Street
Kyauktada Township, Yangon, Postal Code – 11182,
Republic of the Union of Myanmar
E-mail : *ycdcedb@gmail.com* and *ycdcedb@ycdc.gov.mm*

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ မြင်းခင်းသာရွာမှ မောင်ဖြိုးသာနှင့် ဆင်ဖြူကျွန်း အထကစံပယ်ခန်းမှ မောင်လွမ်းမိုးတို့၏ဖခင်အမည်မှန်မှာ ဦးအောင်ခိုင် ၈/စလန(နိုင်)၁၁၀၄၉၅ဖြစ်ပါကြောင်း။**ဦးအောင်ခိုင်**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ကြာပန်း) န၀မတန်း(A)မှ မထူးထူးဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၁၀/သထန(နိုင်)၀၇၄၉၅၁ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောကိုကိုဦး ၆/ထဝန(နိုင်)၁၁၃၁၆၀ ၏ သင်္ဘောအလုပ်နှင့်ဆိုင်သော လက်မှတ်စာအုပ် (All In One)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၀၅၈၀၀၃**

## ပျောက်ဆုံးကြောင်း

Sein Larhu Co,Ltd ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်လက်မှတ် ကတ်အမှတ်(၃၅၁၅၈)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၅၅၄၆၉၈**
**၀၉-၄၃၀၇၉၀၈၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/2283 Mitsubishi Delica SK 82 TM အမည် ဦးကေခိုင် ၁၄/ပသန(နိုင်)၂၀၃၈၄၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပုသိမ်မြို့)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၆-၂၀၁၉ ရက် ထုတ်ဤသတင်းစာ၏ စာမျက်နှာ(၂၀) ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့် ကြောင်းကြော်ငြာတွင် ဒေါ်အေးအေးသောင်းအစား ဒေါ်အေးအေးအောင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၆၃၅၆၁ Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ Sabai Thinn Co,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး (ပုသိမ်မြို့)**

## ဖောင်းမှုကပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/2458၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့နယ်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက (၂) အဋ္ဌမတန်း (B)မှ မအင်ကြင်းဖြူနှင့် တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်လင်းထက်တို့၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဌေး ၈/မသန(နိုင်) ၁၆၇၄၂၀ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ဌေး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၂) အဋ္ဌမတန်း (B)မှ မရွှန်းလဲ့ထွေးနှင့် တက္ကသိုလ်ဝင်တန်းမှ မစုသဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဌေး ၈/မသန(နိုင်)၀၆၄၄၀၆ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ဌေး**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာ၊ ၂၇/၄ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(B-11/၂၉)ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစား ခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၇/၄၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ် ၂၉၊ ဧရိယာ(၀ဒသမ ၁၁၀) ဧက၊ မြေအမျိုးအစား နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင်များဖြစ်သည့် ဦးလှမြင့် ၁၀/မလမ(နိုင်)၀၀၈၄၁၅နှင့်ဒေါ်သီတာရွှေ ၁၀/မလမ(နိုင်) ၀၁၃၁၇၃တို့မှ မိမိတို့တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင် ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး — ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ကံဘဲ့၊ မြေကွက် အမှတ် ၇၀/က၊ ဧရိယာ(၀ဒသမ၀၈၁)ဧက၊ မြေအမျိုးအစား-မြေပိုင်မြေ လ/န ၃(ခ)နှင့်ယင်းမြေပေါ်ရှိ အမှတ်(၈၀)၊ ဓမ္မာရုံလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့ နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ဖြူဖြူအောင် ၁၂/ဗဟန(နိုင်) ၀၆၈၂၅၈မှ မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး — ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**(သို့မဟုတ်)**၂၀၁၉ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၂)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလ(၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၉ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိဇ္ဇာဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၉ ခုနှစ်၊ ဇွန်လ(၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ သြဂုတ်လ(၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၀ ပြည့်နှစ်၊ဇန်နဝါရီလ(၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၉ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု ရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် RFP-014 Feasibility Study to establish a Centre for Research and Innovation (CRI) at the University of Yangon ဆန်းစစ်ခြင်းလုပ်ငန်းအတွက် ၃-၆-၂၀၁၉ရက်မှ ၂၈-၆-၂၀၁၉ရက်အထိနှင့် RFB-003 Goods for ICT Traning Room and Lecture Room for Capacity Building Training သင်တန်းများအတွက် ၆-၆-၂၀၁၉ရက်မှ ၃-၇-၂၀၁၉ရက်အထိ ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်ကြည့်ရှုလိုပါက http:// www.moe-st.gov.mm နှင့် http://www.themimu.info တို့တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဒေါက်တာဝင်းသန်းထွန်း(ညွှန်ကြားရေးမှူး) ဖုန်း- ၀၆၇-၄၀၇၁၁၂၊ ၀၉-၂၅၀၁၀၁၂၂၉၊ drwinthantun @ moe.edu.mm တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)**
**ပညာရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၂+၃+၄) အတွင်းရှိ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း ပေအရှည်(၄၄၆၈)အတွက် ၂၂ ပေ အကျယ် ၁ပေ ထု ကွန်ကရစ်လမ်းခင်းရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။

၂။ **တင်ဒါပုံစံနှင့်စည်းကမ်းချက် စတင်ရောင်းချမည့်ရက်** - ၁၇-၆-၂၀၁၉ ရက် (တနင်္လာနေ့)

၃။ **တင်ဒါအဆိုပြုလွှာနှင့်အတူ Company Profile (သို့) Contractor ၏ Profile Price Quotation တင်ဒါအာမခံ နောက်ဆုံးထားတင်သွင်းရမည့်ရက်နှင့်အချိန်** - ၈-၇-၂၀၁၉ ရက် (တနင်္လာနေ့) (၁၆:၀၀)နာရီ

၄။ တင်ဒါစည်းကမ်းနှင့်အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းသည့် ၁၇-၆-၂၀၁၉ ရက် ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**လမ်းဖြစ်မြောက်ရေးကော်မတီ စီမံခန့်ခွဲရေးကော်မတီ**
**ရွှေပြည်သာစက်မှုဇုန်အပိုင်း (၂+၃+၄)**
**ဖုန်း-၀၁-၆၁၈၁၅၇၊ ၆၁၈၅၈၅၊ ၆၁၈၂၅၄**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကောက်ခွန်ဦးစီးဌာန၌ ကုန်စည်တင်သွင်း၊ တင်ပို့မှုလမ်းကြောင်းတွင် ကုန်တင်ယာဉ်များသွားလာမှုနှင့် တရားမဝင်ကုန်ပစ္စည်းများ ထည့်သွင်းမှုအား စောင့်ကြည့်စစ်ဆေးနိုင်ရန် ထောက်ပံ့ပို့ဆောင်ရေးနှင့် စောင့်ကြည့်စစ်ဆေးရေးစနစ် (Customs Logistics Surveillance System) E-Lock အား လုပ်ဆောင်ရန် တင်ဒါခေါ်ယူလိုပါသည်-

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပိတ်မည့် ရက်၊ အချိန်** - ၂၈-၆-၂၀၁၉ရက် (သောကြာနေ့)(၁၆:၀၀)နာရီ

**မှတ်ချက်**။ E-Lock စနစ်၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပုံစံနှင့်အတူ တင်သွင်းရမည်။

(ဂ) **တင်ဒါဖွင့်လှစ်မည့် ရက်၊ အချိန်** - (သီးခြားထုတ်ပြန်သွားပါမည်)

(ဃ) **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - အမှတ် (၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၉၁၄၃၂၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန၊ အင်တာနက်စာမျက်နှာ www.myanmarcustoms.gov.mm တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှု၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြောက်၊ မြေကွက်အမှတ်၁၈-ဃ၊ မြေဧရိယာ (၃၀'×၁၂၀')၊ မြေကွက်တည်နေရာအမှတ်၁၈/ဃ၊ လယ်ယာ(၂)လမ်း၊ (၁၀/မြောက်) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးညွန့်လွင် ၁၂/သကတ(နိုင်)၀၆၂၂၄၀၊ ဦးငွေသောင်း (ISN-၃၆၉၄၄၈) ၁၂/သကတ(နိုင်)၀၇၀၆၃၁၊ မောင်ဝင်းလွင် ၁၂/ဒဂန(နိုင်)၀၁၂၉၈၄ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ပိုင်ဆိုင်စာချုပ်အမှတ် ၃၈၇၆/၂၀၁၈ဖြင့် ဦးငွေသောင်းအစုအား ပိုင်ဆိုင်သူ ဒေါ်မြမြကြည် ၁၄/ပတန(နိုင်) ၀၇၀၃၅၄၊ ဒေါ်တင်တင်လှ ၁၂/သကတ(နိုင်)၀၁၂၄၉၅၊ ဒေါ်ကျင်ကျင်သောင်း ၁၂/သကတ(နိုင်)၀၇၁၅၁၉၊ ဦးသန်းနိုင် ၇/ဒဥန(နိုင်)၀၄၉၉၃၃ တို့နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးညွန့်လွင်တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၅၁၇၃/၂၀၁၉ (၁၃-၃-၂၀၁၉)ဖြင့် မြေဧရိယာ (၃၀'×၁၂၀')အနက် (၃၀'×၉၀')အား Portion ဝယ်ယူသူ ဦးဘိုထိန်(ခ)ဦးအေးမောင် ၁၂/မဂတ(နိုင်)၀၄၃၅၁၀ ထံမှ GP ရသူ ဦးအောင်အောင် ၁၂/မဂတ (နိုင်)၀၇၈၇၂၄ မှ ဦးဝင်းလွင်နှင့် ပူးတွဲလျှောက်ထားရန် အခက်အခဲများစွာရှိသောကြောင့် တစ်ဖက်သတ်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေအစိတ်အပိုင်းတွင် (၁)ထပ်အုတ်ညှပ်အဆောက်အအုံ ရုံးခန်းနှင့် (၂)ထပ်အုတ်ညှပ်အဆောက်အအုံရှိပြီး လျှောက်ထားသူမှ ရုံးခန်းဖွင့်လှစ်ထားပါသည်။ ကျန်အစိတ်အပိုင်းတွင် အရပ်ကတိဝယ်သူ ဦးဝင်းနိုင်နေထိုင်ပြီး Portion အတွက် မြေဂရန်အမည်ပြောင်း လျှောက်ထားခြင်းကို သဘောတူကြောင်း ဝန်ခံကတိပြုတင်ပြပြီးဖြစ်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## လက်ကိုင်ဖုန်းဟန်းဆက် (Handset) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့်အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း သတင်းပေးတင်ပြပါက ဆုကြေးငွေချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

* ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လက်ကိုင်ဖုန်းဟန်းဆက် (Handset) နှင့် ဆက်စပ်အပိုပစ္စည်းများ တင်သွင်းရောင်းချသူများ၊အရောင်းဆိုင်များမှ လက်ကိုင်ဖုန်းဟန်းဆက် (Handset) နှင့် ဆက်စပ်အပိုပစ္စည်းများ ရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းကို ၁-၆-၂၀၁၉ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

* လက်ကိုင်ဖုန်းဟန်းဆက် (Handset)နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူ ပြည်သူများအနေဖြင့် အဆိုပါပစ္စည်းများ ဝယ်ယူခြင်းအတွက် ကျသင့်သော စုစုပေါင်းတန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါသည်။

(50Ks) (100Ks) (200Ks) (500Ks) (1000Ks) (5000Ks) (10000Ks)




* ယခုလက်ရှိကာလတွင် လက်ကိုင်ဖုန်းဟန်းဆက် (Handset)နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်မည့် အခွန်အမှတ်တံဆိပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

* လက်ကိုင်ဖုန်းဟန်းဆက် (Handset) နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူပြည်သူများအနေဖြင့် ကျသင့်အခွန်နှင့် ညီမျှသောအခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများတောင်းယူကြပါရန်နှင့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ပြေစာများ၊ (အမှတ်တံဆိပ်သည် ငါးဆယ်ကျပ်တန် အနည်းဆုံးဖြစ်ပါသဖြင့် အခွန်ကျပ်ငါးဆယ်အောက်တန်ဖိုးအတွက် အခွန်အမှတ်တံဆိပ်လျော့နည်းခြင်းမှအပ) ကျသင့်အခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော ပြေစာများထုတ်ပေးခြင်း သို့မဟုတ် ပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်းများ တွေ့ရှိပါက အောက်ပါအတိုင်း သတင်းပေးတိုင်ကြားနိုင်ပြီး ဆုကြေးငွေထုတ်ယူနိုင်ပါသည်-

(က) မည်သည့်အခွန်ရုံး၌မဆို တိုင်ကြားနိုင်ပါသည်။

(ခ) အောက်ပါအထောက်အထားများနှင့်အတူ တိုင်ကြားရပါမည်။

(၁) ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန်/လုံလောက်စွာကပ်နှိပ်ရန်ပျက်ကွက်သည့် ပြေစာမူရင်း၊

(၂) ပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်းဖြစ်ပါက ထိုသို့ပျက်ကွက်ကြောင်း ခိုင်လုံစွာတင်ပြနိုင်သည့် လုံလောက်သောအထောက်အထား၊

(၃) ဆုကြေးငွေထုတ်ပေးနိုင်ရန်အတွက် တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

* သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်း အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းပြုမည်မဟုတ်ပါ။

* **ချီးမြှင့်မည့် ဆုကြေးငွေပမာဏမှာ-**

(က) ပျက်ကွက်သည့်အခွန်၏ ၁၀၀ရာခိုင်နှုန်းအဖြစ် တပ်ရိုက်သည့်ဒဏ်ငွေ၏ ၁၀ရာခိုင်နှုန်း၊

(ခ) ပျက်ကွက်သည့်အကြိမ်အလိုက် တပ်ရိုက်သည့်ဒဏ်ငွေ၏ ၁၀ရာခိုင်နှုန်း၊

* ချီးမြှင့်သော ဆုကြေးငွေပမာဏသည် ပျက်ကွက်သည့်အခွန်နှင့် အကြိမ်အရေအတွက်အပေါ်မူတည်၍ အနည်းဆုံးပမာဏ ကျပ်နှစ်သောင်းမှ ကျပ်တစ်သိန်းနှင့်အထက် ရရှိနိုင်မည်ဖြစ်ပါသည်။

* နိုင်ငံတော်သို့ ပေးဆောင်ထိုက်သည့်အခွန်ငွေများ အပြည့်အဝကောက်ခံရရှိစေရေးအတွက် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပေးကြသည့် လုပ်ငန်းရှင်ကြီးများနှင့် အခွန်ပေးဆောင်နေကြသည့် ပြည်သူများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

* မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁) (၂) (၃) (၄) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (မန္တလေး) ၆၅လမ်း ၂၂×၂၃ ကြား၊ အောင်မြေသာဇံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ဥတ္တရသီရိအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧက၊ မြေကွက်အမှတ်(ဥ-၃၃၆၇)၊ ဦးဋ္ဌဒ္ဒိလှ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးမြင့်အောင် ၁၂/မဂတ (နိုင်)၀၅၂၀၁၃ (ဘ)ဦးထွန်းခင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၉၂/၂၀၁၉ (၉-၅-၂၀၁၉)တင်ပြ၍ ဦးခင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၂၀၈၆၈ (ဘ)ဦးဘဂျမ်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ပေါင်းလောင်း-၂)၊ မြေကွက်အမှတ် (၄၆၂၄)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးဇော်ဝမ်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးကွန်လက်သဲ (ဘ)ဦးအလန်တူး ၁၂/ဒလန(ပြု) ၀၀၀၇၆၄ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/မြဝတီရပ်)၊ ဦးပိုင်အမှတ် (၇ဃ)၊ ဧရိယာ ၀ ဒသမ ၀၃၂ဧကအား ဦးမျိုးမင်းထက် ၉/တကန(နိုင်)၁၂၈၃၉၀ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၁၈၅/၂၀၁၉)၊ အိမ်ပိုင်းခြံမြေ အရောင်းအဝယ်ကတိစာချုပ်၊ ဘေးပတ်ဝန်းကျင် (၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ တည်ဘိုကန်ရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းဝင်အမှတ် (၁၅၀၀) စတုတ္ထတန်းအောင် မောင်ဝင်းပြည့်စုံအား မောင်ရှိုင်းဝေကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်၊ အလက(၃) သတ္တမတန်း(C) မှ မခိုင်စုစုဟန်၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၁၂/လသယ(နိုင်) ၁၂၄၂၄၈ ဖြစ်ပါကြောင်း။

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့ UHW ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မလင်းလဲ့ဖြူ၏ အမည်မှန်မှာ မလင်းလက်ဖြူ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရာဇာလင်း C.D.C အမှတ် 85236 ၏ P.S.C and RB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၆၉၈၆၆၀၉**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ရှောက်တော အထကကျောင်း နဝမတန်းမှ မဝင်းနှင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ်ဖြစ်ပါကြောင်း။

**ဦးဝင်းဗိုလ်**
**၈/စလန(နိုင်)၀၉၆၆၈၆**

## မိဘအမည်မှန်

ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်၊ နန်းတပ်အုပ်စု၊ ချောင်းကွေ့ရွာနေ နဝမတန်းမှ မဇင်ဖြူမြင့်၏ မိဘအမည်မှန်မှာ ဦးမြင့်အောင် ၅/ပလဘ(နိုင်)၀၈၅၅၂၂ နှင့် ဒေါ်တင်မြိုင် ၅/ပလဘ(နိုင်) ၀၅၇၂၇၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ ငဖြူကလေးကျေးရွာနေ ဦးမောင်ရွှေ၏သား မောင်မျိုးဇော်ကို ၇/သဝတ(နိုင်)၁၂၃၃၃၀၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁၂-၁၉၉၄ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ ထိပ်တန်းပန်းဥယျာဉ် ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မောင်ဝင်းထွန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတူး ၅/မရန(နိုင်)၀၄၃၆၄၁ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ အမက(၆) မူလွန်ကျောင်းမှ ဦးကျော်စွာလင်း၏ သမီး မသက်နှင်းကျော်စွာအား မသုနဒီဆွေဟု ပြောင်းလဲခေါ်ပါရန်။

**မသုနဒီဆွေ**

## ညီမအဖြစ်မှမသက်ဆိုင်ကြောင်း

မုံရွာမြို့၊ မြို့သစ်ရပ်၊ မြို့သစ်ဈေးအနောက်ဘက် (၁၁)လမ်းနေ ဦးဝင်းမော် ၅/မရန(နိုင်)၀၄၄၅၃၉ (ဖြိုးသီရိအမှုန့်ကြိတ်စက်)၏ညီမ မဖြိုးဖြိုးကျော် ၅/မရန(နိုင်)၁၇၈၈၀၂ သည် ညီအစ်ကို၊ မောင်နှမများ၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ညီမအဖြစ်မှ မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးဝင်းမော်နှင့် ညီအစ်ကိုမောင်နှမများ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနှင်းဆီရပ်ကွက်၊ ဘောဂလမ်းနေ မောင်ခိုင်ထူးကျော်၏ ဖခင်အမည်မှန်မှာ ဦးဆန်းလင်းအောင် ၁၂/မဂဒ(နိုင်) ၁၀၅၄၂၄ ဖြစ်ပါကြောင်း။

**ဦးဆန်းလင်းအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ ညောင်ပင်ကြီးကွင်း ကျေးရွာအုပ်စု၊ ရုံးချောင်းကျေးရွာနေ (ဘ) ဦးဖိုးစိန်၏သား ဦးသိန်းအေးနှင့် ဦးကြည်ထွေး ၁၄/အဂပ(နိုင်)၀၉၂၀၃၂မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဟင်္သာတမြို့နယ်၊ အထက(ခ္ဓ) ကျောင်း၊ အဋ္ဌမတန်းမှ မောင်ပြည့်ဖြိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းနိုင်ထွန်း ၁၄/ဟသတ(နိုင်)၂၃၆၀၄၁ ဖြစ်ပါကြောင်း။ **ဦးဆန်းနိုင်ထွန်း**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကျောက်တန်းရွာ၊ အလက(ခွဲ)၊ စတုတ္ထတန်းအောင် မဝင်းလဲ့ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြတ်ထွန်း ၈/မဘန(နိုင်)၀၈၅၄၂၁ ဖြစ်ပါကြောင်း။ **ဦးမြတ်ထွန်း**

## အမည်မှန်နှင့်ဖခင်အမည်မှန်

သထုံမြို့နယ်၊ အမက(လွန်)သရက်တောကျောင်း၊ စတုတ္ထတန်းမှ မအေးမြတ်သူ၏ အမည်မှန်မှာ မအိမြတ်သူ ဖြစ်ပါကြောင်းနှင့် ၄င်း၏ဖခင် ဦးအောင်မြတ်သူ၏ အမည်မှန်မှာ ဦးအောင်သူ ၈/ပမန(နိုင်)၁၄၈၆၄၇ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို သထုံမြို့နယ်၊ အထက(၂)ကျောင်းမှ ခုံအမှတ်(ညသ-၉၁၆)ဖြင့် အောင်မြင်သူ မောင်တိုးလွင်မြင့်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းမြင့် ၁၀/သထန(နိုင်)၀၉၂၁၉၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(သိမ်ဆိပ်)၊ တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းကိုလွင်၏ ဖခင်အမည်မှန်မှာ ဦးမိုးနောင် ၁၀/သထန(နိုင်)၁၅၅၆၈၆ ဖြစ်ပါကြောင်း။

**ဦးမိုးနောင်**

## အမည်မှန်

ဦးသောင်း ၁၃/တကန(နိုင်) ၂၁၅၆၀၈၏သမီး၊ ရန်ကုန်မြို့ အထက(၁) ပုဇွန်တောင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မတင်တင်အေး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရ နန်းတင်တင်အေး ၁၃/တကန(နိုင်)၃၄၅၁၂၇ ဖြစ်ပါကြောင်း။ **နန်းတင်တင်အေး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၃၁၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးအောင်ခင်(ဘ) ဦးထွန်းမောင် ၉/လဝန(နိုင်)၁၀၉၂၄၈ အမည်ပေါက်ပါမစ်မြေကွက်အား ဦးသန်းဦး (ဘ) ဦးခင်ဇော် ၁၂/မဂဒ(နိုင်)၁၀၁၂၈၉ မှ မြေပေးမိန့် (ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

ဘုတ်ပြင်းမြို့၊ အထက(တောင်ဒဂုံ)မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အဋ္ဌမတန်း အောင်မြင်ခဲ့သော မဇင်မာဝင်း၏ မိဘအမည်မှန်မှာ ဦးဝင်းဇော်နှင့် ဒေါ်ဝင်းချို ၆/ဘပန(နိုင်)၀၅၁၉၉၅ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ တပ်ပြင်ရပ်နေ ဦးမြင့်အေးနှင့် ဒေါ်သီသီအေးတို့၏သား မောင်ရဲဘိုဘိုအောင် ၆/မမန(နိုင်)၂၀၇၂၄၉သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကိုပြုလုပ်၍ မိမိသဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးမြင့်အေး-ဒေါ်သီသီအေး**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**၂၀၁၉ခုနှစ် ဇွန် ၁၄ရက်**

## ဝင်ငွေခွန်ကြေညာလွှာ/လစာနှစ်ချုပ်ကြေညာလွှာ/ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ်ကြေညာလွှာ တင်သွင်းရန်(တတိယအကြိမ်)နှိုးဆော်ခြင်း

၁။ **ဝင်ငွေကြေညာလွှာ**

(က) ၂၀၁၈ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၉ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့်နှစ်တစ်နှစ်အတွင်းရရှိသော ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူမည့်ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်း၊ သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ်(လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ) တစ်ဦးချင်းပုဂ္ဂိုလ်တို့စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့်အဖွဲ့အစည်း (သို့မဟုတ်) အသင်းအဖွဲ့တို့သည် ထိုနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏မှတ်ချက်တွင် ဖော်ပြထားသည့်လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်)အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)၊ (၃)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်းလက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

(ခ) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)ရှိ အခွန်ထမ်းများမှအပ ကျန်အခွန်ထမ်းများ၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းများအရ ထားရှိရမည့်စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့် ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

(ဂ) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)ရှိ အခွန်ထမ်းများအနေဖြင့် ကိုယ်တိုင်အခွန်တွက်ချက်စည်းကြပ်၍ ဝင်ငွေကြေညာလွှာများကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် ကြေညာလွှာ၌ဖော်ပြပါရှိသောညွှန်ကြားချက်များကို သေချာစွာဖတ်ရှုလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး နှစ်ချုပ်ရှင်းတမ်းတင်သွင်းရန် မလိုအပ်ပါ။

(ဃ) ဝင်ငွေကြေညာလွှာအား သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ပါက ပေးဆောင်ရမည့် အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၂။ **လစာနှစ်ချုပ် ကြေညာလွှာ**

(က) နှစ်တစ်နှစ်အတွင်း လစာခေါင်းစဉ်တစ်မျိုးတည်းမှသာ ဝင်ငွေရရှိသူများသည် တစ်ဦးချင်း ဝင်ငွေကြေညာလွှာ ပေးပို့ရန် မလိုအပ်ပါ။

(ခ) သို့ရာတွင် အလုပ်ရှင်သည် မိမိဝန်ထမ်းများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်လိုအပ်ပါသည်။

၃။ **ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ် ကြေညာလွှာ**

(က) ၂၀၁၈ ခုနှစ် ဧပြီလ ၁ရက်မှ ၂၀၁၉ ခုနှစ် မတ်လ ၃၁ရက်နေ့အထိ ဖြစ်သည့် နှစ်တစ်နှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်)အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် (နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ (သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ကြေညာလွှာတွင် ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်းဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊
(၂) ကုန်စည်တင်သွင်းခြင်း၊
(၃) ကုန်သွယ်မှုဆောင်ရွက်ခြင်း၊
(၄) ဝန်ဆောင်မှုဆောင်ရွက်ခြင်း။

(ခ) လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသောအချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၄။ **တင်သွင်းရမည့်နောက်ဆုံးရက်**

၂၀၁၉ ခုနှစ် ဇူလိုင် ၁ရက် (တနင်္လာနေ့)

(မှတ်ချက်။ သက်ဆိုင်ရာဥပဒေအရ ပြည်တွင်းအခွန်များဦးစီးဌာနတွင် ကြေညာလွှာ တင်သွင်းရမည့် နောက်ဆုံးရက်ဖြစ်သော ၃၀-၆-၂၀၁၉ ရက်သည် (တနင်္ဂနွေနေ့) ရုံးပိတ်ရက်ဖြစ်ပါသဖြင့် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ အရ ရုံးပြန်ဖွင့်သောရက်ကို သတ်မှတ်ခြင်း ဖြစ်ပါသည်။)

၅။ **ကြေညာလွှာပုံစံရယူရန်**

ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) တို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် http// www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၆။ **စုံစမ်းရန်**

မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**




**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာ၊ အထက မြောင်းတကာ တက္ကသိုလ်ဝင်တန်းမှ မောင်ငြိမ်းချမ်းစည်သူ၏ ဖခင်အမည်မှန်မှာ ဦးမင်းဆွေ ၁၂/မရက(နိုင်) ၀၁၀၈၄၄ ဖြစ်ပါကြောင်း။

**ဦးမင်းဆွေ**

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့ အခြေခံအထက်တန်းဇီးလွန် နဝမတန်း(B)မှ မဇင်မာအောင်၏ ဖခင်အမည်မှန်မှာ ဦးရန်အောင်ထွဋ် ၁၂/ဥကမ (နိုင်)၁၅၅၀၅၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ပန်းယျကွင်း၊ ပန်းယျကျေးရွာအုပ်စု၊ ဝန်ထမ်းကွက်သစ်၊ ကွင်းအမှတ် (၁၃၂၄)၊ ဦးပိုင်အမှတ် (၈၆)၊ အကျယ်အဝန်း ၀ ဒသမ ၀၅၅ဧရိယာရှိ ဦးကျော်သောင်း အမည်ပေါက်မြေကွက်အား လက်ရှိပိုင်ဆိုင်သူ ဦးတင်ဝင်း (ဘ) ဦးလွန်းဆောင် ၉/တတဥ(နိုင်)၀၀၅၄၄၃ မှ အရောင်းအဝယ်စာချုပ် တရားရုံးကျမ်းကျိန်လွှာ၊ မူလမြေငှားဂရန်များဖြင့် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း၊ မှတ်ပုံတင်ခြင်းများဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ဖုန်း-၀၉-၉၅၄၁၈၃၁၈၅၊ ၀၉-၆၉၁၆၀၇၇၃၉**

## Notice Under Section 348 of the Myanmar Companies Law
## SYNERGY HOLIDAYS CO.,LTD
## (In Members' Voluntary Winding -Up)

According to the Special Resolution at the General Meeting held on 11th, June' 2019 at Company's Office Room and it was resolved that:

(1) **SYNERGY HOLIDAYS CO.,LTD** be wound up voluntarily by the members with effect from 11-6-2019.

(2) Be appointed the following persons as liquidators of the Company for the purpose of winding -up.

| **LIQUIDATOR** | **CO-LIQUIDATOR** |
|---|---|
| U YE NOOS (LL.B) | DAW MOE MOE AYE |
| Supreme Court Advocate | (B.Com, Diploma in I.F.R & Business Law) |
| YE NOOS & ASSOCIATES | No.176, (First Floor), Botataung Pagoda |
| (Law Firm) | Road, Pazundaung Township, Yangon Region. Ph: 01-203023, 01-397234~35 |

(3) The creditors of SYNERGY HOLIDAYS CO.,LTD are, therefore, requested to submit their claims together with supporting legal documents to the liquidators at the address given above, latest by 11th, July' 2019.

**DR. AUNG MYAT KYAW**
**Director**
**SYNERGY HOLIDAYS CO., LTD**

# လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေစင်၊ ရွှေပြား၊ သက်န်းတော် ကပ်လှူပူဇော်မှု မဟာကုသိုလ်တော်အောင်ပွဲ ရေစက်ချအလှူမင်္ဂလာ ဖိတ်ကြားလွှာ

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အလှူရှင်များလှူဒါန်းခဲ့သည့် ရွှေစင်၊ ရွှေပြား၊ ရွှေသက်န်းတော်များအား ၁-၁၁-၂၀၁၈ရက်မှ ၂၆-၃-၂၀၁၉ရက်အထိ ရထားပုံဖြင့် ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။ ရွှေသက်န်းအလှူရှင်များအား လှူဒါန်းမှုအစုစုအတွက် ထုတိမင်္ဂလာမှတ်တမ်းလွှာများအခမ်းအနားနှင့် ပြန်လည်ချီးမြှင့်၍ ရွှေတိဂုံသြဝါဒါစရိယ ဆရာတော်ကြီးများနှင့် လစဉ်အနုမောဒနာတရားနှင့် ရေစက်သွန်းချအမျှဝေခဲ့ကြပြီးလည်းဖြစ်ပါသည်။ ယခုအခါ လုံးတော်ပြည့်ရွှေသက်န်းများ ဆက်ကပ်ခြင်းလုပ်ငန်းအောင်မြင်စွာပြီးဆုံး၍ ကုသိုလ်ရှင်အပေါင်း၏ ရွှေသက်န်းတော် ကပ်လှူပူဇော်ခြင်းမဟာကုသိုလ်တော်အောင်ပွဲ ရေစက်ချ အမျှပေးဝေခြင်း မင်္ဂလာအခမ်းအနားကို ၂၀၁၉ ခုနှစ် ဇွန် ၁၇ရက် (တနင်္လာနေ့) ၁၃၈၁ ခုနှစ် နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) နံနက် ၈း၀၀နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မဟာအောင်မြေ၊ ရာဟုထောင့်၊ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁-၁-၂၀၁၅ရက်မှ ၂၀-၃-၂၀၁၉ရက်အထိ လှူဒါန်းခဲ့သည့် ရွှေသက်န်းတော်အလှူရှင်များ ကြွရောက်တရားတော်နာ ရေစက်သွန်းချအမျှပေးဝေနိုင်ပါရန် ဂါရဝတရားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူရှင်စုစုပေါင်း ၁၃၆၉၈ ဦးတို့၏ ထက်သန်သောသဒ္ဓါတရားတို့ကို စနစ်တကျ ဂုဏ်ပြုမှတ်တမ်းတင်ထားရှိကြောင်း ဖော်ပြအပ်ပါသည်။

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့**

**မှတ်ချက်။ သီးခြားဖိတ်စာပေးပို့ခြင်းမရှိပါ။ ယခင်ရွှေသက်န်းတော် အလှူရှင်များလည်း တက်ရောက်နိုင်ပါသည်။**

**ဆက်သွယ်မေးမြန်းရန် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

**ဖုန်း-၀၉-၄၄၃၂၄၄၁၄၇၊ ၀၉-၄၅၅၇၃၅၄၅၄၊ ၀၉-၅၀၂၉၀၅၃၊ ၀၉-၄၂၀၂၄၉၄၃၊ ၀၉-၇၈၆၄၄၁၅၉၄၊ ၀၁-၃၇၅၇၆၇**

---

## အလွန်တန်သောဈေးဖြင့်ရောင်းမည်

သဃ်န်းကျွန်း၊ သုဝဏ္ဏ VIP ၊ ဧယျာသုခလမ်းသွယ်(၃) ထောင့်ကွက် (၁၃၅'×၆၀') ခြံစည်းရိုးခတ်ပြီး ရေ၊ မီး အစုံအလင်ဂိုထောင်ပါသည်။ ကာလရာဖြတ်တန်ဖိုးထက် 70 % လျော့သော 1 sqft-60000 နှုန်း ရောင်းဈေး-၄၉၀၀ သိန်း (အကျိုးဆောင်ခမပါ) ဆက်သွယ်ရန်ဖုန်း-၀၉-၉၆၀၀၆၇၆၆၆၊ ၀၉-၇၉၅၀၂၁၈၈၈

---

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**ရွှေဘိုခရိုင်တရားရုံးတော်**

**၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၄**

ဦးကျော်သောင်း **နှင့်** ဦးစိန်စိန်ထွန်း

**တရားနိုင်** **တရားရှုံး**

ဦးစိန်စိန်ထွန်း၊ အရာခံဗိုလ်၊ အမှတ်(၂)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ရင်း၊ တောင်ငူမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးကျော်သောင်းက ဤရုံးသို့ ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၂၅ တွင် ၃၀-၈-၂၀၁၈ရက်ချမှတ်သောစီရင်ချက်နှင့် ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်းအမိန့်မချသင့်ကြောင်းအကြောင်းပြရန် ၂၀၁၉ခုနှစ် ဇူလိုင် ၈ရက် (၁၃၈၁ခုနှစ် ဝါဆိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၉ခုနှစ် ဇွန် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီထူး)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

---

## အများသိစေရန်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်နေ ဒေါ်ဝဒုခါးတောမ်၊ ၁/မကန(နိုင်)၀၉၆၈၅၉ သည် တပ်ကုန်းရပ်ကွက်၊ အကွက်/အမည် ၁၄ တပ်ကုန်း N၊ ဦးပိုင်အမှတ် ၃၄၀/၂၊ မြေဧရိယာ (၈၅'×၁၀၀')ကို မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်အမည်ပေါက်သော အိမ်ခြံမြေကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ၁၁-၆-၂၀၁၉ ရက်မှ ၁၈-၆-၂၀၁၉ ရက်ထိတိုင် ကန့်ကွက်လျှောက်ထားနိုင်ကြောင်း သိစေအပ်ပါသည်။

**အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအင်ဂျိုင်းလနူး(LL.B) အထက်တန်းရှေ့နေ**
**စဉ်-၃၀၇၇၈**
**၂-၆-၂၀၀၉**
**အမှတ်(၁၀၉)၊ ယုဇနရပ်ကွက်**
**မြစ်ကြီးနားမြို့**

---

## ကူမဲမြို့ တောက်ပရစ်ဆုတောင်းပြည့် ဗုဒ္ဓပူဇနိယဝါဆိုဘုရားပွဲတော်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့ ကျက်သရေဆောင် သမိုင်းဝင်တောက်ပရစ်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယဝါဆိုဘုရားပွဲတော်ကြီးကို ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက် (၂၆-၇-၂၀၁၉)ရက်မှ ၁၃၈၁ခုနှစ် ဝါခေါင်လဆန်း ၄ရက် (၄-၈-၂၀၁၉)ရက်အထိ ၁၀ရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ပါ၍ အနီး/အဝေးဆိုင်ဟောင်းဈေးသည်များကို ၁၃၈၁ခုနှစ် ဝါဆိုလဆန်း ၁၄ ရက် (၁၅-၇-၂၀၁၉)ရက်မှစ၍ ဝါဆိုလပြည့်ကျော် ၂ရက် (၁၈-၇-၂၀၁၉)ရက် ညနေ ၄း၀၀နာရီအထိ နောက်ဆုံးထား၍ ဂေါပကရုံးခန်းတွင် ရောင်းချသွားမည်ဖြစ်ပါသည်။ ယာယီဈေးသည်အသစ်များကို ဝါဆိုလပြည့်ကျော် ၃ရက်(၁၉-၇-၂၀၁၉)ရက် နံနက် ၈း၀၀ နာရီမှစတင်၍ ဦးရာစနစ်ဖြင့် ဂေါပကရုံးခန်းတွင် ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**တောက်ပရစ်စေတီတော်ဂေါပကအဖွဲ့**

---

**အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၅**
**ကွယ်လွန်သူ ဦးတင်ဝင်း၏ ကျန်ရစ်ခဲ့သောပစ္စည်းများအား**
**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ အရ**
**ဆောင်ရွက်ခွင့်ပြုရန်လျှောက်ထားချက်**

၁။ ဦးမြင့်သန်း **လျှောက်ထားသူများ။**
၂။ ဒေါ်စန်းစန်းဝေ

အမှတ်(၄၂၂/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးမြင့်သန်းနှင့် ဒေါ်စန်းစန်းဝေတို့က ကွယ်လွန်သူ ဦးတင်ဝင်း၏ညီ၊ ညီမအရင်းဖြစ်သည်ဟူ၍ အထက်နေရပ်လိပ်စာနေ ၎င်းကွယ်လွန်သူ ဦးတင်ဝင်းမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေ ၃၀၇အရ စီမံခွင့်ရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးတင်ဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၉ ခုနှစ် ဇွန် ၂၇ရက် (၁၃၈၁ ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက်) နံနက် ၁၀း၀၀ နာရီတွင်လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးမြင့်သန်းနှင့် ဒေါ်စန်းစန်းဝေတို့၏ လျှောက်ထားချက်ကို ကြားနာ၍စီမံခွင့်ရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နုနုခင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ရွှေဘိုမြို့၊ မော်စောမြင်သာမြို့ထောင့်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်ဂန္ဓကုဋီတိုက်ကြီး၏ နံရံ (၃)ဘက်နှင့် မျက်နှာကြက်ရွှေချခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါတင်သွင်းရမည့်ရက်** | - ၁၅-၆-၂၀၁၉ ရက် နံနက် ၉း၀၀ နာရီ |
| **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** | - ၂၅-၆-၂၀၁၉ ရက် ညနေ ၄း၀၀နာရီ |
| **တင်ဒါဖွင့်ဖောက်မည့်ရက်** | - ၂၇-၆-၂၀၁၉ ရက် မွန်းတည့် ၁၂း၀၀ နာရီ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - မော်စောမြင်သာမြို့ထောင့်စေတီတော်၊ ဂေါပကအဖွဲ့ရုံး |

**ဂေါပကအဖွဲ့**
**မော်စောမြင်သာမြို့ထောင့်စေတီတော်**
**ရွှေဘိုမြို့**

---

## မိဘ အမည်မှန်

တနိုင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (C)မှ မကျခေ့ါခေါန်ဂျာ၊ အထက(၂)၊ အဋ္ဌမတန်း (C)မှ မကျခေ့ါဂျာဖရော်မိုင်၊ ဆဋ္ဌမတန်း (A)မှ မောင်ကျခေ့ါဇော်ခွန်းအောင်နှင့် ပထမတန်း (C) မှ မောင်ဆွတ်ဂျက်အောင်တို့၏မိဘအမည်မှန်မှာ ဦးကျခေ့ါဂမ် ၁/တနန(နိုင်)၀၂၁၁၁၈ နှင့် ဒေါ်ဒရိုန် အောန်ဂျာလု ၁/တနန(နိုင်)၀၁၅၀၈၃ ဖြစ်ပါကြောင်း။

---

## အမည်မှန်နှင့်မွေးသက္ကရာဇ်

တနိုင်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (B) မှ မဆိုင်းဘူထု၏ အမည်မှန်မှာ မဂျာဆိုင်းဘူနှင့် မွေးသက္ကရာဇ်အမှန်မှာ ၅-၉-၂၀၀၃ ဖြစ်ပါကြောင်း။

---

## အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၄)၊ ဒုတိယတန်း (C) မှ (ဘ) ဦးကျော်ကျော်နိုင်၏သား မောင်ထက်နေယံဦး၏ အမည်မှန်မှာ မောင်ထက်မြက်အောင် ဖြစ်ပါကြောင်း။

---

## အမည်မှန်

ဦးပြုံး၏သမီး မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့ ရွှေပညာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဆုမြတ်ဖြိုး၏ အမည်မှန်မှာ မစုမြတ်ဖြိုး ဖြစ်ပါကြောင်း။

**မစုမြတ်ဖြိုး**

---

## မိဘအမည်မှန်

တနိုင်းမြို့နယ်၊ အထက(ခွဲ) တရုံကျောင်း၊ စတုတ္ထတန်းမှ မဧပြီဆိုင်းနူးပန်နှင့် ပထမတန်းမှ မလုလုအောင်တို့၏ မိဘအမည်မှန်မှာ ဦးအောန်နော် ၁/တနန(နိုင်)၀၀၅၄၈၂ နှင့် ဒေါ်ဂျာခေါင်ကော့ ၁/တနန(နိုင်)၀၀၅၆၈၅ ဖြစ်ပါကြောင်း။

---

## မိခင်အမည်မှန်

ရေဦးမြို့နယ်၊ အောင်ကဲ့ဇင် အထကမှ မပြည့်ပြည့်ခိုင် (အဋ္ဌမတန်း)၊ မပြည့်ပြည့်လှိုင် (တတိယတန်း)တို့၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေမြင့် ၅/ရဥန(နိုင်)၀၅၀၀၆၇ ဖြစ်ပါကြောင်း။

**ဒေါ်ဆွေမြင့်**

---

## ဖခင်အမည်မှန်

မြစ်သားမြို့၊ Future Rays ကိုယ်ပိုင်အထက်တန်းကျောင်းမှ မခိုင်စပယ်ဝင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဒါမဘိုင် ၉/ကဆန(နိုင်) ၀၉၈၃၂၁ ဖြစ်ပါကြောင်း။

**ဦးဒါမဘိုင်**

---

## ဖခင်အမည်မှန်

တနိုင်းမြို့နယ်၊ အထက(ခွဲ) တရုံကျောင်း၊ ပထမတန်းမှ မသင်းသင်းအေး၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းထွန်း ၉/လဝန(နိုင်)၁၇၄၀၈၃ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မစုနိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းအောင် ၅/ရဥန(နိုင်) ၀၆၀၈၄၈ ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်းအောင်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၄၃၄၁၄ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူစိုး ၉/မထလ(နိုင်) ၂၄၆၅၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

---

## ဖခင်အမည်မှန်

တနိုင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (C)မှ မောင်ပြည့်စုံအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြိုင် ၈/ပခက(နိုင်)၂၈၀၈၀၈ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့ ဘောဂကျေးရွာ အထက (၃) ပဉ္စမတန်းမှ မောင်ဝေလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလွင် ၉/ပသက(နိုင်)၁၀၀၉၃၁ ဖြစ်ပါကြောင်း။




မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်(အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
မညွှန့် 01-2339310
01-2339355
01-578044
01-570721

အောင်ကမ္ဘာ
(အိမ်၊ခြံ၊မြေ) ရောင်းဝယ်ရေး
ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း) ရှေ့ပေါက် မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096144
09-450096155

ဝင်ငွေကောင်းအဆင့်မြင့်တည်းခိုခန်းရောင်းမည်
အခန်း၂၂ခန်း၊ RC ၃ထပ်၊ ပေ၄၀×ပေ၆၀၊ ဒလမြို့နယ်၊ ဗိုလ်ချုပ်ဝလမ်း၊ ညှိနိုင်းဈေး (သိန်း၅၅၀၀)
0943021001 (တိုက်ရိုက်အဝယ်များဆက်သွယ်ရန်)
0943081013 (အကျိုးဆောင်များဆက်သွယ်ရန်)

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594


## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ မြို့မရပ်၊ မြို့အကွက် ၁၉၊ မြို့မ အရှေ့၊ ဦးပိုင်အမှတ် (၁၆၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၉၈ကေရှိ ဒေါ်သန်းတင် အမည်ပေါက်ဂရန်အား ဦးအားဂူ အမည်ပြောင်း/တိုးလျှောက်ထားလာပါသည်။ ဤလျှောက်ထားမှုအပေါ် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားစုံလင်စွာနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအားဂူ**
**၁၃/တယန(နိုင်)၀၁၈၉၇၆၊ ဖုန်း-၀၉-၂၅၈၂၀၆၁၈၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၉၁၃၅၇ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၉/ခမစ(နိုင်)၀၃၉၃၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၇၂၅ Anbo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျ ၉/မရတ(နိုင်)၁၂၄၂၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/8776 ISUZU NPR81G L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးငွေးလွင် ၅/စကန(နိုင်)၀၁၆၂၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## CLQ Systems Company Limited ကုမ္ပဏီ ဖျက်သိမ်းခြင်းအား အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(ဟ-၁၅)၊ အမှတ် (၄၂)၊ ၇၄လမ်း နှင့် ကျန်စစ်သားလမ်းထောင့်ရှိ CLQ Systems Company Limited ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ MR Parth Krishna ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

၁၅-၈-၂၀၁၈ ရက်တွင်စတင်ဖွဲ့စည်းတည်ထောင်ထားသည့် CLQ Systems Company Limited အနေဖြင့် ယခုအချိန်အတွင်း မူလရည်မှန်းထားသည့် လုပ်ငန်းများအား အကြောင်းအမျိုးမျိုးကြောင့် မလုပ်တော့ပါသဖြင့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါ၍ ကုမ္ပဏီနှင့်ပတ်သက်ပြီး ရရန်/ပေးရန်ရှိသူများအနေဖြင့် ယခုသတင်းစာကြေညာပါသည့်ရက်မှ ၁၅ရက်အတွင်း ကုမ္ပဏီထံသို့လာရောက်တောင်းဆိုဖြေရှင်းနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် လာရောက်ဆက်သွယ် ဖြေရှင်းနိုင်ခြင်းမရှိပါက ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ဘဲ ကုမ္ပဏီကို ဥပဒေနှင့်အညီ ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဦးအောင်မြင့်) တရားလွှတ်တော်ရှေ့နေ၏ တပည့်များ**

| ဦးနေဝင်းသန့် | ဦးမြင့်ဝင်း | ဦးချစ်ညီညီ |
|---|---|---|
| စဉ်-၈၀၃၇ (LL.M) | စဉ်-၁၀၂၉၀ (LL.B) | စဉ်-၄၄၂၉ (LL.B) |

**အမှတ်(၂၂၁)၊ ၆၃လမ်း၊ ၂၆×၂၇လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၄၀၃၃၉၉၀၊ ၀၉-၂၀၀၀၂၆၁၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၂၀၁၄၉၃၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6492 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/8895 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/79943 Kenbo 125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှပန် ၁/ရကန(နိုင်)၀၆၁၄၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L-4464 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/8149 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၁၃၁၃၁ Jialing90,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကိုငွေး ၉/မနတ(နိုင်)၀၀၅၃၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အမည်ပြောင်း

ဦးစိုးမင်းဦး၏သား မြိတ်မြို့၊ အလက-၉ (ဘုရားကိုင်) ကျောင်း၊ စတုတ္ထတန်း(ခ)မှ မောင်ရဲရင့်အောင်အား ယနေ့မှစ၍ မောင်အောင်ကိုဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ကိုဖြိုး**

## မိခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ အထက(မြန်မာပအော့) ဆဋ္ဌမတန်းမှ မောင်ညီညီဝင်း၊ ဒုတိယတန်းမှ မောင်သူရရှိန်နှင့် မောင်သီဟမင်းတို့၏ မိခင် ဒေါ်မီဝင်း၏ အမည်မှန်မှာ ဒေါ်နွဲ့ဝင်း ၆/သရခ(နိုင်)၀၈၅၂၈၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၈၉၃၅၀ Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ New Drive Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/37022 KENBO-110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒွန်ကွေးဂျင် (ခ) မိုးမိုးအောင် ၁၃/လရန(နိုင်)၀၅၄၃၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၃၁၂၇၆ Honda Wave NF -100C ယာဉ်လက်ဝယ်ရှိသူ ဦးဗညား ၈/မကန(နိုင်)၁၃၁၄၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၉ယ/၁၀၅၆၇ dayang -125 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၉/မခန(နိုင်) ၀၂၈၉၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ဖခင်အမည်မှန်နှင့် အမည်မှန်

မြိတ်မြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းရန်လင်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးခင်မောင်ဆန်း ၆/သရခ(နိုင်)၀၃၈၁၁၆ ဖြစ်ပြီး ဦးခင်မောင်ဆန်း၏သား မောင်ကောင်းရန်လင်း၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ကောင်းယံလင်းဖြစ်ပါကြောင်း။

**ဦးခင်မောင်ဆန်း၊**
**မောင်ကောင်းယံလင်း**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ အထက(မြန်မာပအော့) စတုတ္ထတန်းမှ မအေးဖြူမွှေး၏ ဖခင် ဦးမြင့်စိန်၏အမည်မှန်မှာ ဦးမြင့်ရှိန် ၆/သရခ(နိုင်)၀၅၃၇၃၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၅၉၃၃ Honda Click -125,M/C ယာဉ်လက်ဝယ်ရှိသူ Shwe Khine Soe Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/8667 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/2867 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့၊ ပွဲကြိုရပ်၊ နတ်မောက်လမ်း၊ အမှတ် (၃/ခ)နေ ကျွန်တော် ဦးစိုးလွင် ၈/မကန(နိုင်)၀၂၂၉၇၇နှင့် ကျွန်မ ဒေါ်သန်းသန်းအေး ၈/မကန(နိုင်)၀၂၂၉၇၈တို့၏သမီး မစိုးနန္ဒာထိုက်(ခ) မီးငယ် ၈/မကန(နိုင်)၂၀၇၅၀၃သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက်ပြုမူနေထိုင်သည့်အပြင် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၁၁-၆-၂၀၁၉ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဖခင် ဦးစိုးလွင်-မိခင် ဒေါ်သန်းသန်းအေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မာန်အောင်မြို့နယ်၊ မောင်းမကန်ကျေးရွာအုပ်စု၊ မောင်းမကန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ စတုတ္ထတန်းအောင်မြင်သူ မောင်သက်စိုးပိုင်၏ ဖခင် ဦးစိန်ဘီလူး (ခ) ဦးခင်မောင်ဝင်း ၁၁/မအန(နိုင်)၀၇၀၂၂၀ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်ဘီလူး(ခ)ဦးခင်မောင်ဝင်း**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အထက(၁)ထားဝယ်၊ တက္ကသိုလ်ဝင်တန်းမှ မအေးမြတ်မြတ်ဆွေ၏ ဖခင် ဦးကျော်ဆွေ၏အမည်မှန်မှာ ဦးကျော်ရွှေ ၆/လလန(နိုင်)၀၆၈၃၄၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ တိုက်အမှတ် (၁၀၁-ဘီ)၊ အခန်းအမှတ် (၂၀၂)၊ (၂၀၃)ကို ဦးသာခင် (ISN-၃၉၄၂၃၄) (ရှန်ဟဲကုမ္ပဏီ)ထံမှ ဝယ်ယူထားသူ ဒေါက်တာစိန်ရွှေ ၁၂/လမတ(နိုင်)၀၂၈၇၂၄ တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစတင်၍ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြောင်းပုလဲရပ်၊ အထက (၆) ထားဝယ်၊ တက္ကသိုလ်ဝင်တန်း (ဂ)မှ မောင်ခန့်နိုင်းနိုင်း၏ဖခင် ဦးအောင်ဝင်းနှင့် ဦးမောင်ဝင်း ၆/ထဝန(နိုင်)၀၉၀၂၆၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/4340 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း ၁၂/သလန(နိုင်)၁၁၇၈၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)၊ ရွှေဘိုမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/6667 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖိလစ်ပိုင်လေတပ်ဦးစီးချုပ်နှင့် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့အား သီးခြားစီ လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖိလစ်ပိုင်လေတပ်ဦးစီးချုပ် **Lt. Gen. Rozzano D Briguez AFP** အား လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် ဇွန် ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖိလစ်ပိုင်လေတပ်ဦးစီးချုပ် Lt. Gen. Rozzano D Briguez AFP အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး၊ လေတပ်ဆိုင်ရာ အတွေ့အကြုံများနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ရေး၊ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးအတွက် အဆင့်အလိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Eamon Gilmore အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိနှိုင်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## အဆင့်မြှင့်တင်တည်ဆောက်နေသည့် ကန္ဒာရဝတီတံတား စက်တင်ဘာလကုန်တွင် စတင်အသုံးပြုနိုင်မည်

စာ » ၁၁

## တရုတ်နိုင်ငံတွင် အလုပ်ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်အမျိုးသားနှင့် ပေါင်းသင်းရန် ပို့ဆောင်သူနှစ်ဦးအား အရေးယူထား

စာ » ၁၃

## အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေး မျှော်လင့်ချက်နဲ့ ဂျပန်ဝန်ကြီးချုပ်၏ အီရန်ခရီးစဉ်

စာ » ၁၅

# ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ဇွန် ၁၅ ရက် စတင်ကျင်းပမည်

**ရန်ကုန် ဇွန် ၁၃**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ကို ဇွန် ၁၅ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ဒုတိယအကျော့အဖွင့်ပွဲတွင် ဇယားထိပ်ပိုင်းမှ ဟံသာဝတီနှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး ရှမ်းယူနိုက်တက်၊ ရန်ကုန် စသည့်အသင်းကြီးများမှာ အိမ်ကွင်းကစားရမည်ဖြစ်သည်။

ဒုတိယအကျော့ အဖွင့်ပွဲဖြစ်သည့် ပွဲစဉ်(၁၂)အဖြစ် ဇွန် ၁၅ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Chinland အသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရတနာပုံအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် စစ်ကိုင်းအသင်း၊ ဇွန် ၁၆ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကျော့ပွဲအားလုံးကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်ပြီး ယခုပွဲမှာ ၂၀၁၉ ရာသီ၏ ပထမဆုံးအိမ်ကွင်းပွဲလည်း ဖြစ်သည်။



ပထမအကျော့တွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ-စိုးညွန့်

ပထမအကျော့အပြီး အနေအထားအရ ချန်ပီယံဆုအတွက် ခုနစ်သင်း၊ တန်းဆင်းနှစ်နေရာအတွက် ငါးသင်းအပြိုင်ဖြစ်နေပြီး ဒုတိယအကျော့ပွဲများမှာ ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်ဖွယ်ရှိနေသည်။ ချန်ပီယံဆု မျှော်လင့်နိုင်သည့် အသင်းများအနက် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့မှာ အိမ်ကွင်းကစားရမည်ဖြစ်သောကြောင့် နိုင်ပွဲရယူနိုင်ဖွယ်ရှိနေပြီး ဟံသာဝတီနှင့် ရတနာပုံပွဲမှာ ယခုတစ်ပတ်၏ အကောင်းဆုံးပွဲ ဖြစ်လာနိုင်သည်။ ရာသီဝက် အပြောင်းအရွှေ့ကာလတွင်ကစားသမားသစ်များစွာ ခေါ်ယူထားသည့် ဇွဲကပင်အသင်းနှင့် ပထမအကျော့တွင် *စာမျက်နှာ ၁၂ ကော်လံ ၅* ❖


